# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၄ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆) ၊ အမှတ် (၁၇၅)


# စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ အမြန်ဆုံးတိုးတက်လာအောင် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

**နေပြည်တော် မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ဂျပန်နိုင်ငံက မီးငြိမ်းသတ်ယာဉ်လေးစီးအတွက် အမေရိကန်ဒေါ်လာ ၁၈၃၆၉ ဒေါ်လာ လှူဒါန်း

စာ » ၁၂

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဆက်လက်ကျင်းပ

စာ » ၃






မြန်မာ့အလင်း

# လူမှုဘဝအရည်အသွေးမြင့် မြို့တော်များ

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၁၀ ပုံ တစ်ပုံကျော်နေထိုင်ရာ မြို့ကြီးလည်းဖြစ်သည်။ ရန်ကုန်မြို့သည် နေပြည်တော် မပေါ်ပေါက်မီအထိ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ကာ ပင်လယ်ထွက်ပေါက် ရှိရာ ဆိပ်ကမ်းမြို့ကြီးလည်း ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့၏ စီးပွားရေး၊ လူမှုရေးအတက်အကျသည် မြန်မာတစ်နိုင်ငံလုံး၏ အခြေအနေကို ကိုယ်စားပြုထင်ဟပ်နေသကဲ့သို့ပင် ယူဆနိုင်ပါသည်။

ယခုအစိုးရလက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် ရေးဆွဲထားသော မြို့ပြဖွံ့ဖြိုးမှုမဟာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၏ ကြီးကြပ်လမ်းညွှန်မှုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိသည်ကို သိရသည်။ ယင်းဖွံ့ဖြိုးမှုမဟာစီမံကိန်းအရ ဂျပန်နိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်ပိုရေးရှင်းနှင့် ပူးပေါင်းပြီး ရန်ကုန်မြို့ပြဖွံ့ဖြိုးမှု မဟာဗျူဟာစီမံကိန်းနှင့် မြို့ပြသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းပြီး ရန်ကုန်၊ ဟံသာဝတီ၊ ပဲခူးစကြံတစ်လျှောက် ရန်ကုန်အနောက်တောင်ဒေသ ဖွံ့ဖြိုးမှုစီမံကိန်း၊ ပြင်သစ်နိုင်ငံ (**Agency for French Development**) ကလည်း ပူးပေါင်းပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မြစ်ကမ်းပိုင်း ငမိုးရိပ်ချောင်းနှင့် ဆက်စပ်နေသည့် မြို့ပြယဉ်ကျေးမှုနှင့် အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးမဟာဗျူဟာစီမံကိန်းများကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ ဗြိတိန်မှ **Department of International Development** ကလည်း ရန်ကုန်မြို့တော် စက်မှုဇုန် ၂၉ ခုကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရပါသည်။

လက်တွေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ အားကြိုးမာန်တက်ဆောင်ရွက်မှုများကို တွေ့မြင်နေကြရပါသည်။ အခြေခံအားဖြင့် နိုင်ငံရေးတည်ငြိမ်မှုရှိနေသည့်အောက်တွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ မြို့တော်တစ်ခု၏ လူမှုဘဝအရည်အသွေးမည်မျှရှိသည်ဆိုသည်ကို တိုင်းတာကြရမည်ဖြစ်ပါသည်။ မြို့တော်တစ်ခု၏ အခြေခံအဆောက်အအုံ မည်မျှကောင်းမွန်သနည်း၊ နိုင်ငံတကာကုမ္ပဏီများ၊ နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် မြို့တော်မြူနီစီပယ်များ၏ ယှဉ်ပြိုင်နိုင်သော စွမ်းရည်သာလွန်မှုမည်မျှရှိသနည်း၊ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်မှု၊ စားသုံးကုန်ပစ္စည်းများ အပြည့်အဝရရှိနိုင်မှု၊ နေအိမ်အဆောက်အအုံ အရည်အသွေးမြင့်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းနည်းပါးမှု စသည်တို့က မြို့ကြီးတစ်မြို့၏ အရည်အသွေးမြင့်မားမှုကို အကဲဖြတ်ရာတွင် အသုံးပြုသောစံညွှန်းများဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းနှင့် နိုင်ငံတကာသို့ ဆက်သွယ်ရေးအဆင်ပြေမှု၊ မြို့တွင်းသွားလာရေးအဆင်ပြေမှု၊ လျှပ်စစ်မီး၊ ရေကောင်းရေသန့်ရရှိမှု စသည်တို့သည်လည်း အရေးကြီးလိုအပ်ချက်များ ဖြစ်သည်။

ထိုစံချိန်များအရ ကမ္ဘာ့မြို့ကြီး ၂၃၁ မြို့ကို အကဲဖြတ်ရာတွင် ထိပ်ဆုံး ၁၀ မြို့မှာ ဥရောပရှိ ဇူးရစ်၊ မြူးနစ်၊ ဖရင့်ဖတ်၊ ဂျီနီဗာ၊ ကိုပင်ဟေဂင်၊ ဘရပ်ဆဲလ် စသောမြို့များဖြစ်ပြီး ဥရောပမဟုတ်သော မြို့ကြီးများတွင် နယူးဇီလန်မှ နတ်လင်းနှင့် ကနေဒါမှ ဗင်ကူးဗားမြို့များသာ ပါဝင်သည်။ အာရှတွင် စင်ကာပူသည် အဆင့် ၂၅ ဖြင့် ထိပ်ဆုံးတွင်ရှိနေသည်။ ထိပ်ဆုံးမြို့ကြီး ၆၀ တွင် ဂျပန်မှ တိုကျို၊ ကိုဘေး၊ ယိုကိုဟားမား၊ အိုဆာကာ စသောမြို့များ ပါဝင်နေပါသည်။ အရှေ့တောင်အာရှအတွက်ဆိုလျှင် ဗန်ကောက်အဆင့် ၁၃၁၊ မနီလာ ၁၃၅၊ ဂျကာတာ ၁၄၃ စသည်ဖြင့်ရှိကြပြီး တရုတ်နိုင်ငံမှ ရှန်ဟိုင်း ၁၀၂ နှင့် ပေကျင်း ၁၁၉ အသီးသီးရှိကြသည်ကို သိရသည်။ အနိမ့်ကျဆုံးမြို့တော်များမှာ အီရတ်မြို့တော် ဘဂ္ဂဒက်၊ ဆီးရီးယားမြို့တော် ဒမတ်စကတ်၊ ယီမင်မြို့တော် ဆန်နာအာ၊ ဆူဒန်မြို့တော် ခါတွန်းစသည်ဖြင့် ရှိကြသည်ကို တွေ့ရပါသည်။

အခြားသော အချက်များအဖြစ် မြို့ကြီးတစ်မြို့၏ အရည်အသွေး၊ အဆင့်အတန်းကို သတ်မှတ်ရာတွင် အစားအသောက်၊ ယဉ်ကျေးမှုအစဉ်အလာများ၊ ပြတိုက်များ၊ ပြဇာတ်ရုံများ စသည်တို့လည်း ပါဝင်ရာ ရန်ကုန်မြို့ကိုလည်း အထက်ပါစံချိန်စံညွှန်းများဖြင့် ပြည့်စုံလာအောင် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ လတ်တလောတွင်မူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် သွားလာဆက်သွယ်မှု လွယ်ကူစေရေး၊ ရေ၊ မီး အဆက်မပြတ် ရရှိရေးနှင့် အခြားအခြေခံအဆောက်အအုံများကိုသာ ဦးစားပေးလုပ်ကိုင်နေရခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော ဂျပန်၊ တောင်ကိုရီးယား၊ ဗြိတိန်တို့၏ အကူအညီ စီမံကိန်းများအပြင် ပြည်သူများသည် တိုင်းမြို့တော်အင်္ဂါရပ်နှင့် ညီညွတ်သော အဆင့်အတန်း၊ အရည်အသွေးမီသော၊ မြို့တော်နှင့်ကိုက်ညီသော စိတ်နေစိတ်ထားများလည်း လိုအပ်ပါသည်။ ဥရောပမြို့တော်များ ကမ္ဘာ့ထိပ်ဆုံးနေရာတွင် ရှိနေခြင်းမှာ စီးပွားရေး၊ နိုင်ငံရေးတည်ငြိမ်မှု၊ အစိုးရများ၏ ဆောင်ရွက်မှု အမြော်အမြင်များအပြင် လူထု၏ ပါဝင်ပူးပေါင်းမှုကပါ အဓိကနေရာမှ ပါဝင်နေကြောင်း တွေ့မြင်ရပါသည်။ ရန်ကုန်မြို့ကိုလည်း မကြာမီကာလအတွင်း အာဆီယံအတွင်း အဆင့်မနိမ့်သော မြို့တော်တစ်ခုအဖြစ် မြင်တွေ့လာရစရာရှိပါကြောင်း တင်ပြရပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ရေရှည်တည်တံ့ကောင်းမွန်သည့် စိုက်ပျိုးမြေများရရှိနိုင်မှုတို့ကို သိရှိနိုင်စေရန် သင်တန်းဖွင့်

**နေပြည်တော် မတ် ၂၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဆရာဆရာမများအား JICA က ထောက်ပံ့ထားသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ အသုံးပြုမှု ပိုမိုကျွမ်းကျင်လာစေရန် ရည်ရွယ်၍ ဓာတ်ခွဲခန်းသုံးပစ္စည်းများ စနစ်တကျ ကိုင်တွယ်အသုံးချခြင်း သင်တန်း “Training Course on Analytical Chemistry and Soil Microbiology”ကို မတ် ၂၀ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်ရာ ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



သင်တန်းတွင် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ် (Tokyo University of Agriculture and Technology) မှ ကျွမ်းကျင်ပညာရှင် ပါမောက္ခ Dr. Toyota က မတ် ၂၀ ရက်မှ ၃၀ ရက်အထိ ပို့ချမည်ဖြစ်သည်။

“သင်တန်းတွင် ထူးခြားတာက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လိုဓာတ်ငွေ့တွေကို Thermal Conductivity Detector (TCD) နည်းလမ်းနဲ့ မီသိန်းဓာတ်ငွေ့ကို Flame Ionization Detector (FID) နည်းလမ်းတွေသုံးပြီး Gas Cromatogr - aphy နဲ့ ဘယ်လို တိုင်းတာရမလဲဆိုတာတွေ သင်ကြားပေးသွားမှာပါ။ သင်တန်းမှာ ပို့ချမယ့်အကြောင်းအရာတွေကတော့ မြေနမူနာ မည်သို့ယူ၍ မည်သို့ပြင်ဆင်ကာ မီသိန်းဓာတ်ငွေ့ကို တိုင်းတာခြင်း၊ TCD-GC နည်းလမ်းနဲ့ basal respiration စမ်းသပ်ခြင်း၊ အင်ဇိုင်းတွေရဲ့ဆောင်ရွက်ချက်တွေကို Spectro- photometer နဲ့ တိုင်းတာခြင်း စသည်တို့ကို ရက်အလိုက်တိုင်းတာခြင်း day by day measure- ment ပုံစံတွေနဲ့ သင်ကြားပို့ချသွားမှာဖြစ်ပါတယ်”ဟု ကထိက ဆရာမတစ်ဦးက ပြောသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

**တနင်္သာရီ မတ် ၂၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ရန်ပုံငွေဖြင့် တနင်္သာရီမြို့အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး လျှပ်စစ်ဓာတ်အား လုံလောက်မှုတစွာရရှိစေရန်အတွက် မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်အတွင်း ထရန်စဖော်မာသုံးလုံး တပ်ဆင်ခြင်းနှင့် မိုးကြိုးလွှဲများတပ်ဆင်ပေးခြင်းလုပ်ငန်းကို မတ် ၂၀ ရက်မှစ၍ မတ် ၂၃ရက်အထိ ဆောင်ရွက်ရာ ချောင်းကြီးရပ်ကွက် ကျန်းမာရေးလမ်း (ပြည်သူ့ဆေးရုံအနီး)၌ တစ်ခု၊ ရုံးတောင်လမ်း(လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနရုံးအနီး)၌ တစ်ခုနှင့် ချောင်းငယ်ရပ်ကွက်၊သီတာလမ်း(မြို့နယ်ပြန်/ဆက် ဦးစီးဌာနအနီး)၌ တစ်ခု စုစုပေါင်း ထရန်စဖော်မာသုံးခုကို ကွန်ကရစ်ဓာတ်တိုင်ဖြင့် တပ်ဆင်ပေးပြီး မီးဘေးအန္တရာယ်ကင်းဝေးစေရန် မိုးကြိုးလွှဲများတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၃-၃-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ | ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၂ | ·၄၄ |
| ထိုင်း | တစ်ဘတ် | ၃၉ | ·၅၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၈၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ | ·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ | ·၆၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

❁ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဖေဇင်ထွန်း၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးမြှုပ်နှံမှုပြုလုပ်**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ဂရုစိုက်ရန်လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပါက အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးသည် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း အဆိုပါနေရာများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပိုပြီးစိတ်အားထက်သန်ကြမည်ဖြစ်ပါကြောင်း။

**ဗဟိုနှင့်ညှိနှိုင်းရန် အရေးကြီး**

စစ်ကိုင်းတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ နှစ်ဖက်စလုံးတွင် အားနည်းနေပါကြောင်း၊ မည်သည့်အတွက်ကြောင့် အားနည်းနေသည်ကို မိမိတို့ဆန်းစစ်ရန်လိုပါကြောင်း၊ ဤသို့ဖြစ်ရသည်မှာ စီမံသည့်ဘက်တွင် အားနည်းခြင်း သို့မဟုတ် အကောင်အထည်ဖော်သည့်ဘက်တွင် အားနည်းခြင်း ဖြစ်နေသည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဗဟိုနှင့်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

**ဖြည့်ဆည်းပေးနိုင်မည်**

အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက နောက်ကျနေခြင်းသည် မသင့်တော်ပါကြောင်း၊ ဗဟိုဘက်ကလည်း အတတ်နိုင်ဆုံးကူညီမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရဘက်ကလည်း တတ်နိုင်သမျှ တာဝန်ယူပြီး မည်သည့်နေရာများတွင် မည်သည့်အရာများလိုအပ်သည်၊ မည်သို့အကောင်အထည်ဖော်မည်၊ စီမံကိန်းများသည် မည်မျှအထိ အောင်မြင်သည်ဆိုသည်ကို သိရန်လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် လိုအပ်သလို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**စီမံကိန်းရေးဆွဲ**

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ လိုအပ်ချက်နှင့် အခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်ရန် စီစဉ်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဦးစားပေးကဏ္ဍ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်ရေးအတွက် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းနှင့် ဖောင်းပြင်-ပင်လည်ဘူးလမ်း၊ ကန့်ဘလူ-ကျွန်းလှ-ချပ်သင်း-ကောလင်း-ဝန်းသို-အင်းတော်လမ်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်း၊ ရေဦး-ကလေးဝလမ်း၊ ဟုမ္မလင်း-ကက်သာ-အောင်ဇေယျ-မြို့သစ်-တမူးလမ်း၊ လေရှီး-ထန်ပါခွေ-လဟယ်-နန်းယွန်း-ပန်ဆောင်လမ်း၊ နန်းယွန်း-ရှင်ဗွေယန်လမ်း၊ ခန္တီး-ဖားလမုန်း-တာမခံ-ညောင်ပင်လမ်း၊ တမူး-စစ်သောင်-ဖောင်းပြင်လမ်းနှင့် မိုပိုင်းလွတ်-ရန်နွေးလမ်းတို့အား ဦးစားပေးကဏ္ဍအလိုက် စီမံကိန်းရေးဆွဲဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**နေရောင်ခြည်စွမ်းအင်သုံး**
**လျှပ်စစ်စီမံကိန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ နှစ်အလိုက်တိုးတက်လာသည့် ရောင်းချယူနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ကျန်ရှိမှုအခြေအနေ၊ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ဓာတ်အားတိုးတက်သုံးစွဲမှု၊ တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးရရှိမှုနှင့် ကျန်ရှိမှုအခြေအနေ၊ ဓာတ်အားစနစ်ဖြင့် မီးလင်းရန်ကျန်ရှိသောမြို့များအား ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားစနစ်အတွင်းမှ တိုင်းဒေသကြီးအတွင်း ဓာတ်အားပို့လွှတ်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ ဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများ၊ ဓာတ်အားတိုးတက်သုံးစွဲမှုများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် လျာထားသောစီမံကိန်းများ၊ စူးစမ်းတိုင်းတာပြီးသော အသေးစားရေအားလျှပ်စစ် အရင်းအမြစ်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တိုင်းဒေသကြီးအတွင်း ပြည်သူများ ဝင်ငွေတိုးတက်စေရန် စိုက်ပျိုးမြေခွဲဝေပေးမှု၊ စိုက်နည်းပညာနှင့် စိုက်ပျိုးရေးအသိပညာများ ဖြန့်ဝေပေးမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်နေသည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ အမြန်ဆုံးတိုးတက်လာအောင် တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရ၊ ပတ်သက်ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံကိန်းများရေးဆွဲပြီး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။ **(သတင်းစဉ်)**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၃**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဉ္စမနေ့ကို ယနေ့နံနက် ၈ နာရီမှ စတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ပြသရောင်းချပွဲတွင် နိုင်ငံသားရတနာကုန်သည်များက နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျောက်စိမ်းဝင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

ယနေ့တွင် စတုတ္ထနေ့က ဈေးနှုန်းတင်သွင်းခဲ့သည့် ကျောက်စိမ်းအတွဲပေါင်း ၁၅၀၀အတွက် အဆိုပြုလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါအောင်မြင်သူစာရင်းကို ကြေညာသည်။

ထို့ပြင် ကျောက်စိမ်းအတွဲအမှတ် ၃၀၀၁မှ ၄၄၅၄ အတွက် ဝယ်ယူလိုသူများက ဈေးနှုန်းတင်သွင်းလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ကျောက်စိမ်းအတွဲအမှတ် ၃၀၀၁မှ ၄၄၅၄ အတွက် တင်ဒါ အောင်မြင်သူစာရင်းကို မတ် ၂၄ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။


ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို မတ် ၂၄ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသ ထားမှုတို့ကို ကျောက်စိမ်းသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၂၀၀ လာရောက်လေ့လာခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၃**

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မြန်မာ့အလင်း)**



# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၂၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မတ် ၂၂ ရက်က ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရှရီ အာဂျစ် ဒိုဗာက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒေသတွင်း လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေရေးနှင့် ဆက်ဆံရေးလမ်းကြောင်းများ တည်ထောင်ရေးအပါအဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ ပင်လယ်ရေကြောင်း လုံခြုံရေးတို့နှင့် ပတ်သက်၍ ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန် ဆွေးနွေးသဘောတူခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဒီက ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးသောင်းထွန်းသည် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ ဒုတိယအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အာဗင်ဂုပ်တာနှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချီး)၊ မွန်၊ ရခိုင် ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ‘ဝ’ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၅ နာရီအထိ ချင်း(ချီး)ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ၇ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

❊ ကျောဖုံးမှ

မည်ဖြစ်ပါကြောင်း၊ စပါးခွံများ မီးရှို့ဖျက်ဆီးပါက သဘာဝပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်ပါကြောင်း၊ ယခုစက်ရုံသည် စပါးခွံများကို စနစ်တကျ အဆင့်မြင့်နည်းပညာနှင့် လောင်ကျွမ်းစေခြင်းဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချနိုင်ပါကြောင်း၊ စက်ရုံမှ လျှပ်စစ်ဓာတ်အား သုည ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ဆန်စက်လည်ပတ်ရာတွင် အသုံးပြုမည်ဖြစ်ကာ ပိုလျှံဓာတ်အားကို အနီးဝန်းကျင်များသို့ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ဂျပန်နိုင်ငံ Yanmar ကုမ္ပဏီမှ တာဝန်ရှိသူများက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထွက်ရှိနိုင်မည့် မဂ္ဂါဝပ်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု လျှော့ချနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ဂျပန်နိုင်ငံ Yanmar ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး စက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာကို အမှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်လာသော တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံ၌ စပါးခွံများကို မြစ်ချောင်းများအတွင်း အလွယ်တကူ စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းပြီး ရေနေသတ္တဝါများသေဆုံးခြင်း၊ စပါးခွံများကို ကွင်းပြင်၌ မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်နေကြောင်း၊ စပါးခွံများပေါ်များစွာရရှိ သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌လည်း စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ရေး စီစဉ်နေကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့၌ တည်ဆောက်နေသော ၂ ဒသမ ၂ မဂ္ဂါဝပ် ထွက်ရှိမည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုမှာလည်း ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

ယနေ့ဖွင့်လှစ်ပေးလိုက်သည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ်နည်းပညာဖြင့် တည်ဆောက်ထားပြီး လျှပ်စစ်ဓာတ်အား သုည ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ဆောင်ရွက်နိုင်မှုများအပေါ် ဆန်းစစ်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ သက်တမ်းဝက်ကာလ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအပေါ် ဆန်းစစ်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ မှတ်တမ်းဓာတ်ပုံများနှင့် မှတ်တမ်းဗီဒီယိုတို့ကို ကြည့်ရှုသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကမ္ဘာ့ဘဏ် ဌာနေကိုယ်စားလှယ် Mr.Abdoulaye Seck တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံကိန်းဒါရိုက်တာနှင့်အလုပ်အမှုဆောင်တို့က စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် သက်တမ်းဝက်ကာလအတွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများအပေါ် ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးဆက်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ယနေ့ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ နှစ်နှစ်ခွဲကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးရန်နှင့် ကျန်ရှိနေသည့် နှစ်နှစ်ခွဲကာလတွင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်နိုင်စေရေး အစီအစဉ်များ ချမှတ်ရေးဆွဲနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


◆ ကျောဖုံးမှ

အစိုးရအနေနဲ့ ခွင့်ပြုပေးသွားမှာပါ။ ဒါပေမယ့် အဲဒီစီးပွားဖြစ်မဏ္ဍပ်တွေကို စည်းကမ်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ပြီးတော့ အခွန်အခကိုလည်း တိတိကျကျ စီမံဘဏ္ဍာအခွန်ဝန်ကြီးကိုယ်တိုင် ကောက်ခံသွားမှာဖြစ်ပါတယ်။ အခွန်ကောက်ခံတဲ့အခါမှာ ကိုယ်ပိုင်ရေိယာမြေပိုင်ရှင်ကနေပြီးတော့ မြေကို ငှားရမ်းလိုက်လို့ ဝင်ငွေရသွားတယ်ဆိုရင် ဝင်ငွေခွန်ဆိုတာ ရှိသွားမှာပါ။ ပွဲကျင်းပတဲ့သူက သူ့မှာ ဝင်ငွေခွန်ရခဲ့မယ်ဆိုရင် သူ့ရဲ့ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ပွဲကြည့်တဲ့သူကလည်း ပုဂ္ဂလိကဧရိယာမှာ လက်မှတ်ဝယ်တယ်ဆိုရင် လက်မှတ်မှာ အခွန်တံဆိပ်ခေါင်း ကပ်ပြီးတော့ ဝယ်ရမှာဖြစ်ပါတယ်။ အဲဒီလိုစနစ်နဲ့ ကိုယ်ပိုင် ပုဂ္ဂလိကဧရိယာတွေမှာ စီးပွားဖြစ်မဏ္ဍပ်ဆောက်မယ့်သူတွေကို ခွင့်ပြုပေးသွားမှာပါ။ ဒီနှစ်မှာ ပုဂ္ဂလိကမဏ္ဍပ်ခွင့်ပြုတာက နိုင်ငံတော်လည်း အပိုဝင်ငွေရပြီး ဘဏ္ဍာငွေလည်းရရှိအောင် သူတို့ရဲ့သီးသန့်နေရာတွေမှာ ကျင်းပတာဖြစ်တာမို့ ခွင့်ပြုပေးတာဖြစ်ပါတယ်။ ဒါပေမယ့် ပုဂ္ဂလိက ဧရိယာနေရာတိုင်းမှာ ကျင်းပမယ့် မဏ္ဍပ်တိုင်းကို ခွင့်ပြုပေးမှာမဟုတ်ပါဘူး။ သေချာစစ်ဆေးကြပ်မတ် ကွပ်ကဲကြည့်ရှုပြီးမှ ခွင့်ပြုပေးမှာပါ''ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြီးခဲ့သော ၂၀၁၆ ခုနှစ် ရိုးရာသင်္ကြန်တွင် စီးပွားဖြစ် ရေကစားမဏ္ဍပ် တည်ဆောက်မှုကို ခွင့်ပြုခဲ့ခြင်းမရှိဘဲ စတင်ပိတ်ပင်ခဲ့သည်။ ယခုနှစ်တွင်လည်း ပုဂ္ဂလိကဧရိယာအတွင်း၌သာ စီးပွားဖြစ်ရေကစားမဏ္ဍပ်များကို တည်ဆောက်ခွင့်ပြုသွားမည်ဖြစ်ပြီး စည်းကမ်းဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်းသာ ခွင့်ပြုပေးသွားမည်ဖြစ်သည်။ အများပိုင်ဧရိယာများ၌လည်း ရေကစားမဏ္ဍပ်များကို ယခင်နှစ်နည်းတူ ခွင့်ပြုသွားမည်မဟုတ်ဘဲ ရန်ကုန်မြို့ ပြည်လမ်းရှိ ယခင်နှစ်ခွင့်ပြုထားသည့်နေရာများ၌ ရေကစားမဏ္ဍပ်များကို တည်ဆောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

“စီးပွားရေးမဏ္ဍပ်တွေ ခွင့်ပြုပေးလိုက်တာနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ သေသေချာချာခွဲခြားသိစေဖို့လိုပါတယ်။ ဒီနှစ်မှခွင့်ပြုတာက မနှစ်က ဒီနှစ်လို ပုဂ္ဂလိကနေရာတွေမှာ စီးပွားဖြစ်ရေကစားမဏ္ဍပ် တည်ဆောက်ခွင့်လျှောက်တဲ့သူ မရှိခဲ့ဘူး။ ဒီနှစ်တော့ သူတို့ရဲ့ သီးသန့်နေရာတွေမှာလည်း ကျင်းပတာဖြစ်တာမို့ ခွင့်ပြုပေးခဲ့တာဖြစ်တယ်။ ဒါပေမယ့် ပုဂ္ဂလိကဧရိယာနေရာတိုင်းမှာ ကျင်းပမယ့် မဏ္ဍပ်တိုင်းကိုလည်း ခွင့်ပြုပေးမှာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်အနေအထား၊ လမ်းပန်းဆက်သွယ်ရေးအနေအထား ဆောက်လုပ်ထားတဲ့ မဏ္ဍပ်အခြေအနေပေါ် ကြည့်ပြီးတော့သုံးသပ်ပြီးမှ တိုင်းဒေသကြီး အစိုးရအနေနဲ့ ခွင့်ပြုပေးမှာဖြစ်ပါတယ်''ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောကြားသည်။

ပြီးခဲ့သော ၂၀၁၆ ခုနှစ်သင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် အများပြည်သူပိုင်နေရာများ၌ ရေကစားမဏ္ဍပ်များကို ပြည်လမ်းမကြီးရှိ အချို့နေရာများ၌ ခွင့်ပြုပေးခဲ့သည်။ အင်းလျားလမ်း၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်တော်ကြီး ကန်ပတ်လမ်းတို့ကို ခွင့်ပြုခဲ့ခြင်းမရှိဘဲ သက်ဆိုင်ရာခရိုင်အလိုက် မဏ္ဍပ်များကိုသာ ခွင့်ပြုခဲ့သည်။ ယခုနှစ်တွင်လည်း ပုဂ္ဂလိကဧရိယာနေရာများ၌ ရေကစားမဏ္ဍပ်များကို တည်ဆောက်ခွင့်ပြုခဲ့သော်လည်း အများပြည်သူပိုင်ဧရိယာနှင့် လမ်းများ၌ ရေကစားမဏ္ဍပ်တည်ဆောက်မှုကို ခွင့်ပြုသွားမည် မဟုတ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။




# (၇)ကြိမ်မြောက် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက အားကစားသမားများ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် (၇)ကြိမ်မြောက် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဝါတာနာဘေး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဂျပန်ကုန်သည်ကြီးများအသင်း JCCM ဥက္ကဋ္ဌ Mr. Ryotaro Sumi နှင့် ရန်ကုန်ဂျပန်အသင်း (YJA) ဥက္ကဋ္ဌ Mr. Shigeto Motomiya ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂျပန်သံအမတ်ကြီးက အမှာစကားပြောကြား၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ တို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် မျိုးဆက်သစ်အားကစားသမားများက ကရာတေးဒိုနည်းစနစ် သရုပ်ပြသခဲ့ပြီး ပြိုင်ပွဲပထမနေ့ပွဲစဉ်များကို စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၈ သင်း၊ ပြိုင်ပွဲဝင်ကစားသမား ၁၉၅ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို မတ် ၂၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။
(မိုး/ဇလ)

# တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၃**

တိုင်းရင်းသားစာပေနှင့် တိုင်းရင်းသားဘာသာစကားစာအုပ်များ ပေါ်ထွက်လာစေရေးနှင့် လွတ်လပ်စွာ သင်ကြားခွင့်ရရှိစေရေးတို့အတွက် တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာပေယဉ်ကျေးမှုကော်မတီမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် လူမျိုးစုများစွာ ပါဝင်သော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ အချင်းချင်းရင်းနှီးစွာ အတွေ့အကြုံဖလှယ်ခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ရန်၊ တိုင်းရင်းသားဘာသာအလိုက် ထုတ်ဝေထားသည့် စာပေများကို အသိအမှတ်ပြုနိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ရန်နှင့် နိုင်ငံတော်၏ ပညာရေးမူဝါဒကို ထိခိုက်မှုမရှိစေဘဲ တိုင်းရင်းသားစာပေ သင်ကြားမှုကို ဟန်ချက်ညီညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားစာပေ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒေသသင်ရိုးညွှန်းတမ်းရှိပါကြောင်း၊ တိုင်းရင်းသားစာပေဖွံ့ဖြိုးမှုအတွက် ဘွဲ့ရတိုင်းရင်းသားဒေသခံများကို ဦးစားပေးခန့်ထားလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်များနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ သဘောထားများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဒေါက်တာ မျိုး သိမ်းကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တိုင်းရင်းသားစာပေဘာသာရပ်စာအုပ်များ လူမျိုးအလိုက်၊ ဘာသာစကားအလိုက် ပေါ်ထွက်လာရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ဆွေးနွေးပွဲကို ကျင်းပရာ မွန်စာပေသင်ရိုးအဖွဲ့ခေါင်းဆောင် မင်းအောင်ဇေ၊ ဒေါက်တာဝမ်လျန်းထန်၊ စိုင်းခမ်းနွတ်နှင့် မန်ဒေးဗစ်တို့က လူမျိုးအလိုက် စာပေဘာသာစကားဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာအေးက ပညာရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားစာပေဖော်ထုတ်ရာတွင် ပါဝင်သင့်သည့် အကြောင်းအရာကဏ္ဍများကို အစုအဖွဲ့များဖွဲ့၍ ဆွေးနွေးကြသည်။

တိုင်းရင်းသားစာပေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို မတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**မွှေးကြူဇင်( သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၃ ရက်(ဒုတိယနေ့)၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၇၆၃ ပါးအနက် ၁၃၉၀၄ ပါး ဖြေဆိုပြီး ပျက်ကွက် ၃၈၅၉ ပါးရှိ၍ ၇၈ ဒသမ ၂၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တပ်မတော်စစ်သမိုင်းပြတိုက်လေ့လာ

**နေပြည်တော် မတ် ၂၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် မတ် ၂၁ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးသို့ လာရောက်လေ့လာကြည့်ရှုရာ ပြတိုက်မှူး ဗိုလ်မှူး နိုင်လင်းမျိုးက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ IFAD ချေးငွေအစီအစဉ်ဖြင့် စနစ်တကျလယ်ယာမြေကေ ၁၃၀ ဖော်ထုတ်

**နေပြည်တော် မတ် ၂၃**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာတွင် IFAD ချေးငွေအစီအစဉ်ဖြင့် စနစ်တကျလယ်ယာမြေကေ ၁၃၀ ကို စက်ကိရိယာများ အသုံးပြု၍ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စနစ်တကျ လယ်ယာမြေဖော်ထုတ်ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဌာနဆိုင်ရာများ၊ ကျေးရွာရှိ ရွာသူရွာသားများ၊ တောင်သူများနှင့်တွေ့ဆုံ၍ ၎င်းတို့၏တင်ပြချက်များအပေါ်တွင် မိုးစပါးစိုက်ပျိုးချိန်အမီ လုပ်ငန်းများဆောင်ရွက်ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို ညှိနှိုင်း စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်း

## ဇော်ဝင်း

*ယမန်နေ့မှအဆက်*

**Service-Oriented Policing ၏ တာဝန်ယူ/ တာဝန်ခံမှု အတွက် အထူးသတိပြုရမည့်အချက်များ**

ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုရှေးရှုသောစနစ်ကို ဖော်ဆောင်ရာတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ တာဝန်ယူမှု တာဝန်ခံမှုများအတွက် အထူးသတိပြုရမည့် အဓိကအချက်(၆) ချက်ရှိပါသည်။ ၎င်းတို့မှာ-

- **တရားဥပဒေစိုးမိုးရေးကို လေးစားခြင်း။** အမျိုးစုံသော မှုခင်းများနှင့် နိုင်ငံတကာ အကြမ်းဖက်မှုများအပါအဝင် နိုင်ငံတော်နှင့် နိုင်ငံတကာလုံခြုံရေးကို ထိပါးစေသော ခြိမ်းခြောက်မှုများစွာကို ရင်ဆိုင်နိုင်ရန်အတွက် တစ်ကမ္ဘာလုံးရှိ ရဲတပ်ဖွဲ့ဝင်များသည် ဖိအားများအောက်၌ အလုပ်လုပ်နေကြရပါသည်။ သို့သော်လည်း အချိန်တိုင်းတွင် ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းဥပဒေများဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ ရဲအက်ဥပဒေများအပြင် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ တာဝန်များကို ထမ်းဆောင်ကြရန်နှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုက်နာဆောင်ရွက်နေကြောင်း လက်တွေ့ကျကျ ပြနိုင်ရန် အထူးလိုအပ်ပါသည်။
- **လူ့အခွင့်အရေးများကို လေးစားခြင်း။** ရဲတပ်ဖွဲ့တွင် မှုခင်းများတားဆီးတိုက်ဖျက်ရန် လိုအပ်ချက်များအရ ပြည်သူတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို အချိန်ကာလတစ်ခုအထိ ထိန်းချုပ်ကန့်သတ်နိုင်သော အခွင့်အာဏာများရှိသည့်အပြင် ထိုအခွင့်အာဏာများကို မည်သို့မည်ပုံ အသုံးပြုရမည်ဆိုသည့်ကိစ္စနှင့် ပတ်သက်၍ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်လည်းရှိနေသဖြင့် တရားဥပဒေအရ အရေးယူဆောင်ရွက်ရသည့်အခါတွင် အကောင်းဆုံးသော နိုင်ငံတကာစံသတ်မှတ်ချက်များ၊ ပြည်တွင်းဥပဒေနှင့် ဒေသဆိုင်ရာဥပဒေများတွင် အသုံးချနိုင်ရန် ချမှတ်ထားသော လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဝါဒစည်းမျဉ်းများနှင့်အညီ လူသားတို့၏ ဂုဏ်သိက္ခာကို လေးစားခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ လူ့အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူ့အခွင့်အရေးလေးစားမှုနှင့်အညီ မိမိတာဝန်များကို ထမ်းဆောင်ကြရန်ဖြစ်ပါသည်။
- **တပ်ဖွဲ့တွင်းနှင့် တပ်ဖွဲ့ပြင်ပ၌ တာဝန်ခံမှု။** ရဲတပ်ဖွဲ့၏ တာဝန်ခံမှုဆိုသည်မှာ တပ်ဖွဲ့အတွင်း တစ်ဦးချင်းအဆင့်မှသည် အဖွဲ့အစည်းတစ်ခုလုံးအဆင့်ထိ စောင့်ကြည့်ကြီးကြပ်ရန် တာဝန်ရှိသောအဖွဲ့အစည်းများ၏လုပ်ပိုင်ခွင့်ကို အလေးထားကာ လိုက်နာဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားပြည်သူတို့၏ ယုံကြည်စိတ်ချမှု၊ အားကိုးအားထားပြုမှုများကို တိုးပွားစေရန်အတွက် ပြည်သူလူထုမှ တိုင်တန်းချက်များ ပြုလုပ်နိုင်ရန် လမ်းဖွင့်ပေးထားပြီး ဘက်လိုက်ခြင်းမရှိသော၊ သမာသမတ်ကျသော ချဉ်းကပ်မှုနည်းလမ်းဖြင့် နိုင်ငံသားအားလုံးအတွက် တာဝန်များ ထမ်းဆောင်ပေးခြင်းပင် ဖြစ်ပါသည်။



မှုခင်းဖြစ်ရပ်များ စီမံခန့်ခွဲခြင်းနှင့် မှတ်တမ်းများထိန်းသိမ်းခြင်း ဆောင်ရွက်နေစဉ်

- **ပွင့်လင်းမြင်သာမှု။** ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့လှုပ်ရှားမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မီဒီယာမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးခြင်းသည် ပွင့်လင်းမြင်သာမှုဆိုသော တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်ရန် ထိရောက်မှုအရှိဆုံးနည်းလမ်းဖြစ်ပါသည်။ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအပေါ် ဖြစ်နိုင်သမျှ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထု၏ ယုံကြည်စိတ်ချမှုကို ပိုမိုတိုးတက်ရရှိမည် ဖြစ်ပါသည်။
- **မတူကွဲပြားမှုကို အသိအမှတ်ပြုပြီး ပြည်သူအားလုံးအပေါ် သာတူညီမျှစွာ ဆောင်ရွက်ပေးခြင်း။** တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိရမည် ဟူသည့် ဒီမိုကရေစီမူဝါဒအရ ရဲတပ်ဖွဲ့ဝင်အားလုံးသည် ပြည်သူများအပေါ်တွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ အသားအရောင်၊ လိင်၊ လူမျိုး၊ ဘာသာစကား၊ ဘာသာရေး၊ ပိုင်ဆိုင်မှု၊ မျိုးရိုး၊ အဆင့်အတန်းစသည်တို့ကို ခွဲခြားခြင်းမရှိဘဲ ညီတူညီမျှ ကာကွယ်စောင့်ရှောက်ပေးရန် ဖြစ်ပါသည်။
- **တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် ပြည်သူကိုအကူအညီပေးခြင်း။** ထိုသို့ ဆောင်ရွက်ရာတွင် အကြမ်းမဖက်သော ချဉ်းကပ်မှုနည်းလမ်းများကို အလေးပေးဆောင်ရွက်ရန် ဖြစ်ပါသည်။ ***ရဲတပ်ဖွဲ့အင်အားကိုအသုံးပြုရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်များကို အလေးထားကာကွယ်စောင့်ရှောက်ရန် ဟူသည့် မူဝါဒကို ရဲတပ်ဖွဲ့လုပ်ငန်း၏ အမြင့်ဆုံးဦးစားပေးအဖြစ်ထားရှိပြီး လက်တွေ့အသုံးချရန်ဖြစ်ပါသည်။*** တပ်ဖွဲ့အင်အားကို အချိုးမညီစွာသုံးခြင်းသည် ရာဇဝတ်မှုမြောက်သည်ကို အစဉ်သတိမူလျက် မဖြစ်မနေအသုံးပြုရမည့် အနေအထားမှတစ်ပါး အခြားနည်းလမ်းများဖြစ်သည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်း၊ လူအုပ်စုအပြုအမူကို နားလည်ခြင်း၊ စည်းရုံးခြင်း၊ ညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းတို့ကို အသုံးပြုရမည် ဖြစ်ပါသည်။

**သီးခြားကျွမ်းကျင်မှုစွမ်းရည်များနှင့် အဖွဲ့အစည်းဆိုင်ရာ သွင်ပြင်လက္ခဏာများ**

လူထုကို ဝန်ဆောင်မှုပေးရန် ရှေးရှုသောရဲလုပ်ငန်းတွင် ရှိရမည့် သီးခြားကျွမ်းကျင်မှုစွမ်းရည်များနှင့် အဖွဲ့အစည်းဆိုင်ရာ သွင်ပြင်လက္ခဏာများထဲက အဓိကအချက်(၅)ချက်ကိုလည်း တင်ပြလိုပါသည် -

ပထမအချက်မှာ ပြည်သူများနှင့် ထိတွေ့ပြီး ပြဿနာများ ဖြေရှင်းပေးနိုင်ရန်အတွက် မြင်သာသည့် ကင်းလှည့်စောင့်ရှောက်မှုစနစ် ကျင့်သုံးရန်ဖြစ်ပါသည်။ ကင်းလှည့်စောင့်ရှောက်ရာတွင် ရေကြောင်း၊ ကုန်းကြောင်းနှင့် ယာဉ်သုံးကင်းလှည့်ခြင်း နည်းလမ်းများကို အသုံးပြုနိုင်ပါသည်။ မြို့ရွာ၊ ရပ်ကွက်များတွင် နေ့လှည့်ကင်း၊ ညလှည့်ကင်း၊ သန်းခေါင်ယံ ပိုက်စိပ်တိုက်ရှင်းလင်းခြင်း၊ ကင်းပုန်းဝပ်ခြင်းနှင့် လင်းအရုဏ်ရှာဖွေခြင်း ဆိုသည့် နည်းလမ်းများကို လိုအပ်သလို အသုံးပြုရမည် ဖြစ်ပါသည်။

ဒုတိယအချက်မှာ ရဲတပ်ဖွဲ့၏ဝန်ဆောင်မှုများကို တောင်းခံလာသော ပြည်သူများကို နွေးထွေးစွာ ကြိုဆိုခြင်း၊ ရဲစခန်းများတွင် ဝန်ဆောင်မှုကိုရှေးရှုသော ပတ်ဝန်းကျင်အနေအထားကို ဖန်တီးပေးခြင်း၊ စခန်းတိုင်း၏အဝင်တွင် ချိတ်ဆွဲထားသော "ကူညီပါရစေ" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လက်တွေ့ကျကျ ရဲလုပ်ငန်းဆောင်တာများကို ပီပြင်ကျွမ်းကျင်စွာ ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

တတိယအချက်မှာ ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ အရည်အသွေးမြင့်မား၍ ဘက်မလိုက်သော၊ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန်ဖြစ်ပါသည်။

စတုတ္ထအချက်မှာ ဝန်ဆောင်မှုတောင်းခံလာသည့် ပြည်သူများအပေါ်၌ အလေးထားခြင်း၊ စိတ်ချယုံကြည်ထိုက်အောင် ပြုမူဆောင်ရွက်ပေးခြင်း၊ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ပေးခြင်း၊ မိမိလုပ်ငန်းတာဝန်ကို ကျွမ်းကျင်စွာ ဆောင်ရွက်ခြင်း၊ အမူအကျင့်ကောင်းများရှိခြင်းနှင့် တရားမျှတစွာ ဆောင်ရွက်ပေးခြင်းဟူသည့် အဖွဲ့အစည်းဆိုင်ရာတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ပါသည်။

ပဉ္စမအချက်မှာ မှုခင်းဆိုင်ရာပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ခြေကျင်ကင်းလှည့်၍ ပြည်သူကိုစောင့်ရှောက်မှုပေးရသော ရဲအရာရှိများအား ကျင့်ထုံးဥပဒေနှင့်အညီ ဆီလျော်သည့် လုပ်ပိုင်ခွင့်များပေးထားရန်ဖြစ်ပါသည်။

**ရဲလုပ်ငန်းစနစ်တွင် ဝန်ဆောင်မှုရှေးရှုသော နည်းလမ်း အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ**

ရဲတပ်ဖွဲ့အနေဖြင့် ဝန်ဆောင်မှုရှေးရှုသော ရဲလုပ်ငန်းစနစ်ကိုဖော်ဆောင်ခြင်းအားဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများမှာ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်တိုးတက်လာခြင်း၊ ခေတ်မီရဲတပ်ဖွဲ့တစ်ခု၏ လုပ်ပိုင်ခွင့်တာဝန်၊ ကျယ်ပြန့်သောအမြင်နှင့် ကျင့်ဝတ်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ရပ်တည်နိုင်ခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့် နာမည်ဂုဏ်သတင်းကောင်းများ တိုးတက်ရရှိနိုင်ခြင်းအပြင် ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်းသည်လည်း မိမိအလုပ်အပေါ် တန်ဖိုးထားဂုဏ်ယူတတ်မှုနှင့် စိတ်ကျေနပ်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ရဲတပ်ဖွဲ့အင်အားကို အသုံးပြုရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်များကို အလေးထား ကာကွယ်စောင့်ရှောက်ရန်ဟူသည့် မူဝါဒကို ရဲတပ်ဖွဲ့လုပ်ငန်း၏ အမြင့်ဆုံးဦးစားပေးအဖြစ် ထားရှိပြီး လက်တွေ့အသုံးချရန်ဖြစ်**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ခရီးသွားပြည်သူများအား ကူညီပေးနေသည်ကို တွေ့ရစဉ်




ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမှ YBS ကားလိုင်းစနစ်ကိုရှင်းပြ၍ လက်ကမ်းစာစောင်ဖြန့်ဝေပြီး လမ်းညွှန်နေစဉ်

# မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှု ဖော်ထုတ်တားဆီးနိုင်ခဲ့



တင်းမေကျေးရွာအနီး အကြမ်းဖက်သင်တန်းလေ့ကျင့်သူများ၏ အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်သူများအား ဖမ်းဆီးရမိသည့် နေရာပြပုံ






တင်းမေကျေးရွာအနီး အကြမ်းဖက်သင်တန်း လေ့ကျင့်သူများအသုံးပြုခဲ့သည့် တဲကိုတွေ့ရစဉ်



တင်းမေကျေးရွာအနီး ဖမ်းဆီးရမိသည့် မသင်္ကာသူများအားတွေ့ရစဉ်

**နေပြည်တော် မတ် ၂၃**

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှုအား ဖော်ထုတ်တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် တောင်ဘဇာနယ်မြေ တင်းမေကျေးရွာအနီးတွင် မသင်္ကာဖွယ်လူတစ်စု ရောက်ရှိနေကြောင်း သတင်းအရ မတ် ၇ ရက် ညနေပိုင်းက နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းရာ ကျေးရွာအနီး လျှိုမြောင်အတွင်း၌ လူနေတဲအကြီး တစ်လုံး၊ အသေးသုံးလုံး တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ အနီးဝန်းကျင်တွင် ရောက်ရှိနေသော ကျောင်းတောင်ကျေးရွာမှ မော်လဝီ အဒူလာမိန် ၃၂ နှစ်နှင့် တင်းမေကျေးရွာနေ မာမတ်ဇူဘိုင် ၂၀ နှစ်တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မာမတ်ဇူဘိုင်အား စစ်ဆေးမေးမြန်းရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်သည့် ဦးလေးဖြစ်သူထံ တရားမဝင် ဆင်းကတ်ဖြင့် ဖုန်းဆက်ရန် ဖုန်းလိုင်းမိသည့် မဲဇလီကုန်းသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ၎င်းအား ပို့ကုန်/သွင်းကုန် ဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ အဒူလာမိန်အား စစ်ဆေးချက်အရ ၎င်းသည်အကြမ်းဖက် သင်တန်းသားဖြစ်သည်ကို သိရှိရပြီး ဆက်လက်ဖော်ထုတ်ချက်အရ တင်းမေကျေးရွာ တင်းမေ ၃ ရပ်ကွက်နေ ရွာခန့် ကျောင်းဆရာ မာဆောင်းသည် ကျီးကန်းပြင် အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်သွား၍ အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ပြီး ကူလူပါလောင် ဒုက္ခသည်စခန်းတွင် နေထိုင်သူ ငါးဦးအား အကြမ်းဖက်သင်တန်းပို့ချရန် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယအပတ်တွင် ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာသို့ ခေါ်ဆောင်ခဲ့ကြောင်း။

မာဆောင်းသည် တင်းမေ ၃ ရက်ကွက်နေ ရော်ဖီး၊ ရှောင်ရှူးအာလောင်၊ မော်လဝီအဒူကော်ရိန်၊ မော်လဝီ မာမောက် (ခ) အီနုစ်တို့နှင့် တွေ့ဆုံပြီး ၎င်းတို့၏ လူ့အခွင့်အရေးနှင့် ပြောဆိုခွင့်များ ပြန်လည်ရရှိအောင် အကြမ်းဖက်တောင်းဆိုရေး၊ တောင်းဆိုရာတွင် လူတိုင်းပါဝင်ရန် တာဝန်ရှိသည်ဟု စည်းရုံးဟောပြောခဲ့ကြောင်း။

ထိုသို့ ဟောပြောသဖြင့် မော်လဝီ အဒူကော်ရိန်နှင့် မော်လဝီ မာမောက်(ခ) အီနုစ်တို့သည် ကျေးရွာအတွင်း ငွေကြေးတတ်နိုင်သူများထံမှ သင်တန်းအတွက် ကုန်ကျမည့်ငွေများကို ပံ့ပိုးပေးရမည်ဟု ဆိုပြီး အဘူလာရှိန်း၊ ရာမန်၊ မော်လဝီ အီဆု၊ နိုရာမိန်၊ မော်လဝီမာဆောင်း၊ မာမောက်ရော်ဖီး၊ ဇာဘော၊ ရော်ဖီး၊ မော်လဝီလော်တီ၊ မော်လဝီ နူရ်ရှုလာမိန်၊ မော်လဝီအဒူကော်ရိန်တို့အပြင် အခြားသူများထံမှ ငွေကြေးများ လက်ခံရယူခဲ့ကြောင်း။

ထို့နောက် သင်တန်းသားတစ်ဦးလျှင် တစ်နေ့ ထောက်ပံ့ငွေကျပ် ၃၀၀၀ ပေးမည်၊ တက်ညီလက်ညီ တိုက်ပွဲဝင်ရမည်ဟု ရော်ဖီးနှင့် ရှောင်ရှူးအာလောင်တို့က ပြောဆိုစည်းရုံးခဲ့သဖြင့် သင်တန်းသား ၃၆ ဦးရရှိကာ ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် အကြမ်းဖက်သင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖြစ်မြောက်ရေးအတွက် ရော်ဖီး၊ ဟာဘတ်ဆီးရာ၊ ရှောင်ရှူးအာလောင်တို့က သင်တန်းသားများ စုဆောင်းပေးခဲ့ကြပြီး နိုရာမိန်၊ အဘူလာရှိန်းတို့က ငွေကြေးထောက်ပံ့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အဒူလာမိန်နှင့် အပေါင်းအပါများအား မတရားအသင်းအက်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဖမ်းဆီးရမိသူ နိုရာမိန်၊ အဘူလာရှိန်းနှင့် သင်တန်းသား နူရိုလ်အာမိန်တို့အား ထပ်မံစစ်ဆေးရာ အဘူလာရှိန်းသည် ငွေကျပ်တစ်သိန်းကို မော်လဝီဆော်လီမူလာထံသို့ လည်းကောင်း၊ နိုရာမိန်သည် ငွေကျပ်တစ်သိန်းကို မော်လဝီမာမောက်(ခ)အီဆုပ်ထံသို့ လည်းကောင်း အကြမ်းဖက်သင်တန်းတွင် အသုံးပြုရန်အတွက် ပေးခဲ့သည်ဟု ထွက်ဆိုခဲ့ကြပြီး အခြားငွေကြေး ထောက်ပံ့သူများသည် တင်းမေရွာ မြောက်ဘက်တစ်ဝိုက် တောင်ကုန်းများတွင် ရှောင်တိမ်းနေကြောင်း သိရှိရသဖြင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲ တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့ရာ မတ် ၁၉ ရက် ညနေပိုင်းတွင် မသင်္ကာသူ ၁၃ ဦးကို ထပ်မံဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိသည့် မသင်္ကာသူ ၁၃ ဦးအား မတရားအသင်းအက်ဥပဒေနှင့် ငြိစွန်းမှုရှိ၊ မရှိ စစ်ဆေးလျက်ရှိရာ မသင်္ကာတရားခံ ၁၃ ဦးအနက် ဆော်လီမူလာ၊ အဒူရော်ကိန်း၊ ကေဖာဒူလာ၊ မာမောက်၊ အဒူဆလာမ်၊ အဒူရော်ရှီးတို့ ခြောက်ဦးမှာ အကြမ်းဖက်သင်တန်း တက်ရောက်နေသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျန် ခုနစ်ဦးအား ဆက်လက်စစ်ဆေးလျက်ရှိပြီး ပါဝင်ပတ်သက်သည့်သူများအား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သင်တန်းတက်ရောက်သူများအား ကိုယ်ခံပညာ၊ အခြေခံစစ်ပညာ၊ အကြမ်းဖက် တိုက်ခိုက်နည်း သင်တန်းများ ပို့ချကြောင်း၊ သင်တန်းပြီးပါက ရွာအတွင်း ပြန်လည်နေထိုင်ပြီး လိုအပ်ပါက မာဆောင်း၏ အစီအစဉ်ဖြင့် တစ်ဖက်နိုင်ငံမှ လက်နက်များ ယူဆောင်တပ်ဆင်ပေးကာ လုံခြုံရေး တပ်ဖွဲ့စခန်းများကို အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုကြံစည်သူများ၏ ဝန်ခံပြောကြားချက်အရ အကြမ်းဖက်သင်တန်း လေ့ကျင့်ရာနေရာများကို တင်းမေကျေးရွာ၊ ငြမ်းဘော်ကျေးရွာ၊ ယင်းမကျောက်တော်ကျေးရွာ၊ အင်းချောဘဒနာ ကျေးရွာစသည့် နေရာလေးနေရာတွင် ဖွင့်လှစ်ရန် ကြံစည်ခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်သင်တန်း ပထမဆုံးစတင်ဖွင့်လှစ်ခဲ့သည့် တင်းမေကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့များက ဖော်ထုတ်တားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# MNDAA လက်နက်ကိုင်အဖွဲ့များ သိမ်းပိုက်ထားသည့် တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိ

**နေပြည်တော် မတ် ၂၃**

MNDAA လက်နက်ကိုင်အဖွဲ့များ သိမ်းပိုက်ထားသည့် ဘီပီ ၁၂၆ နှင့် ဘီပီ ၁၂၇ အကြားရှိ တောင်ကုန်းများနှင့် ပွိုင့် ၁၀၅ နှင့် တောင်ကုန်းတို့အား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိကြောင်း သိရသည်။

MNDAA လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်မှ အမြောက်၊ လက်နက်ကြီးနှင့် လေကြောင်းမှပစ်ကူပေးရန် ကန့်သတ်ချက်ရှိသည့် တောင်ကုန်းများတွင် ခြေကုပ်ယူ၍ လောက်ကိုင်မြို့ရှိ တပ်စခန်းများ၊ ရဲစခန်းများနှင့် အရပ်ဘက်ပစ်မှတ်များကို မတ် ၆ ရက် နံနက်အစောပိုင်းက တိုက်ခိုက်ခဲ့သော်လည်း ကြိုတင်သတင်းရရှိထားသည့် တပ်မတော်စစ်ကြောင်းများ၏ တုံ့ပြန်တိုက်ခိုက်မှုများကြောင့် လောက်ကိုင်မြို့သိမ်းတိုက်ပွဲတွင် ရည်ရွယ်ချက် ပျက်ပြားခဲ့ပြီး အဆိုပါနေ့တွင်ပင် တရုတ်နိုင်ငံ နယ်စပ်အနီး တောင်ကုန်းများ၌ အင်အားများဖြန့်ခွဲ၍ ယာယီခံစစ်ဆင်နွှဲခြင်း၊ လောက်ကိုင်မြို့အတွင်းသို့ ၁၀၇ မမ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများကလည်း လောက်ကိုင်မြို့အတွင်းနှင့် နှစ်နိုင်ငံနယ်စပ် အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် အမြောက်/လက်နက်ကြီး ပစ်ကူပစ်အားများဖြင့် MNDAA လက်နက်ကိုင်အဖွဲ့များ ခြေကုပ်ယူထားသည့် တောင်ကုန်းများကို မတ် ၈ ရက်မှစတင်၍ ရည်မှန်းချက်အလိုက် တိုက်ခိုက်ချေမှုန်းခဲ့ရာ မတ် ၁၅ ရက်တွင် ပွိုင့်-၁၂၆၉ တောင်ကုန်း၊ မတ် ၁၆ ရက်တွင် ပွိုင့်-၁၀၅၂ တောင်ကုန်းနှင့် မတ် ၁၇ ရက်တွင် ပွိုင့်-၁၀၈၈ တောင်ကုန်းတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်ပြီး တပ်မတော်စစ်ကြောင်းများက နှစ်နိုင်ငံနယ်စပ်အနီး ဘီပီ ၁၂၆ နှင့် ဘီပီ ၁၂၇ အကြားရှိ ရန်ကျန်းထင်ကျေးရွာအနီး တောင်ကုန်းများ၌ နောက်ဆုံးခြေကုပ်ယူထားသည့် MNDAA လက်နက်ကိုင်အဖွဲ့များကို မတ် ၂၀ ရက်မှစ၍ အမြောက်၊ လက်နက်ကြီး ပစ်ကူရယူ၍ တိုက်ခိုက်ခဲ့ရာ ခန့်မှန်းမြေပုံညွှန်း (MG-၈၁၅ ၂၁၅)နေရာရှိတောင်ကုန်းကို ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင်လည်းကောင်း ခန့်မှန်းမြေပုံညွှန်း(MG-၈၁၃ ၂၁၇)နေရာရှိ တောင်ကုန်းကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင်လည်းကောင်း၊ ခန့်မှန်းမြေပုံညွှန်း (MG-၈၁၇ ၂၁၈)နေရာရှိတောင်ကုန်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင်လည်းကောင်း သိမ်းပိုက်ရရှိခဲ့သည်။

မတ် ၆ ရက်မှ ယနေ့နောက်ဆုံးသိမ်းပိုက်ပြီးချိန်အထိ အလောင်း ၂၈ လောင်း၊ လက်နက်မျိုးစုံ ၅၉ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းမျိုးစုံနှင့် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းသုံးသောင်းကျော် သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး ၊ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို အင်တာနက်မှ တိုက်ရိုက်ကြည့်ရှုနိုင်သည့် ပထမဆုံးဝန်ဆောင်မှု မြန်မာနိုင်ငံ၌ စတင်

**ရန်ကုန် မတ် ၂၃**

မြန်မာနိုင်ငံတွင် နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်များကို အင်တာနက်မှနေ၍ တိုက်ရိုက်ကြည့်ရှုနိုင်သည့် ပထမဆုံးဝန်ဆောင်မှုကို iflix ကုမ္ပဏီမှ စတင်ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း iflix Myanmar ၏ Country Manager, Adeana Greenlee ထံမှ သိရသည်။

iflix ကို မတ်လဒုတိယပတ်က မြန်မာနိုင်ငံ၌ စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံသားများအနေဖြင့် သီးသန့်တီဗွီရှိုးများ၊ ဆုရတီဗွီစီးရီးများ၊ စံချိန်တင် အောင်မြင်မှုရသည့် လူကြိုက်များသည့် ရုပ်ရှင်များ၊ ဒေသတွင်းရုပ်ရှင်များ၊ ကလေးများအတွက် အစီအစဉ်များနှင့် ဗန်ကောက်မှ မန္တလေးသို့ ၊ Charm ၊ ရွှေမိုးငွေမိုး သွန်းဖြိုးလို့ရွာ ၊ Wut Yee Food House စသည်တို့ အပါအဝင် လူကြိုက်များသည့် မြန်မာရုပ်ရှင်များကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက "အခကြေးငွေပေးပြီး အင်တာနက်ကနေ ကြည့်ရှုနိုင်တဲ့ ဝန်ဆောင်မှုကို မြန်မာနိုင်ငံမှာ ပထမဆုံး မြင်ခွင့်ရပြီး အတူတူလက်တွဲ လုပ်ကိုင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ iflix ဟာ မြန်မာရုပ်ရှင်တွေကို ကြည့်ရှုနိုင်မယ့် အသုံးပြုရလွယ်ကူတဲ့၊ ဈေးသက်သာတဲ့ တရားဝင်ဝန်ဆောင်မှုတစ်ခုကို ပရိသတ်တွေကြည့်ရှုနိုင်အောင် ပြုလုပ်ပြီးတော့ မြန်မာ့ရုပ်ရှင်ဖြန့်ချိမှုပုံစံကို တိုးတက်စေမယ့် platform တစ်ခုကို ဖန်တီးပေးထားတာပါ" ဟု ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရသူများအတွက် ဂုဏ်ပြုညစာစားပွဲ၌ ပြောကြားခဲ့သည်။

နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်များကို အင်တာနက်မှ တိုက်ရိုက်ကြည့်ရှုနိုင်သည့် iflix ၏ ဝန်ဆောင်မှုကို စတင်သုံးစွဲသူများအနေဖြင့် စတင်သုံးစွဲသည့်နေ့မှ ရက်ပေါင်း ၃၀ အထိအခမဲ့ ကြည့်ရှုခွင့်ရမည်ဖြစ်သည်။ အခမဲ့သုံးစွဲကြည့်ရှုခွင့် တစ်လပြည့်ပြီးနောက်ပိုင်းတွင် လစဉ်တစ်လလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူကြည့်ရှုရမည်ဖြစ်ကြောင်း သိရသည်။

ရက်ပေါင်း ၃၀ စာ အခမဲ့အသုံးပြုခွင့်ရရှိနိုင်ရန်အတွက် iflix ကို Facebook၊ အီးမေးလ်နှင့် တယ်လီဖုန်းများမှ တစ်ဆင့် ဝင်ရောက်နိုင်မည်ဖြစ်ပြီး ကွန်ပျူတာမှတစ်ဆင့် ဝင်ရောက်မည်ဆိုပါက iflix.com မှာ ဝင်ရောက်နိုင်မည် ဖြစ်သည်။ iflix အပလီကေးရှင်းကို apple စတိုး၊ google Play စတိုးမှလည်း ဒေါင်းလုဒ်ရယူနိုင်ကြောင်း သိရသည်။

"အခုကက ခိုးကူးခွေတွေရန်ကကာကွယ်နိုင်အောင်လုပ်တဲ့ သဘောမို့ ဒေါင်းလုဒ်လုပ်ပြီးသွားတာနဲ့ ရုပ်ရှင်ကားတွေက iflix ရဲ့ အပလီကေးရှင်းထဲမှာပဲ ရှိနေမယ်။ ဖုန်းနဲ့ ကြည့်လို့ရမယ်။ ကွန်ပျူတာနဲ့ ကြည့်လို့ရမယ်။ နိုင်ငံခြားကားတွေကို မြန်မာစာတန်းထိုးထားပါတယ်။ ဒါက အဓိကရည်ရွယ်ချက်ပါ။ အခုလောလောဆယ်တော့ လူကြိုက်များပြီး လူကြည့်များတဲ့ ကားတွေကို မြန်မာစာတန်းထိုးနေပါတယ်။ နောက်ပိုင်း အချိန်ကြာလာတာနဲ့ အမျှတော့ ရုပ်ရှင်ဇာတ်ကားဇာတ်လမ်းတွဲ အားလုံးကို စာတန်းထိုးမှာပါ။ မြန်မာစာတန်းထိုးကို ဇော်ဂျီဖောင့်နဲ့ရော၊ ယူနီကုတ်နဲ့ပါအဆင်ပြေအောင် လုပ်ပေးထားပါတယ်" ဟု iflix Myanmar ၏ မန်နေဂျာ Adeana Greenlee က ပြောကြားသည်။


**iflix Myanmar ၏ Country Manager, Adeana Greenlee**


မြန်မာရုပ်ရှင်ကားများကို ရွေးချယ်ပြသရာတွင် ရုပ်ရှင်အစည်းအရုံးအနေဖြင့် အနည်းဆုံးခြောက်လခန့်ရုံတင်ပြီးမှ ပြန်လည်ပြသခွင့်ပြုသောကြောင့် ရုပ်ရှင်ဇာတ်ကားတိုင်းကို ရွေးချယ်မည်မဟုတ်ဘဲ ပြည်သူအကြိုက်များသည့် ရုပ်ရှင်ဇာတ်လမ်းများကို ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

"အခု လက်ရှိမှာတော့ မြန်မာနိုင်ငံမှာရှိတဲ့ ထိပ်တန်းထုတ်လုပ်ရေး ကုမ္ပဏီတွေကနေ ရုပ်ရှင်ဇာတ်ကားတွေဝယ်ယူဖို့ ညှိနှိုင်းနေပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ Media-7၊ မြန်မာနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ စတာတွေနဲ့ လက်တွဲလုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံက အနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေအတွက်လည်း အကျိုးအမြတ်ရရှိအောင် လုပ်ဆောင်ပေးပါမယ်" ဟု Adeana Greenlee က ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ iflix ကိုအသုံးပြု၍ နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင်များကိုအင်တာနက်မှနေ၍ တိုက်ရိုက်ကြည့်ရှုသူလူပေါင်း ၁၁၀၀၀ ကျော်ခန့်ရှိနေပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောကနှင့် ပတ်သက်၍ iflix သည် ခိုးကူးပုံနှိပ်မှုပြဿနာကို ရင်ဆိုင်ဖြေရှင်းရာတွင် ပြည်တွင်းပြည်ပ ရုပ်ရှင်များကို အခကြေးငွေပေးပြီး ကြည့်ရှုသည့် အသိုင်းအဝိုင်းတစ်ခုဖြစ်အောင် အားပေးမြှင့်တင်ခြင်းဖြင့် ပြည်တွင်းရုပ်ရှင်နှင့် ရုပ်မြင်သံကြားနယ်ပယ်ကို အထောက်အကူပေးလျက်ရှိသည်။ iflix သည် မူပိုင်ခွင့်၊ မြန်မာ့ရုပ်ရှင်လောက အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ မြန်မာ့ရုပ်ရှင် အစည်းအရုံးကဲ့သို့ အဖွဲ့များကို အထောက်အကူပေးရသည့်အတွက်လည်း ဂုဏ်ယူမိပါသည်ဟု ၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**



iflix အင်တာနက် ဝန်ဆောင်မှုအား မိုဘိုင်းဖုန်းမှ တွေ့မြင်ရစဉ်

# ကလေးများပျော်ရွှင်စရာပွဲတော်အဖြစ် အမှတ်တရရှိစေရန် ရင်ထဲက လှိုက်လှိုက်လှဲလှဲကြိုဆို ဖိတ်ခေါ်သံများ

**မော်လမြိုင် မတ် ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်(ဘက်စုံခန်းမ) ၌ မတ် ၂၅၊ ၂၆၊ ၂၇ ရက်ထိ ကလေးများ ပျော်ရွှင်စွာဆင်နွှဲကြမည့် ကလေးစာပေပွဲတော်ကျင်းပရန်နီးကပ်လာသဖြင့် ပြင်ဆင်လေ့ကျင့်မှုများကို အပြီးသတ်ဆောင်ရွက်လျက်ရှိပြီး ပြခန်းတာဝန်ယူဆောင်ရွက်နေသူများ၊ ပွဲတော်ကျင်းပရေးအဖွဲ့များက ကလေးများနှင့် မိဘပြည်သူများကိုပါ ပျော်ရွှင်စရာပွဲတော်အဖြစ် အမှတ်တရရှိစေရန်အတွက်လာရောက်ဆင်နွှဲကြရန် ရင်ထဲက လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်သံများကိုလည်း ယခုလို ကြားသိခဲ့ရသည်။

**ဒေါ်ကြည်ဝင်း(မော်လမြိုင်မြို့နယ်ပညာရေးမှူး)**



မွန်ပြည်နယ် ၁၀ မြို့နယ်မှာရှိတဲ့ ကျောင်းသူ ကျောင်းသားများနဲ့ မိဘပြည်သူများကိုပါ မော်လမြိုင်တက္ကသိုလ်မှာကျင်းပမယ့် ကလေးစာပေပွဲတော်ကို လာရောက်ကြပါလို့ ကျွန်မအနေနဲ့ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲဖိတ်ခေါ်ပါတယ်။ ကလေးတွေကို ငယ်စဉ်ကတည်းက စာပေနဲ့ထိတွေ့စေချင်ပါတယ်။ ဗဟုသုတတွေကြွယ်ဝလာပြီး ပညာနဲ့ပတ်သက်ပြီး ပွဲလယ်တင့်တယ်အောင် အသိတွေတိုးပွားစေတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ပြခွင့်ရတဲ့ပွဲလို့လည်း မြင်ပါတယ်။ ဒါကြောင့် ကလေးတွေအကုန်လုံး တက်ရောက်စေချင်ပါတယ်။ ကလေးတွေအတွက် ရလာတဲ့အခွင့်အရေးတွေကို လက်လွတ်အဆုံးရှုံးမခံရအောင် မိဘတွေကိုယ်တိုင်ကလည်း အားပေးပြီး လိုက်ပို့ပေးစေလိုပါတယ်။

**ဦးတင်လှိုင်(ရပ်မိရပ်ဖတစ်ဦး)**

မော်လမြိုင်မှာက စာပေကို စိတ်ပါဝင်စားတဲ့လုပ်ငန်းရှင်တွေများပါတယ်။ အခုလို မွန်ပြည်နယ်ကို နိုင်ငံတော်က ပူးပေါင်းကျင်းပပေးတော့ အားလုံးက စိတ်ဝင်တစားနဲ့ ဝိုင်းဝန်းလုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ဒီပွဲကို ကလေးတွေရော မိဘပြည်သူတွေပါ အများကြီးလာစေချင်ပါတယ်။ သူတို့လာရင် ကျွေးဖို့မွေးဖို့နေရာထိုင်ခင်းအားလုံးနဲ့ ကစားဖို့တွေကိုလည်း စီစဉ်ပေးထားပါတယ်။ တီရှပ်အင်္ကျီတွေ၊ ဦးထုပ်တွေ၊ ကဗျာစာအုပ်တွေကိုလည်း လက်ဆောင်ပေးဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ မွန်ပြည်နယ်မှာရှိတဲ့ ကလေးတွေအားလုံးနဲ့ မိဘပြည်သူတွေကိုပါ ပျော်ပျော်ပါးပါး လာရောက်ဆင်နွှဲကြပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။

**ကျောင်းသားမိဘတစ်ဦး**

မွန်ပြည်နယ် မော်လမြိုင်မြို့မှာ လာရောက်ကျင်းပတဲ့ ကလေးစာပေပွဲတော်ကြီးမှာ ကျွန်မကလေးက ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့အတွက် ပျော်ရွှင်ကြည်နူးရပါတယ်။ ကလေးတွေကို ဒီလို အရေးတယူ ကလေးစာပေပွဲတော်လုပ်ပေးတဲ့အတွက် သက်ဆိုင်ရာအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ပွဲတော်အနီးရောက်ရင်လည်း မွန်ပြည်နယ်မှာရှိတဲ့ ကလေးတွေအားလုံး လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ မိဘတွေကလည်း အားပေးပြီး လိုက်ပို့ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မနှင်းစုမြတ်လှိုင်(ပဉ္စမတန်းကျောင်းသူ)**

သမီးက ကလေးစာပေပွဲတော်ဖွင့်ပွဲနေ့မှာ မွန်အကအဖွဲ့ထဲမှာပါပါတယ်။ ဒီလိုပွဲမျိုးမှာ သူငယ်ချင်းတွေနဲ့အတူ ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်ရတာကို အတိုင်းမသိ ပျော်မိပါတယ်။ မော်လမြိုင်မြို့မှာ ကျင်းပတဲ့ ကလေးစာပေပွဲတော်ကို တခြားဒေသကသူငယ်ချင်းတွေကိုလည်း လာရောက်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ကိုယ်ကြိုက်တဲ့ ကာတွန်းစာအုပ်တွေ ဝယ်နိုင်မယ်၊ အမှတ်တရဓာတ်ပုံတွေလည်း ရိုက်နိုင်မယ်၊ ပျော်စရာကောင်းတဲ့ ကစားနည်းတွေလည်း အများကြီးပါတယ်ဆိုတော့ သူငယ်ချင်းတွေ မောင်နှမတွေနဲ့ အတူတူဆော့ကစားရမှာ ပျော်စရာကြီးပါ။ အနီးအဝေးမှာရှိတဲ့ သူငယ်ချင်းတွေ သမီးတို့နဲ့ အတူတူ ပါဝင်ဆင်နွှဲ ပျော်ကြရအောင်လို့ ဖိတ်ခေါ်လိုက်ပါတယ်။

**မြတ်မွန်ထွေး၊ တင်ထွဋ်(မော်လမြိုင်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၂-၃-၂၀၁၇)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၇-၂-၂၀၁၇)ရက်နေ့မှ (၃-၃-၂၀၁၇) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူတစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း သုံးဦးနှင့် အထွေထွေနှစ်ဦး၊ ပေါင်း ခုနစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၆၇ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း၃၅၄၃ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်- ရန်ကုန်၌ ဂျိုက်ကာမှ ပညာရှင်အဖွဲ့ လေ့လာဆွေးနွေး

**ရန်ကုန် မတ် ၂၃**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ပါမောက္ခ အိဇုမိအိုနို ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ရောက်ရှိပြီး ယင်းတက္ကသိုလ်ရှိ သွားတုလုပ်ငန်းကျွမ်းကျင်မှုသင်တန်းကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သည့် အချက်အလက်များကို လေ့လာဆန်းစစ်ကာ အနာဂတ်ပညာရေးပူးပေါင်းဆောင်ရွက်မှု အလားအလာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် လွှတ်တော်အတွေ့အကြုံများရှင်းလင်း

**နေပြည်တော် မတ် ၂၃**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မတ် ၂၂ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ တည်ထားကိုးကွယ်သော မဟာမုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကာ ဆွမ်း၊ ရေချမ်း ဆက်ကပ်၍ မဟာမုနိဘုရားကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ကစ္ဆပနဒီခန်းမတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြားခြင်း၊ ဒေသခံပြည်သူများ၏ တင်ပြချက်များကို လက်ခံကြားနာ



ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ဝါရှင်တန်ဒီစီမှ နိုင်ငံရေးဌာနအကဲဖြတ်ခြင်းနှင့် စီမံကိန်းပညာရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များတွေ့ဆုံ

**ကျိုင်းတုံ မတ် ၂၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျိုင်းတုံမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲနှင့်သက်ဆိုင်သည်များကို ဝါရှင်တန်ဒီစီမှ နိုင်ငံရေးဌာနအကဲဖြတ်ခြင်းနှင့် စီမံကိန်းပညာရှင် အမေရိကန်နိုင်ငံသား Mr.Joshua Erdossy နှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တွဲဖက်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ကျိုင်းတုံခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် အရှေ့ပိုင်း တွဲဖက်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။



ဝါရှင်တန်ဒီစီမှ နိုင်ငံရေးဌာန အကဲဖြတ်ခြင်းနှင့် စီမံကိန်းပညာရှင် အမေရိကန်နိုင်ငံသား Mr.Joshua Erdossy က သိရှိလိုသည့်မေးခွန်းများကို ကျိုင်းတုံခရိုင်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးကျော်မိုးက ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဝန်ဖုန်း**

# မိတ္ထီလာခရိုင်အတွင်း တိရစ္ဆာန်သန်းခေါင်စာရင်း ရှေ့ပြေးကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ မတ် ၂၃**

အမျိုးသားအဆင့် တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များရှိ ကျေးရွာများတွင် တိရစ္ဆာန်ရှေ့ပြေးသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ မတ်လအတွင်း စတင်ကောက်ယူလျက်ရှိကြောင်း ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်းက ပြောသည်။

"တိရစ္ဆာန်ကနေလူကိုကူးစက်တတ်တဲ့ရောဂါတွေ ကာကွယ်ထိန်းချုပ်တဲ့ စီမံကိန်းရေးဆွဲတဲ့အခါ တိရစ္ဆာန်များကြိုတင်ရောဂါကာကွယ်ဆေးထုတ်လုပ်ခြင်းစီမံကိန်း ဆောင်ရွက်တဲ့အခါပြီးတော့ လူတစ်ဦးချင်း အသားစားနှုန်း၊နို့စားနှုန်း တွက်ချက်တဲ့ စီမံကိန်းမျိုးဆောင်ရွက်တဲ့အခါ အခြေခံအချက်အလက်တွေ မှန်ကန်မှသာ တွက်ချက်မှုမှန်ကန်မှာဖြစ်ပါတယ်။ အဲဒီအတွက် အမျိုးသားအဆင့် တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူတဲ့အခါ ငွေကြေးကုန်ကျမှုတွေ ရှိလာမယ်။ အဲဒီလို ငွေကြေးကုန်ကျမှုတွေကို ခန့်မှန်းတွက်ချက်နိုင်ဖို့ အတွက် မိတ္ထီလာခရိုင်အတွင်းမှာ တိရစ္ဆာန်သန်းခေါင်စာရင်း ရှေ့ပြေးကောက်ယူခြင်းကို ဆောင်ရွက်တာပါ။ အိမ်မွေးတိရစ္ဆာန်များဖြစ်တဲ့ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက်၊ ခွေး အပါအဝင် တိရစ္ဆာန်သန်းခေါင်စာရင်း ရှေ့ပြေးကောက်ယူခြင်းလုပ်ငန်းကို မတ်လအတွင်းမှာ စတင်ဆောင်ရွက်တာပါ"ဟု ခရိုင်ဦးစီးမှူးက ပြောသည်။

ကျေးရွာ ၁၀၀ လျှင် စာရင်းကောက်ယူသူ နှစ်ဦးနှုန်းခန့်ဖြင့် အခြေခံသင်တန်းများပို့ချခြင်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တိရစ္ဆာန်သန်းခေါင်စာရင်း ရှေ့ပြေးကောက်ယူရာတွင် မိတ္ထီလာခရိုင် မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များနှင့် ကျောက်ဆည်မြို့ခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများအနက် ကျေးရွာ အရေအတွက် ၆၀ ရာခိုင်နှုန်းသာကောက်ယူပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလှိုင်၊ တောင်သာ၊ မြင်းခြံ၊ နွားထိုးကြီး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ပခုက္ကူ၊ ရေစကြိုမြို့နယ်များအတွင်းရှိ ကျေးရွာအရေအတွက်အားလုံးတွင် ရာခိုင်နှုန်းပြည့် တိရစ္ဆာန်သန်းခေါင်စာရင်း ရှေ့ပြေးကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စက်လှေနစ်မြုပ်မှုတွင်ပါဝင်သည့် မိသားစုဝင်များအား ထောက်ပံ့ကြေးပေးအပ်

**ကျောက်ဖြူ မတ် ၂၃**

ကျောက်ဖြူမြို့၌ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက စက်လှေမီးလောင်၍ ရေနစ်မြုပ်သေဆုံးခဲ့သော မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ဝမ်းနည်းကြောင်းအမှာစကားပြောကြားပြီး ရေနစ်သေဆုံးသူ ဒေါ်အေးသန်းမြင့်နှင့်သား မောင်ထွန်းစေ့ကေတို့အတွက် ဖခင်ဖြစ်သူ ဦးသိန်းရွှေအောင်အား ထောက်ပံ့ငွေကျပ်၁၀ သိန်းပေးအပ်ခဲ့ပြီး စိုက်ပျိုးရေး၊မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ဒေါ်ခင်မေသန်းနှင့် သားမောင်ဖြိုးမင်းပိုင်တို့အတွက် ဖခင်ဖြစ်သူ ဦးခင်ကျော်မောင်အား ငွေကျပ် ၁၀သိန်းနှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက သေဆုံးသူဒေါ်စန္ဒာနွယ်အတွက် ခင်ပွန်းဖြစ်သူ ဦးမောင်ဝင်းဌေးအား ငွေကျပ် ငါးသိန်းနှင့် ပြည်နယ်ဥပဒေချုပ်ရုံးမှ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းမှ သေဆုံးသူ ဒေါ်ခင်မေအောင်အတွက် ခင်ပွန်းဖြစ်သူ ဦးမောင်ဝေတင်အား ငွေကျပ် ငါးသိန်း ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




# မြေယာနှင့်သီးနှံလျော်ကြေးပေးအပ်

**သပိတ်ကျင်း မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် (လက်ပန်လှ-မိုးကုတ်-မိုးမိတ်-ရွှေလီ-၃) ဓာတ်အားလိုင်းများတာဝန်ယူဆောင်ရွက်နေသော ၁၃၂ ကေဗွီအေဓာတ်အားလိုင်းဖြတ်သန်းသည့် နယ်မြေအလိုက် တောင်သူများ မြေယာနှင့်သီးနှံနစ်နာမှုအတွက် လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၂၁ ရက်က သပိတ်ကျင်းမြို့အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေလီ(၃) ၁၃၂ ကေဗွီအေ ဓာတ်အားလိုင်းတာဝန်ခံက ဓာတ်အားလိုင်းဖြတ်သန်းသည့် နယ်မြေအလိုက် တောင်သူများ၏ မြေယာနှင့်သီးနှံလျော်ကြေးပေးနိုင်ရေး တွက်ချက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြေယာနှင့်သီးနှံ နစ်နာသူတောင်သူ ၃၂ ဦးအား နစ်နာကြေးလျော်ကြေးငွေများ ပေးအပ်ခဲ့သည်။ သပိတ်ကျင်းမြို့နယ်အတွင်း တောင်သူလျော်ကြေးနစ်နာငွေကျပ် ၁၉၉၅၃၆၇၀ ပေးအပ်ခဲ့ကြောင်းသိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**



**သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို မတ် ၂၂ ရက်က အလုံမြို့နယ် သစ်တောရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်အောင်မိုးက ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်**
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မျက်မမြင်နှင့်မသန်စွမ်းသူများကို မဲပေးနည်းစနစ်နှင့် မဲရုံတာဝန်ရှိသူများအား မသန်စွမ်းသူများအပေါ်ပြုမူ ဆက်ဆံရမည့်နည်းစနစ်များပြသ

**မုံရွာ မတ် ၂၃**

မဲဆန္ဒရှင်မသန်စွမ်းသူများ မဲပေးပိုင်ခွင့်အခွင့်အရေးမဆုံးရှုံးစေရန်နှင့် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်မဲရုံမှူးများအနေဖြင့် မသန်စွမ်းသူများအပေါ်ပြုမူဆက်ဆံရာတွင် ဆောင်ရွက်ရမည့် အချက်များကို မတ် ၂၀ ရက်နောက်ပိုင်းတွင် သင်တန်းများပေးခြင်းနှင့် နည်းစနစ်များမျှဝေခြင်းတို့ကို မုံရွာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မုံရွာမြို့သစ်ရပ်ကွက် ရောင်ခြည်သစ် မျက်မမြင်ပရဟိတကျောင်း၌ မသန်စွမ်းသူများနှင့် မျက်မမြင်များကို ဧပြီ ၁ ရက်တွင် ဆန္ဒမဲပေးပုံပေးနည်းနှင့် မှန်ကန်သောမဲပေးနည်းစနစ်ကို တိတိကျကျဆောင်ရွက်တတ်စေရန်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ပြသဆောင်ရွက်ခဲ့ပြီး ရောင်ခြည်သစ် မျက်မမြင်ပရဟိတကျောင်းမှ မဲဆန္ဒရှင်များ မြို့နယ်အတွင်းမှ မျက်မမြင်များနှင့် မသန်စွမ်းသူများ လာရောက်ကာ နည်းပညာများကို လေ့လာမှတ်သားကြသည်။

"မျက်မမြင်နဲ့မသန်စွမ်းမဲဆန္ဒရှင်တွေဟာမဲရုံကိုရောက်ရင် ဘယ်လိုပေးရမယ်။ ပေးရင်ဘယ်ဟာကိုလုပ်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာတွေကို ပြသပေးရတာပါ။ အရင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွေ့အကြုံကလည်း ရှိပြီးသားဆိုတော့ မသန်စွမ်းသူများနဲ့ မျက်မမြင်တွေအနေနဲ့ အခက်အခဲသိပ်မရှိပါဘူး"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်တစ်ဦးက ပြောပြသည်။

မသန်စွမ်းသူများနှင့် မျက်မမြင်မဲဆန္ဒရှင်များကို ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အကျုံးဝင်မဲပေးနည်းလမ်းညွှန် ရှစ်ချက်အတိုင်း သင်ကြားပြသပေးခြင်းဖြစ်ပြီး မဲရုံတာဝန်ရှိသူများအနေဖြင့် မဲရုံပရဝဏ်အတွင်း မသန်စွမ်းသူ မဲဆန္ဒရှင်များအား တွေ့ရှိသည့်အခါ အကူအညီပေးရန် လို၊ မလိုဦးစွာမေးမြန်းပြီးမှ အကူအညီလိုပါက မည်သို့အကူအညီ ပေးရမည်ကို ဆက်လက်မေးမြန်းပြီး ကူညီရမည်ဖြစ်ကြောင်း မုံရွာခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်တစ်ဦးထံမှ သိရသည်။

ထို့အပြင် အကြားအာရုံ၊ အမြင်အာရုံနှင့် ဉာဏ်ရည်မသန်စွမ်းသူများနှင့် ဆက်သွယ်ပြောဆိုသည့်အခါ ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း မဲရုံတာဝန်ရှိသူများကို သင်ကြားပြသခဲ့ကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## အေအိုင်အိုင်ဘီဘဏ် အဖွဲ့ဝင်သစ်များ လက်ခံ

**ပေကျင်း မတ် ၂၃**

အာရှ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် အေအိုင်အိုင်ဘီဘဏ်၌ အဖွဲ့ဝင်အဖြစ် ပါဝင်လိုသူနိုင်ငံ ၁၃ နိုင်ငံ လျှောက်ထားမှုရှိခဲ့ရာ ၎င်းတို့အား အုပ်ချုပ်ရေးအဖွဲ့က ခွင့်ပြုလိုက်သည့်အတွက် ဘဏ်စုစုပေါင်း အဖွဲ့ဝင်နိုင်ငံ ၇၀ ရှိလာမည်ဖြစ်ကြောင်း မတ် ၂၃ ရက်ကကြေညာခဲ့သည်။

ဘဏ်စတင်တည်ထောင်ချိန်မှစကာ ပထမဆုံးအကြိမ်အဖြစ် အဖွဲ့ဝင်နိုင်ငံသစ်များအား ကြိုဆိုလိုက်ခြင်းဖြစ်ပြီး အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ခွင့်ပြုလိုက်သည့်နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ အာမေနီးယား၊ ဖီဂျီ၊ ဟောင်ကောင်နှင့် အရှေ့တီမော၊ ဒေသတွင်းမဟုတ်သော နိုင်ငံများဖြစ်သည့် ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အီသီယိုးပီးယား၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ ပီရူး၊ ဆူဒန်နှင့် ဗင်နီဇွဲလားစသည့်နိုင်ငံများဖြစ်ကြောင်း သိရသည်။

အဆိုပါဘဏ်နှင့် ချိတ်ဆက်မှုရှိသည့်အတွက် လျင်မြန်စွာတိုးတက်မှုများရှိလာမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဂျင်လီချန်ကပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

## တရုတ်နိုင်ငံ၏ လေကြောင်းကာကွယ်ရေးဇုန်ကို အမေရိကန် လေးစားသင့်ကြောင်း တရုတ်ပြောကြား

**ပေကျင်း မတ် ၂၃**



**မတ် ၂၁ ရက်က အမေရိကန် B-1 B လေယာဉ်ကို ဂျပန်လေကြောင်းကာကွယ်ရေးအင်အားစု F-15 လေယာဉ်နှစ်စင်းနှင့်အတူ တွေ့ရစဉ်**

အရှေ့ဘက် တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံက တရားဝင်ကြေညာထားသည့်ဇုန်အတွင်း၌ တရားမဝင်ပျံသန်းဝင်ရောက်လာသည့် အမေရိကန်ဗုံးကြဲလေယာဉ်ကို တရုတ်နိုင်ငံက သတိပေးမှု စီအင်န်အင်န်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့ပြီးသည့်နောက် အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ လေကြောင်း ကာကွယ်ရေးဇုန်ကို လေးစားသမှု ပြုသင့်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အဆိုပါဇုန်အား ၂၀၁၃ ခုနှစ်က တရုတ်အရှေ့ပင်လယ်အတွင်းသို့ ဝင်ရောက်လာသည့်တိုက်လေယာဉ်များအနေဖြင့် တရုတ်အာဏာပိုင်များထံတွင် အသိအမှတ်ပြုစစ်ဆေးမှုခံယူရမည့် ကာကွယ်ရေးဇုန်အဖြစ် ကြေညာခဲ့သည်။ သို့သော်လည်း အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ကြသည်။

ဘီဝမ်းဘီဗုံးကြဲလေယာဉ်သည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က တောင်ကိုရီးယားနိုင်ငံအနီးတွင် ပျံသန်းခဲ့သည်။ လေယာဉ်ပိုင်းလော့က ၎င်းတို့သည် နိုင်ငံတကာလေပိုင်နက်အတွင်း ပုံမှန်စစ်ဆင်ရေးလှုပ်ရှားမှုတစ်ရပ်ကို ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း တရုတ်လေကြောင်းထိန်းချုပ်ရေးအဖွဲ့သို့ တုံ့ပြန်ပြောကြားခဲ့သည်။

လေယာဉ်သည်ပျံသန်းနေသည့်လမ်းကြောင်းပေါ်မှ သွေဖည်သွားခြင်းမရှိခဲ့ဟု အမေရိကန် ပစိဖိတ်လေကြောင်းကာကွယ်ရေးအဖွဲ့များ၏ပြောပြချက်ကို ကိုးကားလျက် စီအင်န်အင်န်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟွာချန်ရင်က ၎င်းအနေဖြင့် အဆိုပါစစ်ဆင်ရေးကိစ္စရပ်နှင့်ပတ်သက်၍ ကြားသိခဲ့ခြင်းမရှိကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနသို့မေးခွန်းများမေးမြန်းခဲ့ရာ ချက်ချင်းတုံ့ပြန်ဖြေကြားမှုနှင့် မှတ်ချက်ချမှုမရှိခဲ့ကြောင်း သိရသည်။


ယင်းဇုန်အတွင်း နိုင်ငံများ အားလုံး၏ ပြုမူဆောင်ရွက်မှုသည် သက်ဆိုင်ရာနိုင်ငံများအားလုံး၏ လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှု၊ အပြန်အလှန်ယုံကြည်လေးစားမှုနှင့် နိုင်ငံအချင်းချင်းအကြားရှိ တည်ငြိမ်အေးချမ်းမှုတို့ကို အကျိုးသက်ရောက်နိုင်သည့်အချက်ကို ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ကြောင်း ဟွာချန်ရင်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## ဂျပန်က မြောက်ကိုရီးယားကို စုံစမ်းရန် သူလျှိုဂြိုဟ်တုလွှတ်တင်ဟု မြောက်ကိုရီးယားပြောကြား

**ပြုံယမ်း မတ် ၂၃**

ဂျပန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို စုံစမ်းထောက်လှမ်းမှုများလုပ်ဆောင်ရန် သူလျှိုဂြိုဟ်တုလွှတ်တင်ခဲ့ခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို ထပ်မံကျူးကျော်လိုသော စိတ်နေသဘောထား ပေါ်လွင်စေကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယမန်နေ့က ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံသည် မတ် ၁၇ ရက်က ကာဂိုရှီးမားစီရင်စု တာနီဂရှီမာကျွန်းရှိ အာကာသစင်တာမှ အိတ်ချ်တူအေဒုံးကျည်ဖြင့် ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနက ဖော်ပြခဲ့သည်။

ဂျပန်အစိုးရက ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုသည် မြောက်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည်များ ပစ်လွှတ်ခြင်းနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ စုစည်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ထိုဂြိုဟ်တုသည် သူလျှိုဂြိုဟ်တုတစ်လုံးပင်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယင်းသို့ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမှ ယခုကဲ့သို့ ဂြိုဟ်တုလွှတ်တင်မှု ဆောင်ရွက်ခြင်းသည် နိုင်ငံတော် မူဝါဒစီစဉ်မှုများထဲမှ တစ်ခုသာဖြစ်ကြောင်း မတ် ၁၇ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံ အာကာသစူးစမ်းလေ့လာရေးအဖွဲ့အစည်းမှ ရေဒါ-ငါး သတင်းအချက်အလက် စုဆောင်းရေးဂြိုဟ်တုကို သတ်မှတ်အာကာသလမ်းကြောင်းအတွင်း အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## နိုင်ဂျီးရီးယား၌ ဗင်ကားတစ်စီး လမ်းဘေးမြောင်းအတွင်းသို့ ထိုးကျကာ မီးလောင်မှုဖြစ်ပွား၊ ၂၃ ဦး သေဆုံး

**အဘူဂျာ မတ် ၂၃**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကတ်ဘီပြည်နယ်တွင် ယမန်နေ့က ဗင်ကားတစ်စီး လမ်းဘေးမြောင်းအတွင်းပြုတ်ကျကာ မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် လူ၂၃ ဦးသေဆုံးခဲ့ကြောင်းနှင့် အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆဖြစ်မှုတွင် ကုန်သည်များ လိုက်ပါစီးနင်းလာသည့် ဗင်ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ ပါဝင်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။


ဗင်ကားသည် ရှန်ဂါဒေသရှိ ထွန်ဂါဂီဝါရူဝါလမ်းမပေါ်တွင် ဆိုင်ကယ်မောင်းသူတစ်ဦးအား တိုက်မိပြီးနောက် လမ်းပေါ်ရှိချိုင့်တစ်ခုကို ရှောင်တိမ်းလိုက်ချိန်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုတွင် ဒဏ်ရာရရှိသူများအား နိုင်ငံပိုင် ဆေးကုသရေးဌာနတွင် အခမဲ့ဆေးကုသပေးထားကြောင်း ကတ်ဘီပြည်နယ်အုပ်ချုပ်ရေးမှူး အတီကူ ဘာဂူဒူက ပြောခဲ့သည်။

**(ဆင်ဟွာ)**

## ဗြိတိန်ပါလီမန်အဆောက်အအုံတိုက်ခိုက်သူမှာ အကြမ်းဖက်မှုဖြင့်စုံစမ်းစစ်ဆေးခံထားရသူဖြစ်

**လန်ဒန် မတ် ၂၃**



ဗြိတိန်ပါလီမန်ရုံးအနီး၌ လူသုံးဦးအား တိုက်ခိုက်ခဲ့ပြီးနောက် အသေပစ်သတ်ကာဖမ်းဆီးခဲ့ရသူမှာ ဗြိတိန် နိုင်ငံဖွားဖြစ်ပြီး ၎င်းအား ကြောက်မက်ဖွယ်ရာ အကြမ်းဖက်မှုတစ်ခုတွင်ပါဝင်ခဲ့သည်ဟု သံသယရှိ၍ ဗြိတိန်အထူးထောက်လှမ်းရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ဖူးကြောင်း ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့သည် ဗုဒ္ဓဟူးနေ့က ပါလီမန်အဆောက်အအုံရှေ့၌ ဖြစ်ပွားခဲ့သည့် တစ်ကိုယ်တော်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး လန်ဒန်နှင့် ဘာမင်ဂမ်ရှိနေရာခြောက်ခုတို့မှ သံသယရှိသူရှစ်ဦးကို ဖမ်းဆီးခဲ့သည်။အဆိုပါ တိုက်ခိုက်မှုကို ဗြိတိန်ဝန်ကြီးချုပ်က မှုမမှန်သည့် အစွန်းရောက်အစွဲလာမ္မစ်အတွေးအခေါ်များ၏ လှုံ့ဆော်ခံရခြင်းကြောင့် ဖြစ်ပွားသည့်တိုက်ခိုက်မှုဟု ပြောကြားခဲ့သည်။

တိုက်ခိုက်ခံရမှုအတွင်း လူလေးဆယ်ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၂၉ ဦးမှာ ဆေးရုံ၌တက်ရောက်ကုသမှုခံယူရလျက်ရှိသည်။လုပ်ကြံတိုက်ခိုက်သူသည် ကားတစ်စီးဖြင့် ဝက်စ်မင်စတာတံတားပေါ်သို့ အရှိန်ပြင်းစွာ ဖြတ်ကျော်မောင်းနှင်လာခဲ့ပြီး လမ်းမပေါ် တစ်လျှောက်တွင် သွားလာလျက်ရှိသည့် လမ်းသွားလမ်းလာများကို အတင်းတိုး‌ဝှေ့ ဝင်တိုက်ခဲ့သည်။

ထို့နောက်တွင် ပါလီမန်အဆောက်အအုံအနီးရှိ ဂိတ်တံခါးကိုဖြတ်ကျော်ကာ ပြေးထွက်သွားခဲ့ပြီး လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဓားနဲ့ထိုးသတ်ခဲ့သဖြင့် ရဲများက ၎င်းအားသေနတ်ဖြင့် အသေပစ်ခတ်ဖမ်းဆီးခဲ့ရသည်။

ကြာသပတေးနေ့တွင်အခင်းဖြစ်ပွားခဲ့သည့် ဝက်စ်မင်စတာတံတားနှင့်ပါလီမန်အဆောက်အအုံအနီးတစ်ဝိုက်ကို လုံခြုံရေးအရ စည်းတားမှုများပြုလုပ်ခဲ့သည်။ အပြာရောင်ယူနီဖောင်းဝတ်စုံစမ်းစစ်ဆေးသူများသည် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေရာကို အနီးကပ် စုံစမ်းထောက်လှမ်းမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၆၁)

# သတင်းနှင့်ဥပဒေ



ဦးဟန်ညွန့်(ဥပဒေ)

**စာတမ်းဖတ်ပွဲ**

မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုးနှင့် သတင်းလောကသားများ စုံညီစွာ တက်ရောက်ကြသည်။ စာတမ်း ၁၂စောင်ဖြစ်သည်။ ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်တွင် သတင်းမီဒီယာ၏ အထောက်အကူပြု လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ မော်ကွန်းမှတ်တိုင် စိုက်ထူခြင်းလည်း ဖြစ်သည်။

**ငါမကောင်းလျှင်**

"ငါမကောင်းလျှင် ငါ့ကိုရေး
ငါ့မိဖုရား မကောင်းလျှင် မိဖုရားကိုရေး
ငါ့သားသမီး မကောင်းလျှင် သားသမီးကိုရေး
လွှတ်တော်တရားသူကြီး မကောင်းလျှင် တရားသူကြီးကိုရေး
မြို့ဝန်မကောင်းလျှင် မြို့ဝန်ကိုရေး
မင်းတို့ သတင်းစာ၌ အပြစ်မရှိစေရ
နန်းတော်တွင်းသို့ သတင်းစာတိုက်က
မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ။"

**မင်းတုန်းမင်းတရားကြီး အမိန့်တော်**
**(ရတနာပုံသတင်းစာတွင် ဖော်ပြချက်)**

မြန်မာ့သတင်းစာလောက၏ မီးရှူးတန်ဆောင်၊ သတင်းမူဝါဒ၊ သတင်းတန်ဖိုး၊ သတင်းဆိုရိုး၏ ဂုဏ်ရောင်သည် ထွန်းပြောင်လှပါပေ သည်။ လက်ဆင့်ကမ်း အမွေတည်ပါစေ သတည်း။

**သတင်းစာသမိုင်း၏ အခြေခံ**

၁၈၃၆ ခုနှစ်တွင် မြန်မာပြည်၌ သတင်းစာ စတင်ထုတ်ဝေခဲ့ကြောင်း မှတ်သားရပါသည်။ မြန်မာပြည်၏ ပထမဆုံး သတင်းစာသည် ၁၈၃၆ ခုနှစ် မတ်လ ၃ ရက်နေ့ ကြာသပတေးနေ့ ဖြစ်ပါသည်။ အမည်မှာ Maulmain Chronicle ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် တစ်ပတ်တစ်ကြိမ် ထုတ်ဝေခဲ့သည်။

**ဥပဒေပညာ သင်ကြားပေးရန်**

တရားရုံးများတွင် စစ်ကဲများခန့်ရာ၌ အခန့်ခံရမည့်သူများကို ဥပဒေသင်ကြားပေးရန်၊ စာမေးပွဲကျင်းပ၍ စစ်ရန်၊ ထို့ပြင် အနည်းဆုံး ဟိန္ဒူစကား ပြောတတ်သူမှ ခန့်ရန်၊ အဘယ့်ကြောင့်ဆိုသော် ရုံးပြင်ကနား၌ တရားဆိုင်သူ အများအပြားမှာ မြန်မာစကား နားမလည်သောကြောင့် ဖြစ်ပါသည်" ဟူ၍ ၁၈၄၄ ခုနှစ် ဇွန်လ ၁၂ရက်နေ့ထုတ် သတင်းစာခေါင်းကြီးပိုင်း၌ ဖော်ပြပါရှိကြောင်း သတင်းစာဆရာကြီး တက္ကသိုလ်ထင်ကြီးက မြန်မာနိုင်ငံသတင်းစာများ အညွှန်း-စာ-၇ တွင် ဖော်ပြရေးသားခဲ့သည်။

သတင်းသည် ပြည်သူ့အသည်းနှလုံး။ မနက်မိုးလင်းလျှင် သတင်းစာ ဖတ်ရမှု။ အရှေ့အနောက် တောင်မြောက် (News) ၏ အခြေခံ၊ အရပ်လေးမျက်နှာမှလာသောသတင်း။ သတင်းသည် အခြေခံ။ သတင်းသည် သတင်းဖြစ်ရမည်။ သတင်း သည် စာတမ်းမဟုတ်။ မမှန်သတင်းမဟုတ်။ အချိန်၊ ဒေသ၊ အများပြည်သူ၊ ထူးခြားမှု၊ စိတ်ဝင်စားမှုများနှင့် ပေါင်းစည်းထားသည်။ တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုများကို အခြေခံသော သတင်း။ ဤသတင်းများသည် စည်းကမ်းရှိသည်။ နည်းလမ်းရှိသည်။ ဥပဒေရှိသည်။ ဥပဒေနှင့်သတင်း၊ သတင်းနှင့် ဥပဒေ ခွဲခြား၍မရ

**သတင်းမီဒီယာဆိုသည်မှာ**

"သတင်းမီဒီယာဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း၊ အချက်အလက်၊ ရုပ်ပုံ ဒီဇိုင်းစသည့်အသွင်သဏ္ဌာန်များ အသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကိုဆိုသည်"ဟု သတင်းမီဒီယာဥပဒေ ပုဒ်မ ၂(က)တွင် ပြဋ္ဌာန်းထားသည်။

**သတင်းမီဒီယာသမားဆိုသည်မှာ**

"သတင်းမီဒီယာသမားဆိုသည်မှာ သတင်းမီဒီယာနှင့် စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်သူကိုဆိုသည်" ဟု သတင်းမီဒီယာ ဥပဒေပုဒ်မ ၂(ခ)တွင် ပြဋ္ဌာန်းထားသည်။

**စာတမ်းများ**

စာတမ်းဖတ်ပွဲတွင် စာတမ်း(၁၂)စောင် ဖတ်ကြားသည်။ **အောက်ပါအတိုင်းဖြစ်ပါသည်။**

(၁) ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၏ မြန်မာ့သတင်းမီဒီယာသမိုင်းမှ စိတ်ဝင်စားဖွယ် အချို့သောဖြစ်ရပ်များ စာတမ်း၊
(၂) ဟံသာဝတီဦးအုန်းကြိုင်၏ မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းစာတမ်း
(၃) ဒေါ်သန်းမြင့်အောင်၏ ရန်ကုန်မြူနီစီပယ်လုပ်ငန်းအရွေ့များနှင့် အနာဂတ်ရန်ကုန်စာတမ်း
(၄) ဦးခင်မောင်လေး(ဖိုးသောကြာ)(ကိုယ်စား)ဦးကျော်စွာမင်းက မြန်မာနိုင်ငံသတင်း မီဒီယာအဖွဲ့အစည်းများသမိုင်းစာတမ်း
(၅) ဦးကျော်ရင်မြင့်က အထက်မြန်မာနိုင်ငံထုတ် သတင်းစာများစာတမ်း
(၆) ဒေါက်တာမျိုးသန့်တင်က ကုန်းဘောင်ခေတ် မြန်မာ့ကြေးနန်းမီဒီယာစာတမ်း
(၇) ဦးအောင်လှထွန်းက မြန်မာနိုင်ငံနှင့် နိုင်ငံတကာသတင်းမီဒီယာစာတမ်း
(၈) ဦးချစ်နိုင်(စိတ်ပညာ)က သတင်းစာဆရာကောင်းဖြစ်နည်းစာတမ်း
(၉) ဒေါ်သင်းသင်းသာက မြန်မာသတင်းလောကနှင့် အမျိုးသမီးများစာတမ်း
(၁၀) ဦးဟန်ညွန့်(ဥပဒေ)(စာရေးသူ)ကသတင်းမီဒီယာသမားများသိထားသင့်သည့် ဥပဒေအချို့စာတမ်း
(၁၁) ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)က နိုင်ငံရေးနှင့်သတင်းစာဆရာ၏ မဟာဗျူဟာရည်မှန်းချက် စာတမ်း
(၁၂) ဦးဇေယျနှင့် ဦးမျိုးကိုမျိုးတို့က မြန်မာမီဒီယာနှင့် မြန်မာ့နိုင်ငံရေးစာတမ်း

**ကောက်နုတ်ချက်(အချို့)**

စာတမ်းများထဲမှ စိတ်ဝင်စားဖွယ် ကောက်နုတ်ချက်(အချို့)ကို တင်ပြပါရစေ-

(၁) အိုးဝေသတင်းစာတွင် "တယ်ရှုပ်တဲ့ဝန်ကြီး" သတင်းအကြောင်း၊ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းကိုယ်တိုင် သတင်းစာတိုက်တွေထဲကိုဝင်ပြီး စက်တွေကို ရိုက်ချိုးဖို့ ခိုင်းစေခဲ့ကြောင်း၊ ဦးတင်ထွဋ်လုပ်ကြံခံရမှုသတင်း၊ လူထုသတင်းစာတိုက် ဗုံးခွဲခံရမှုသတင်း၊ နေရှင်းသတင်းစာ အယ်ဒီတာ ဦးလောရဲ့ အမှုစသည်များကို ဒေါက်တာတင်လှိုင်(ဘိုးလှိုင်) စာတမ်းတွင် တွေ့ရသည်။
(၂) တိုင်းပြည်နိုင်ငံတစ်ခုကို သတင်းစာတစ်စောင်ဖြင့် ဖန်တီးခွင့်သာရပါစေ၊ ထိုတိုင်းပြည်၏တရားဥပဒေကို မည်သူပင်ပြုပြုကျွန်ုပ်မှုလိမ့်မည် မဟုတ်ပါ။ (Let me make The newspaper of country. I do not care who made is law) ဟု အမေရိကန်သမ္မတ သတင်းစာဆရာ သောမတ်ဂျက်ဖာဆင်က ဖွင့်ဆိုခဲ့ပုံကို ဟံသာဝတီဦးအုန်းကြိုင်၏ စာတမ်းတွင် ဖတ်ရသည်။
(၃) ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံ မြူနီစီပယ်ဥပဒေ (၁၈၉၈- / Burma Munieipal Act) ကို ပြဋ္ဌာန်းပြီး ၁၄ နှစ်အတွင်း ဥပဒေအသစ် ပြဋ္ဌာန်းခြင်းမရှိခဲ့ကြောင်း ၁၉၇၇ ခုနှစ်အထိ မဟာဝန်ရှင်တော်မင်းကြီးတစ်ဦးတည်းဖြင့် အုပ်ချုပ်ခဲ့ပုံ၊ မြန်မာနိုင်ငံအတွက် ဥပဒေများကို အိန္ဒိယအစိုးရဥပဒေပြု လွှတ်တော်က ပြဋ္ဌာန်းခဲ့ပုံများကို ဒေါ်သန်းမြင့်အောင်၏ စာတမ်းတွင် ဖတ်ရသည်။
(၄) ၁၉၂၄ ခုနှစ်တွင် ပထမဆုံး မြန်မာသတင်းစာအယ်ဒီတာအဖွဲ့၊ ၁၉၄၆ ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာသတင်းစာဆရာအသင်း (B.J.A) ဖွဲ့စည်းနိုင်ခဲ့ကြောင်းကို အဘဖိုးသောကြာ၏ စာတမ်းအရ လေ့လာမှတ်သားရသည်။
(၅) မင်းတုန်းမင်းကြီးက ၁၈၇၅ မတ် ၂၀ စနေနေ့က စပြီး ရတနာပုံနေပြည်တော်သတင်းစာ (The Mandalay Gahette) ကို အထက်မြန်မာနိုင်ငံမှာ စတင်ထုတ်ဝေခဲ့ပုံနှင့် ခေတ်အဆက်ဆက် ယနေ့တိုင် အထက်မြန်မာနိုင်ငံထုတ် သတင်းစာများအကြောင်း ပြည့်ပြည့်စုံစုံ စနစ်တကျတင်ဆက်ထားသော ဦးကျော်ရင်မြင့်၏ စာတမ်းတွင် လေ့လာသိရှိခွင့်ရသည်။
(၆) "မြန်မာတပ်များလက်နက်ချတော့" ဟူသော ကြေးနန်းစာတိုနံ့နံ့ကလေးဖြင့် ကုန်းဘောင်ဆက် မြန်မာ့ကြေးနန်းမီဒီယာလုပ်ငန်းတစ်ခုလုံး နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့ရသော အပြီးအပိုင် ဇာတ်လမ်း ဇာတ်သိမ်းခဲ့ပုံကို ရင်နင့်ဖွယ်ရာ တင်ပြသော ဒေါက်တာမျိုးသန့်တင်၏ စာတမ်းတွင် မြင်တွေ့ရသည်။
(၇) ထူးခြားဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတကာသတင်းဌာနများက ဆက်သွယ်မေးမြန်းလာသည့်အခါ တတ်နိုင်သလောက် ဆောလျင်စွာတာဝန်ယူဖြေကြားပေးရန် အရေးကြီးကြောင်း၊ သတင်းလုပ်ငန်းတွင် အချိန်အရေးကြီးပုံကို တာဝန်ရှိသူများသဘောပေါက်သင့်ကြောင်း၊ တာဝန်ရှိသူများက အချိန်မီစနစ်တကျဖြေကြားခြင်းမရှိပါက နိုင်ငံတကာသတင်းဌာနများက သတင်းအောက်ဆုံးအပိုဒ်တွင် "Responsible officials were not immediately available to confirm this news " "ဤသတင်းကို အတည်ပြုရန်အတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကို ချက်ချင်းဆက်သွယ်မရနိုင်ခဲ့ပါ" ဟု စာတစ်ကြောင်းတည်း ဖော်ပြကာ ယင်းတို့ တစ်ဖက်သတ်ရရှိထားသည့် အချက်အလက်နှင့် ထင်မြင်ချက်များကိုသာ အခြေခံပြီး သတင်းရေးသားကြတော့မည်သာ ဖြစ်ကြောင်း နိုင်ငံခြားသတင်းထောက် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ဖူးသူ ဦးအောင်လှထွန်းက သတိပေးနှိုးဆော်ထားသည်ကို သူ့စာတမ်းတွင် ဖတ်ရသည်။
(၈) ဦးချစ်နိုင်(စိတ်ပညာ) က ရိုးရှင်းလွယ်ကူသောမှတ်သားစရာများကို စွဲစွဲထင်ထင် မှတ်မိအောင် သတင်းစာဆရာကောင်းဖြစ်နည်းဖော်ပြဖတ်ကြားသည်။
(၉) ဒေါ်သင်းသင်းသာက မြန်မာသတင်းလောကတွင် ရှားရှားပါးပါး အမျိုးသမီးများ ပါဝင်တက်ကြွလာပုံ ရေးသားသည်။
(၁၀) ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း) က စာနယ်ဇင်းလောက၌ အစားထိုး၍မရသော ဆုံးရှုံးမှုအဖြစ် ထာဝရခွဲခွာခဲ့ကြ၊ ကွယ်လွန်ကြသူများအား ဂါရဝဂုဏ်ပြုလျက် သတင်းစာဆရာများ၏ နိုင်ငံရေးသမိုင်းကြောင်းကို ဆက်စပ်ဆင်ခြင်နိုင်စေရန် ၎င်း၏စာတမ်းကို ပြုစုရေးသားခဲ့ပုံ။
(၁၁) သားကြီး မောင်ဇေယျ၊ မျိုးကိုမျိုးတို့ကလည်း မြန်မာ့မီဒီယာနှင့် မြန်မာ့နိုင်ငံရေး သီးခြားစီခွဲခြား၍မရပုံ သတင်းသမားများသည် သမာသမတ်ဖော်ပြရန် လိုအပ်ပုံများ၊ အပြန်အလှန် ထိန်းကျောင်းရန် ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြခဲ့သော စာတမ်းဖြစ်သည်။
(၁၂) စာရေးသူက "သတင်းမီဒီယာသမားများ သိထားသည့် ဥပဒေအချို့" စာတမ်းကို တင်ပြဖတ်ကြားခဲ့ပါသည်။

**သတင်းနှင့်ဥပဒေ**

သတင်းသည် ပြည်သူ့အသည်းနှလုံး၊ မနက်မိုးလင်းလျှင် သတင်းစာဖတ်ရမှု၊ အရှေ့အနောက် တောင်မြောက် (News) ၏ အခြေခံ၊ အရပ်လေးမျက်နှာမှလာသောသတင်း။ သတင်းသည် အခြေခံ။ သတင်းသည် သတင်းဖြစ်ရမည်။ သတင်းသည်




စာတမ်းမဟုတ် ။ မမှန်သတင်းမဟုတ်။ အချိန်၊ ဒေသ၊ အများပြည်သူ၊ ထူးခြားမှု၊ စိတ်ဝင်စားမှုများနှင့် ပေါင်းစည်းထားသည်။ တိကျမှု၊ဘက်မလိုက်မှု၊ မျှတမှုများကို အခြေခံသောသတင်း။ ဤသတင်းများသည်စည်းကမ်းရှိသည်။ နည်းလမ်းရှိသည်။ ဥပဒေရှိသည်။ ဥပဒေနှင့်သတင်း၊ သတင်းနှင့် ဥပဒေခွဲခြား၍မရ။

**ရေးချင်သလိုရေးနိုင်သည်ဟု**

"သတင်းစာများအား ရေးချင်သလို ရေးနိုင်သည်"ဟု လွတ်လပ်ခွင့် ပေးထားရတော့မည်လော၊ စည်းကမ်းမဲ့ တာဝန်မဲ့ ရေးသားခြင်းကို တားပေးရမည်မဟုတ်လော။ ဟူသော မေးခွန်းများ ပေါ်ပေါက်လာခဲ့သည်။ အမှန်မှာ တစ်ဦးတစ်ယောက်အား ရည်ရွယ်၍ အသရေဖျက်မှုနှင့် စွဲနိုင်သော ဥပဒေရှိပေသည်။ လွတ်လပ်မှုကိုဆိုရာမှာ ဥပဒေနယ်နိမိတ်အတွင်း လွတ်လပ်မှုကိုဆိုလိုခြင်းသာ ဖြစ်ပေသည်ဟု စာရေးဆရာ၊ သတင်းစာဆရာမကြီး ဒေါ်ခင်မျိုးချစ်က သတင်းစာလောကစာအုပ်၊ စာမျက်နှာ- ၁၆ တွင် ဖော်ညွှန်းခဲ့ကြောင်း ထပ်လောင်း တင်ပြအပ်ပါသည်။

**သတင်းစာခေတ်ဦးပိုင်း**

မြန်မာသတင်းစာခေတ်ဦးပိုင်းက မြန်မာဂေဇက် သတင်းစာ၌ ရေးသားထားသော-

"မကောင်းသောအမှုကို ဖုံးကွယ်၍ ပြုကျင့်သော်လည်း သူတစ်ပါးမသိဟု မအောက်မေ့သာ။ အကယ်၍ သိလျှင်လည်း၊ သတင်းစာ၌ မထည့်ဟု မအောက်မေ့သာ။ ကေန်သတင်းစာရိုက်ပါလိမ့်မည်"ဟူသော မူဝါဒသည် မြန်မာ့သတင်းစာသမိုင်းတစ်လျှောက်လုံး ကျင့်သုံးခဲ့သော မူဝါဒဖြစ်ပေသည်။ ဤမူဝါဒသည် ယနေ့တိုင်သစ်လွင်ဆဲ။ တောက်ပဆဲ။ အမွေခံဆဲ။

**စေတနာ**

(၁) မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ၏ (ကိုယ်တွေ့)အတွေ့အကြုံများထဲမှ အချို့ကို တင်ပြရေးသားရတာပါ။ စာတမ်းအစုံ၊ ဖြည့်စွက်မှုအစုံ၊ ဆွေးနွေးအကြံပေးသူများ၏ တင်ပြပုံအစုံစုံများ၊ စာအုပ်အဖြစ် ထုတ်ဝေသွားမည်ပါ။ ထို့ကြောင့် နိဒါန်းစေတနာမျှသာပါ။ ပထမအကြိမ်မှသည်**...**။
(၂) သတင်းနှင့်ဥပဒေ၊ ဥပဒေနှင့်သတင်း၊ ရှင်းရှင်းလင်းလင်း အထောက်အကူပြုနိုင်ကြပါစေ။ **ဥပဒေအားလုံး** မဟုတ်သော်ငြား **ဥပဒေအချို့**ကိုပင် လေ့လာပွားများ၍ သတင်းလောက ပိုမိုတိုးတက်ပါစေကြောင်း စေတနာမျှဝေပေးသော ကျွန်တော်၏ဥပဒေအတွေးမျှသာပါ**...**။

## လူ့အခွင့်အရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ သီပေါမြို့နယ်၌ ကျင်းပ

**သီပေါ မတ် ၂၃**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားများ လူ့အခွင့်အရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၂ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် သိကောင်းစရာများအကြောင်းကို ပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး လူ့အခွင့်အရေး သိကောင်းစရာလက်ကမ်းစာစောင်များနှင့် စာအုပ်စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဂျပန်နိုင်ငံက မီးငြိမ်းသတ်ယာဉ်လေးစီးအတွက် အမေရိကန်ဒေါ်လာ ၁၈၃၆၉ ဒေါ်လာလှူဒါန်း

**ရန်ကုန် မတ် ၂၃**

ဂျပန်နိုင်ငံ အစိုးရသည် ၎င်း၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ် (GGP)အရ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနအတွက် ဂျပန်-မြန်မာ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အဖွဲ့အစည်းက လှူဒါန်းသော မီးငြိမ်းသတ်ယာဉ်လေးစီးကို သယ်ယူစရိတ် အမေရိကန်ဒေါ်လာ ၁၈၃၆၉ ဒေါ်လာဖြင့် လူသားချင်းစာနာ ထောက်ထားမှု အထောက်အပံ့အဖြစ် ပေးအပ်ရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E.Mr.Tateshi HIGUCHI နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းတို့က အထောက်အပံ့ပေးရေး သဘောတူစာချုပ်ကို ယနေ့လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဂျပန်သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။



ရန်ကုန်တိုင်းဒေသကြီး၌ လူဦးရေ တိုးတက်လာသည်နှင့်အမျှ မီးလောင်ကျွမ်းမှု အရေအတွက်သည်လည်း နှစ်စဉ်တိုးလာပြီး ပိုင်ဆိုင်မှု၊ ဆုံးရှုံးပျက်စီးမှုများ ကြီးမားစွာ ကြုံတွေ့နေရသဖြင့် မြန်မာနိုင်ငံ၏ တိုးတက်မှု အရှိန်ကို ဟန့်တားလျက်ရှိကြောင်း၊ အဆိုပါအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနသို့ မီးငြိမ်းသတ်ယာဉ်လေးစီးကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုအကျိုးရှိ အောင်မြင်လာမည်ဖြစ်သည်။ ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံ၌ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ကာ စီမံကိန်းပေါင်း ၈၂၂ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်ဘေးရှောင်မိသားစုဝင်များအား မိုးညှင်းတပ်နယ် တပ်မတော်မိသားစုများက စားနပ်ရိက္ခာများ ထောက်ပံ့

**မိုးညှင်း မတ် ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မဒေသစိတ် နတ်ကြီးကုန်း ရှမ်းပိုင်းရပ်ကွက်ရှိ ဇောတိရှမ်းကျောင်း ဇရပ်ဝင်းမူလတန်းကျောင်းသို့ရောက်ရှိနေကြသော ရှမ်းပြည်မြောက်ပိုင်း မန်တုံမြို့နယ် နန့်ဟိုင်အုပ်စု မော်နေကျေးရွာမှ စစ်ဘေးရှောင် မိသားစုဝင်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးညှင်းတပ်နယ်မိသားစုများက စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်ပွဲကို မတ် ၂၂ ရက်က အဆိုပါမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယဗိုလ်မှူးကြီးတင်မျိုးထွန်းက အမှာစကားပြောကြားခဲ့ပြီး စစ်ဘေးရှောင်ပြည်သူများအတွက် ဆန် ဆီ၊ ဆား၊ ကုလားပဲနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ပြီး စစ်ဘေးရှောင်ပြည်သူများကိုယ်စား ဦးရွှေကျောင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကာ မိုးညှင်းတပ်နယ်မှ တပ်မတော်သားများက စစ်ဘေးရှောင်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ (၀၆၇)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၅ စီး၊ သွင်းကုန် ၇၀၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် အစီး ၂၀၀ တို့ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃ ဒသမ ၇ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈ ဒသမ ၁၈၆ သန်းခန့် စုစုပေါင်း ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁ ဒသမ ၈၈၆ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။




ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၂ ရက်တွင် မူဆယ်မြို့မှ လားရှိုးမြို့သို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ် အမျိုးအစားယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဆပ်ပြာမှုန့်၊ ခေါက်ဆွဲခြောက်၊ ဘီယာများနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃ ဒသမ ၇ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လောက်ကိုင်ဒေသပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံးသွားသော မူလတန်းပြဆရာမ ဒေါ်ဗျာမီးအတွက် ထောက်ပံ့ငွေပေးအပ်



**လားရှိုး မတ် ၂၃**

လောက်ကိုင်ဒေသပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံးသွားသော မူလတန်းပြဆရာမ ဒေါ်ဗျာမီးနှင့် ကျန်ရစ်သူသမီးငယ်အတွက် ထောက်ပံ့ငွေများကို ရှမ်းပြည်နယ်မြောက်ပိုင်းလားရှိုးမြို့ အောင်သစ္စာရပ်ကွက်၌ မတ် ၂၃ ရက် နံနက် ၉ နာရီက ပေးအပ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှုးပြုသော ပညာရေးဝန်ကြီးဌာနမိသားစုက လောက်ကိုင်မြို့နယ် အ.မ .က လောင်အဲချီမှ မူလတန်းပြဆရာမဒေါ်ဗျာမီးသည် မတ် ၆ ရက် နံနက် ၂ နာရီက ပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံးသွားခဲ့ပြီး ကျန်ရစ်ခဲ့သော သမီးငယ် မဆောင်းဒီဇင်ဘာထွန်းတို့အတွက် ထောက်ပံ့ငွေကျပ် ၂၈ သိန်း ၅ သောင်းကို ၎င်းတို့၏ နေအိမ်သို့ သွားရောက်၍ ပညာရေးဝန်ကြီးဌာနကိုယ်စား လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယပါမောက္ခချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က အဘိုး၊ အဘွားများဖြစ်ကြသော ဦးဇော်ထွန်း၊ဒေါ်ကြည်ကြည်လွင်တို့၏လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# သင်္ကြန်အကြို မူးခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများကို မုံရွာမြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ ကွင်းဆင်းဆောင်ရွက်

**မုံရွာ မတ် ၂၃**

သင်္ကြန်အကြိုကာလမူးခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများကို ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားရာ မုံရွာမြို့ပေါ်နှင့်ဝန်းကျင်ကျေးလက်များသို့ မတ် ၁၄ ရက်မှစတင်၍ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မုံရွာမြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက နေ့စဉ်လှည့်လည်ပညာပေးဟောပြောခြင်းနှင့် အသိပေးလက်ကမ်းစာစောင်များ ဝေငှပေးမှုကို သင်္ကြန်ကာလအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာမြို့မ ခေတ္တရဲစခန်းမှူး ဒုတိယရဲမှူးတင်ယုထံမှ သိရသည်။

"သင်္ကြန်အကြိုကာလ အသိပညာပေးတာတွေကို မတ် ၁၄ ရက်ကစပြီး နေ့စဉ်သင်္ကြန်ကာလအထိ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အသိပညာပေးတာတွေ ဆောင်ရွက်ပြီးရင်တော့ စစ်ဆေးအရေးယူတာတွေကို ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ မုံရွာမြို့ပေါ် ရပ်ကွက်တွေအပြင် ကျေးရွာတွေအရောက် အသိပညာပေးတာတွေ လုပ်ပါတယ်" ဟု ဒုတိယရဲမှူးတင်ယုက ပြောပြသည်။

သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက သင်္ကြန်ကာလမတိုင်မီ ကြိုတင်ကာ စည်းကမ်းအမိန့်ထုတ်ပြန်ခြင်း၊ နံပါတ်မပါ၊ အိတ်ဇောမတပ် သရုပ်ပျက်ဆိုင်ကယ်များကို သင်္ကြန်မတိုင်မီ သုံးရက်ကြိုတင်၍ စစ်ဆေးအရေးယူခြင်း၊ သင်္ကြန်ကာလအတွင်းသိမ်းဆည်းထားခြင်းများ ဆောင်ရွက်ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ တရားစွဲဆိုတင်ပို့ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် သင်္ကြန်ကာလက အသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မုံရွာခရိုင်အတွင်း သင်္ကြန်ကာလ ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုမရှိခဲ့ကြောင်းလည်း သိရသည်။



ထို့အပြင် မုံရွာမြို့အဝင်အထွက်များတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ကျေးလက်မှ မြို့သို့ လာရောက်သော ဦးထုပ်မဆောင်းသည့် ဆိုင်ကယ်စီးနင်းသူများကို စစ်ဆေးကာ အသိပညာပေးဟောပြောမည်ဖြစ်ပြီး ကုန်ပို လူပိုတင်သော မော်တော်ယာဉ်များ၊ ကြံ့ခိုင်မှုမရှိသော မော်တော်ယာဉ်မောင်းနှင်သူများကို စစ်ဆေးပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရ သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်ကာ ကြိုတင်ကာကွယ်မှုဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ )**

# မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးတွင် ဆီးခုံချင်းဆက် အမြွှာအား ခွဲစိတ်ကုသ

**မန္တလေး မတ် ၂၃**

မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသခံယူနေကြသည့် ဆီးခုံချင်းဆက်အမြွှာ မောင်ဝေယံငြိမ်းနှင့် မောင်ဝေယံဟိန်းတို့ကို မတ် ၂၃ ရက် နံနက် ၉ နာရီမှ စတင်၍ ခွဲစိတ်ကုသခဲ့ကြောင်း ယင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေက ပြောကြားခဲ့သည်။

အဆိုပါ ကလေးငယ်နှစ်ဦးကို မုံရွာမြို့နယ် ဗောဓိတစ်ထောင်အနီး ညောင်ပင်သာရွာမှ တောင်သူလုပ်ကိုင်သည့် အသက် ၃၀ ဝန်းကျင်အရွယ် ကိုအောင်ငြိမ်းနှင့် မမာလာစန်းတို့က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် မုံရွာဆေးရုံ၌ မွေးဖွားခဲ့ပြီး ညနေပိုင်းတွင် မန္တလေးမြို့ ခုတင်၅၅၀ ဆံ့ ကလေးဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူကာ တစ်နှစ်ကျော်အကြာတွင် ခွဲစိတ်မှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အမြွှာကလေးငယ်များ ခွဲစိတ်ကုသမှုတွင် မန္တလေးမြို့ရှိ ခွဲစိတ်ဆရာဝန်များ၊ ရန်ကုန်မြို့ ဆေးရုံများမှ ခွဲစိတ်ဆရာဝန်များအပြင် ကလေးအထူးကု ဆရာဝန်ကြီးများက ပူးပေါင်းပါဝင် ခွဲစိတ်ပေးလျက်ရှိပြီး ခွဲစိတ်မှုရလဒ်ကို မတ် ၂၄ ရက်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်းတိုင်းဒေသကြီး လက်ပံတောင်းမြေ ဆားလင်းကြီးဒေသတွင် အချက်သုံးချက်ပါ တားမြစ်မိန့် မတ် ၂၂ ရက်က ထုတ်ပြန်

**မုံရွာ မတ် ၂၃**

အများပြည်သူ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆားလင်းကြီးမြို့နယ်တွင် ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး လိုက်နာရန်အတွက် အချက်သုံးချက်ပါသည့် တားမြစ်မိန့်အမှတ်(၁/၂၀၁၇)ကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၏ လက်မှတ်ဖြင့် မတ် ၂၂ ရက်က ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါတားမြစ်မိန့်တွင် ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်တောင်ကျေးရွာ၊ မိုးကြိုးပြင်အလယ်ရွာနှင့် မိုးကြိုးပြင်မြောက်ရွာအနီး မုံရွာ-ပုသိမ်လမ်းမကြီးပေါ်တွင် လူစုလူဝေးများအနေဖြင့် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များကို အတားအဆီးပြုလုပ်၍ ပိတ်ဆို့တားဆီးခြင်း၊ ယာဉ်နှင့် လူများကို ထိန်းသိမ်းထားခြင်း၊ ခွင့်ပြုချက်မရှိဘဲစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း စသည့် အများပြည်သူတို့အား အနှောင့်အယှက်ဖြစ်စေသည့် ဆောင်ရွက်မှုများကိုပြုလုပ်နေသည့်အတွက် အမိန့်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရသည်။ တားမြစ်မိန့်တွင် မည်သူမျှ အမိန့်တစ်စုံတစ်ရာမရှိဘဲ လမ်းများပေါ်တွင် ဆူပူလှုံ့ဆော်လိုသောရည်ရွယ်ချက်ဖြင့် လူငါးဦးနှင့် ငါးဦးထက် ပို၍ စုဝေးခြင်း လမ်းလျှောက်ခြင်း စီတန်းလှည့်လည်ခြင်းဟောပြောခြင်း၊ အော်ဟစ်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုန်းရင်းဆန်ခတ်မှုပြုခြင်း၊ တုတ်ဓားလက်နက်လောက်လေးခွနှင့် မီးလောင်စေသောအရာများ ကိုင်ဆောင်ခြင်းမပြုလုပ်ရဟူ၍ ပါဝင်သည်။ ထို့အပြင် မည်သူမျှ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ပုသိမ်-မုံရွာကားလမ်းမကြီးတစ်လျှောက်တွင် အတားအဆီးပြုလုပ်၍ ပိတ်ဆို့ခြင်း လူစုလူဝေးဖြင့် ပိတ်ဆို့ခြင်းမပြုလုပ်ရဟု ပါဝင်သလို မည်သူမျှ လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို နှောင့်ယှက်ခြင်း ဟန့်တားခြင်းမပြုလုပ်ရဟု ပါဝင်သည်။ အဆိုပါ တားမြစ်မိန့်ကိုလိုက်နာရန် ပျက်ကွက်သူကို လုံခြုံရေးတာဝန်ထမ်းဆောင်သူတို့က အင်အားသုံးဖမ်းဆီး၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း မတ် ၂၂ ရက်က ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ရုံးတံဆိပ်ခတ်နှိပ်၍ ဆားလင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြောင်းမြမြို့နယ် အိမ်တစ်လုံးကျေးရွာအလှူ၌ကျွေးသော ထမင်းဟင်းစားသူ ရွာသူရွာသား အများအပြားအစာအဆိပ်သင့်မှုဖြစ်

**မြောင်းမြ မတ် ၂၃**

မြောင်းမြမြို့နယ် အိမ်တစ်လုံးကျေးရွာ ရှင်ပြုအလှူပွဲတွင် ကျွေးမွေးညှော်ခံသော ငါး သလောက်ပေါင်းနှင့် မဲဇလီဟင်းစားသောက်ပြီး ကျေးရွာသူ ကျေးရွာသားများ ယနေ့ ည ၇ နာရီကျော်ခန့်တွင် ဝမ်းသွားအော့အန်ကာ မြောင်းမြပြည်သူ့ဆေးရုံသို့ရောက်ရှိလာရာ ဆေးရုံမှ ဆရာဝန် ဆရာမများ၊ ခရိုင် မြို့နယ် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးရုံသို့ ညကိုးနာရီခန့်မှစ၍ လူနာများတဖွဲဖွဲရောက်ရှိလာပြီး ည ၁၁ နာရီခန့် အထိ ကလေးလူကြီး ၃၀၀ ကျော်ခန့် ရောက်ရှိလာမှုကြောင့် ဆေးရုံကြီးအတွင်း လူနာများထားရှိရန် နေရာအခက်အခဲရှိသဖြင့် ဆေးရုံအပြင်ဘက်တွင် ကွပ်ပျစ်ခင်းရွက်ဖျင်တဲထိုးကာ လူနာများအား နေရာချထားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း ကနဦးသတင်းရရှိသည်။

**အောင်မင်း(မြောင်းမြ)**

# ပွင့်ဖြူမြို့နယ်၌ ဆီဆိုင်ဆောက်လုပ်မှု ကျေးရွာပြည်သူများ ကန့်ကွက်

**ပွင့်ဖြူ မတ် ၂၃**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ကုလားကုန်းကျေးရွာရှိ မင်းထက်ကြွယ်ဆီဆိုင်ဆောက်လုပ်မှုအား ကျေးရွာနေပြည်သူများက မီးဘေးအန္တရာယ်စိုးရိမ်သဖြင့် ကန့်ကွက်ပွဲကို မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကုလားကုန်းကျေးရွာအမက ကျောင်းဝင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါကန့်ကွက်ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာဆိုင်ရာများ တက်ရောက်ဆွေးနွေး ညှိနှိုင်းမှုဖြင့် ကျေးရွာနေပြည်သူ ၈၀ ရာနှုန်း၏ကန့်ကွက်မှုကြောင့် မင်းထက်ကြွယ်ဆီဆိုင်ဆောက်လုပ်မှုအား ရပ်ဆိုင်းခဲ့ကြောင်း၊ ကန့်ကွက်ပွဲသို့ ကုလားကုန်းကျေးရွာနေ ဒေသခံပြည်သူ ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**

# မိုးညှင်းသမ္ဗုဒ္ဓေဘုရားအလှူခံပုံးလေးပုံးမှ အလှူငွေများခိုးယူသူအား ကိုးရက်အတွင်းဖမ်းမိ



**မုံရွာ မတ် ၂၃**

မတ် ၁၄ ရက် နံနက်အစောပိုင်းက မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေဘုရား အာရုံခံအတွင်း အလယ်ရုပ်ပွားတော်ရှေ့မှ အလှူခံပုံးလေးပုံးကို ဖောက်ကာ အလှူငွေများကို ခိုးယူသွားသူအား မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်သိဆိုင်ကယ်ကယ်ရီသမားတစ်ဦး၏ သတင်းပေးချက်အရ ကိုးရက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မုံရွာမြို့မ ခေတ္တရဲစခန်းမှူး ဒုရဲမှူး တင်ယုထံမှ သိရသည်။

“ မတ် ၂၃ ရက် မနက် ၇ နာရီလောက်မှာ မုံရွာမြို့မရဲစခန်းက ရဲအုပ်ဘုန်းအောင်၊ ရဲတပ်ကြပ်ဘဟန်၊ ရဲတပ်ကြပ် ထွန်းသိန်းနဲ့ သမ္ဗုဒ္ဓေဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘလွင်တို့ဟာ မသင်္ကာဖွယ်လူတစ်ဦး ဘုရားကနေ မုံရွာဘုရားနီရှေ့ မုံရွာ-ရွှေဘိုယာဉ်လိုင်းဖြစ်တဲ့ ကံရာမင်းကားနဲ့ ထွက်သွားတဲ့အကြောင်း မြေနဲကျေးရွာက ကယ်ရီသမားတစ်ဦး ဖုန်းဆက်သတင်းပို့တဲ့အတွက် လိုက်လံရှာဖွေရာ မြဝတီရုပ်ကျောက်ကာလမ်းနဲ့ ဗိုလ်တေဇလမ်းထောင့်မှာ မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေတော့ ယာဉ်ရဲ့နောက်ဆုံးခုံမှာ ထိုင်လိုက်လာတဲ့ ဝန်းသိုမြို့ အမှတ်(၁) မြို့သစ်ရပ်နေတဲ့ မျိုးအောင်ထက် (ခ)ပြဲပြဲလွယ်ထားတဲ့ ဘေးလွယ်အိတ်ထဲက ငွေခုနစ်သိန်းကျော် တွေ့ရှိဖမ်းမိခဲ့ပါတယ်” ဟု ဒုရဲမှူး တင်ယုက ပြောသည်။

မုံရွာ-ရွှေဘိုသွား ယာဉ်နောက်ဆုံးခုံမှ လိုက်လာသော မျိုးထက်အောင် (ခ) ပြဲပြဲလွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ငွေကျပ် ၇၆၀၃၅၀ ကိုတွေ့ရှိသဖြင့် မုံရွာမြို့မရဲစခန်းက (ပ)၂၇၆/၂၀၁၇ ရာဇသတ်ကြီး ပုဒ်မ-၃၈၀/ ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ၏ ဝန်ခံထွက်ဆိုချက်အရ မတ် ၁၄ ရက် နံနက်ပိုင်းက မိုးညှင်းသမ္ဗုဒ္ဓေဘုရားအတွင်း ဆင်းတုတော်ရှေ့ထားသောအလှူခံပုံးအတွင်းမှ ခိုးယူခဲ့ကြောင်း ထွက်ဆိုခဲ့သဖြင့် မုံရွာမြို့မရဲစခန်း(ပ)၂၅၁/၂၀၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၈၀/၂၉၅ အမှုမှ တရားခံတစ်ဦးတည်းဖြစ်ကြောင်း ဘုရားပရဝဏ်အတွင်းရှိ စီစီတီဗွီမှတ်တမ်းမှ တရားခံပုံသဏ္ဌာန်နှင့်တူညီပြီး ယခင်က အလှူခံပုံးအတွင်းမှ ခိုးယူခဲ့သောငွေများအား လိုက်လံသိမ်းဆည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဒုရဲမှူးတင်ယု၏ ပြောပြချက်အရ သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**






ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

နှစ်ပေါင်း(၂၀)ခန့် ဘဏ်လုပ်ငန်းဖြင့် အောင်မြင်ခိုင်မာစွာ ရပ်တည်လျက်ရှိသော အင်းဝဘဏ်လီမိတက်သည် ရင်းနှီးနွေးထွေးသော ဝန်ဆောင်မှုဖြင့် တိုင်းရင်းသား မိဘပြည်သူများ၏ ငွေကြေးကိစ္စရပ်များ၊ စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စရပ်များကို ဘဏ်လုပ်ငန်းဖြင့် ရင်းနှီးစွာ အသုံးချနိုင်ရန် ရည်ရွယ်ပြီး (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်(၄၃)ခုမြောက် ဘဏ်ခွဲဖြစ်သော အင်းဝဘဏ်ခွဲ (ဖြူး)ကို (၂၂-၃-၂၀၁၇)ရက်နေ့၌ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

Myanmar MOBILE MONEY

# ရေးမြို့နယ်တွင် မီးဘေးကာကွယ်ရေးအတွက် ၂၄ နာရီ အသင့်အနေအထား ဆောင်ရွက်ထား

**ရေး မတ် ၂၃**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ ရောက်ရှိလာပြီဖြစ်၍ မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ၂၄ နာရီ အချိန်ပြည့် လူ၊ ယာဉ်၊ ဆီ၊ ရေ အသင့်အနေအထား ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ရေးမြို့နယ်မီးသတ်တပ်ဖွဲ့တွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား ၁၁၀၁ ဦးရှိပြီး မီးသတ်ယာဉ်အစီး ၂၀ နှင့် ပုဂ္ဂလိကရေသယ် အကူ ယာဉ်များရှိကြောင်း၊ ၂၄ နာရီလုံး ရေပြတ်လပ်မှုမရှိစေရန်အတွက် ရေစုပ်စက်၊ ရေငုတ်များ အထိုင်နေရာဖြစ်သည့် မြသီတာဈေး၊ ရေးကမ်းနား၊ မြကန်သာကျုံး၊ မီးသတ်စခန်း ရေသိုလှောင်ကန်များကိုလည်း အသင့်အနေအထား ဆောင်ရွက်ထား ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထိုက်၏ ပြောကြားချက်အရ သိရသည်။

ထို့အပြင် ခေါဇာမြို့တွင် နယ်မြေမီးသတ်စခန်း ထပ်မံတိုးချဲ့ရန် ဖွဲ့စည်းပုံအရ ခွင့်ပြု ထားပြီးဖြစ်ရာ မီးသတ်စခန်းမြေနေရာ လတ်တလော မရှိသေးသော်လည်း လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တောင်ဘုံကျေးရွာ မီးသတ်စခန်း အဆောက် အအုံသစ်ကို ဆောက်လုပ်ကာ မီးသတ်ယာဉ်နှစ်စီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ကိုးဦး တို့ကို ထားရှိရန် ပြည်နယ်မီးသတ်ဦးစီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

မီးဘေးကာကွယ်ရေးအတွက် ရေးမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများတွင် မီးဘေးအန္တရာယ်အကြောင်း နှိုးဆော်သတိပေးခြင်း၊ သတ်မှတ်ချိန်အတိုင်း မီးသုံးစွဲ ကြရန်နှင့် မီးသုံးစွဲမှုအခြေအနေများကို စစ်ဆေးအကြံပြုခြင်း၊ လက်တွေ့မီးငြိမ်းသတ် နည်းများ သရုပ်ပြ အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ ရေးမြို့နယ်တွင် ၂၀၁၆ ခုနှစ်အတွင်းက မီးလောင်မှုငါးကြိမ်ဖြစ်ပွားခဲ့ပြီး လူနေ အိမ်လေးလုံး ဆုံးရှုံးခဲ့ကာ ယခု ၂၀၁၇ ခုနှစ်တွင်လည်း ယနေ့အချိန်အထိ မီးလောင်မှု လေးကြိမ် ဖြစ်ပွားခဲ့ပြီး လူနေအိမ်လေးလုံးနှင့် ပျံကျဈေးဆိုင်ခန်း လေးခန်း မီးလောင် ဆုံးရှုံးထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးဝါးကုသပေး

**ရွှေဘို မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ဓမ္မပီယ လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ရွှေဘိုမြို့ အမှတ်(၄) အောင်ဇေယျရပ်ကွက်မှ ပြည်သူများအား မတ် ၂၀ ရက်က တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးဝါးကုသမှုများ အခမဲ့ ဆောင်ရွက်ပေးခဲ့ရာ ရပ်ကွက်နေပြည်သူ ၇၈ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင် ဦးဆောင်သော အဖွဲ့က တိုင်းရင်းဆေးဝါးများပေးခြင်း၊ ဆေးကြပ်ထုပ်ထိုးပေးခြင်း၊ ဆေးစည်းပေးခြင်း တို့ဖြင့် ကွင်းဆင်း ကုသပေးခဲ့ကြခြင်းဖြစ်ပြီး ဆေးကုသပေးရာတွင် လိုအပ်ချက်များကို ဓမ္မပီယ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။

**ဂျူနိုင်း**

## သတင်းတိုများ

### ကျေးရွာချင်းဆက် ကျောက်ချောလမ်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာအုပ်စု သာရဘွင်ရွာမကျေးရွာနှင့် တလိုင်းတပ် ကျေးရွာကြားဆက်သွယ်သည့် ကျေးရွာချင်းဆက်ကျောက်ချောလမ်း ခင်းကျင်းပြီးစီးသည့် အခြေအနေကို တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော် ဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးညီညီဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက မတ် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါလမ်းကို တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၇ သန်းဖြင့် မြန်မာ့မနော ကုမ္ပဏီ လီမိတက်က တာဝန်ယူ၍ ခင်းကျင်းခဲ့ကြောင်း၊ လမ်းအရှည် တစ်မိုင်ခွဲကျော်ရှိ မြေသား လှည်းလမ်းတွင် အကျယ် ၁၂ ပေနှင့် ထုကိုးလက်မ ကျောက်ချောခင်းခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

### နွေရာသီ အခြေခံအားကစားသင်တန်းဆင်း

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို မတ် ၂၁ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အားကစားသင်တန်းသား ကျောင်းသားကျောင်းသူ များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းနည်းပြများကိုလည်း အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးစိုးဝင်းသန်းကလည်း သင်တန်းကြီးကြပ်မှု ဦးစီးကော်မတီ အဖွဲ့အား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ မန်စီမြို့ နွေရာသီ အခြေခံအားကစား သင်တန်းကို မတ် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဘောလုံး၊ စားပွဲတင်တင်းနစ်နှင့် အေရိုးဗစ် အားကစားနည်းများကို သင်ကြားပို့ချခဲ့ကြောင်း မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ တာဝန်ရှိသူထံ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မုံရွာမြို့တွင် မဲရုံနှစ်ရုံကို နေရာပြောင်းရွှေ့ ဖွင့်လှစ်သွားမည်

**မုံရွာ မတ် ၂၃**

ဧပြီ ၁ ရက်တွင်ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၂၄၈၅၇၈ ဦးရှိသော မုံရွာမြို့နယ်အတွင်း၌ မဲရုံ ၁၅၉ ရုံကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၅ ခုတွင် နေရာများသတ်မှတ်၍ ဖွင့်လှစ်သွားမည်ဖြစ်ရာ သံဃာ တော်များ စာမေးပွဲဖြေဆိုချိန်နှင့် တိုက်ဆိုင်နေသည့် အတွက် စာမေးပွဲဖြေဆိုမည့် အထက်တန်းကျောင်း နှစ်ကျောင်းတွင် ဖွင့်လှစ်မည့်မဲရုံများကို ရပ်ကွက်များ အတွင်းမှ နေရာနှစ်ခုသို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ် ကြောင်း သိရသည်။

"သံဃာတော်တွေ စာမေးပွဲနဲ့ တိုက်ဆိုင်နေတဲ့အတွက် မုံရွာမြို့ပေါ် အလယ်ရပ်က အမှတ်(၁)အထက်တန်း ကျောင်းထဲက မဲရုံကို ကျောက်ကာလမ်း အလယ်ရပ်ထဲ မှာရှိတဲ့ မုံရွာမြို့နယ် သမဝါယမရုံးထဲကို ပြောင်းရွှေ့ထား ပါတယ်။ နောက်ပြီး သလ္လာရပ်ကွက်ထဲက အထက်တန်း ကျောင်းမှာလည်း သံဃာတော်တွေ စာမေးပွဲရှိတဲ့အတွက် သလ္လာရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတစာသင်ကျောင်း ထဲကို ရွှေ့ထားပါတယ်။ သလ္လာရပ်က နေထိုင်သူတွေ များတဲ့အတွက် မဲရုံနှစ်ရုံကို ပရဟိတကျောင်းထဲမှာ ဖွင့် ပေးထားပါမယ်" ဟု မုံရွာမြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကျင်စောက ပြောသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြားဖြတ် ရွေးကောက်ပွဲနေ့တွင် ပြည်သူများ လွတ်လပ်အေးချမ်း စွာ မဲဆန္ဒပေးနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ အမှားအယွင်းမရှိစေရေးအတွက် စနစ်တကျ စိစစ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံတက်နေရခြင်း၊ အချုပ်ကျနေခြင်းနှင့် နာတာရှည် ဖျားနာနေခြင်းများ ကြောင့် မဲမပေးနိုင်သူများအတွက်လည်း မတ် ၃၀ ရက် တွင် ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးက အိမ်နေရာအရောက် မဲပုံးဖြင့်သွားရောက်၍ ကြိုတင်မဲဆန္ဒပေးနိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် မလိုအပ်ဘဲ ကြိုတင်မဲပေးစေခြင်းမျိုး မရှိစေရန်လည်း စီစဉ်ဆောင် ရွက်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ထင်းအစားထိုး ထိုင်းနိုင်ငံလုပ် သဘာဝဓာတ်ငွေ့ရည် ဖြန့်ဖြူးရောင်းချသွားမည်



**မိတ္ထီလာ မတ် ၂၃**

လောင်စာသုံးစွဲရာတွင် ထင်းသုံးစွဲခြင်း ကြောင့် သစ်တောပြုန်းတီးမှု မရှိစေရေး၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုကို လျော့နည်း စေရေးနှင့် ချက်ပြုတ်ရာတွင် အိမ်ရှင်မ များအနေဖြင့် အချိန်ကုန်သက်သာစေ ရေးအတွက် ထိုင်းနိုင်ငံလုပ် ရေနံ ဓာတ်ငွေ့ရည် အလုပ်ရုံကို မိတ္ထီလာမြို့ တွင်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများသို့ ဧပြီလမှစ၍ လက်လီ လက်ကား ဖြန့်ချိရောင်းချသွားမည်ဖြစ် ကြောင်း သိရသည်။

ထိုင်းနိုင်ငံလုပ် Thai LP Gas ရေနံဓာတ်ငွေ့ရည် အလုပ်ရုံ Filling Station ကို Awra Trading ကုမ္ပဏီ လီမိတက်က မိတ္ထီလာမြို့အတွက် မိတ္ထီလာ-မြင်းခြံလမ်းပေါ် သရက်အုပ်ကျေးရွာ အနီးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရ သည်။ အဆိုပါနေရာရှိ မြေ ၂ ဒသမ ၀၃ ဧကပေါ်တွင် သဘာဝရေနံဓာတ်ငွေ့ရည် အလုပ်ရုံကို တည်ဆောက်ပြီးနောက် ဓာတ်ငွေ့ရည် အရောင်းဆိုင်များကို မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာမြို့ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်း မြို့ ချောက်မြို့နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတွင် တောင်ကြီးမြို့များ၌ ဖွင့်လှစ်၍ လက်လီလက်ကား တွင်ကျယ် စွာ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် သဘာဝ ရေနံ ဓာတ်ငွေ့ရည်ကို ထိုင်းနိုင်ငံနှင့် တရုတ် နိုင်ငံတို့မှ တင်သွင်း၍ မိတ္ထီလာ ဓာတ်ငွေ့ ရည်အရောင်းဆိုင်မှ လက်လီလက်ကား တန် ၅၀၀ မှ တန် ၇၀၀ အထိ ဖြန့်ဖြူးနေ ကြောင်း၊ ဧပြီလမှစ၍ မိတ္ထီလာ ပင်မ ဓာတ်ငွေ့ရည်အရောင်းဆိုင်မှ မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ရှမ်းပြည်နယ် တောင်ပိုင်း ဓာတ်ငွေ့ရည်အရောင်းဆိုင် များသို့ လစဉ် ဓာတ်ငွေ့ရည် တန် ၃၀၀၀ ကျော် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ် ကြောင်း သိရသည်။

ရေနံဓာတ်ငွေ့ရည် ဈေးနှုန်းမှာ တစ်လီတာဘူး တစ်ဘူးလျှင် ကျပ် ၆၀၀ ဖြစ်ပြီး ထင်းအစားထိုး၊ လျှပ်စစ်အစားထိုး လောင်စာအဖြစ် သုံးစွဲချက်ပြုတ်ခြင်းဖြင့် အိမ်ရှင်မများအနေဖြင့် အလွယ်တကူ အချိန်ကုန်သက်သာစွာ ချက်ပြုတ်နိုင် ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ရေရှားပါးပြတ်လပ်နေသော ကျေးရွာနှစ်ရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး မတ် ၂၃**

သောက်သုံးရေရှားပါးသည့် အခက်အခဲ နှင့် ကြုံတွေ့နေရသည့် ညောင်ဦးမြို့နယ် မကျီးတန်းကျေးရွာနှင့် ကြို့ပင်တော တဲတန်းကျေးရွာမှ ဒေသခံ ကျေးလက်နေ ပြည်သူများအတွက် သောက်သုံးရေများ ကို ပုဂံမြို့ ရတနာဘုံစံ တောရကျောင်း ဆရာတော် ဦးသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာ ရေအလှူတော်အသင်းမှ အသင်းဝင်များက ရေသယ်ယာဉ်များ ဖြင့် မတ် ၂၁ ရက်က သွားရောက်လှူဒါန်း ခဲ့ကြောင်း သိရသည်။



ရေများသွားရောက်လှူဒါန်းရာတွင် မကျီးတန်းကျေးရွာရှိ အိမ်ခြေ ၁၆၈ အိမ် အတွက် ဂါလံ၁၅၀၀ဆံ့ ရေသယ်ယာဉ် တစ်စီးနှင့် ကြို့ပင်တောတဲတန်းကျေးရွာ ရှိ အိမ်ခြေ ၃၆ အိမ်အတွက် ဂါလံ ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက် ဖြန့်ဝေ လှူဒါန်းပေးခဲ့ကြောင်း၊ အဆိုပါ ကျေးရွာနှစ်ရွာရှိ ဒေသခံ ကျေးလက်နေ ပြည်သူများသည် ယခုလို နွေရာသီ အချိန်များတွင် နှစ်စဉ် သောက်သုံးရေ ရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့ရ လေ့ရှိပြီး ဒေသခံပြည်သူများမှာ ရေကို ဝယ်ယူသုံးစွဲနေရ၍ လုံလောက်စွာ သုံးစွဲခွင့်မရဖြစ်နေကြောင်း၊ ထို့ကြောင့် ဖြူစင်မေတ္တာ ရေအလှူတော်အသင်းက ရေများကို နှစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် သွားရောက် လှူဒါန်းပေးနေရကြောင်း ဖြူစင်မေတ္တာ ရေအလှူတော်အသင်းမှ ဦးဝင်းမင်းထွန်းက ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြင်းခြံမြို့တွင် ပညာဒါန ဓာတ်ပုံသင်တန်း ဖွင့်လှစ်ပို့ချမည်

**မြင်းခြံ မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်သံခန်းမ၌ ပညာဒါန ဓာတ်ပုံသင်တန်းကို ဧပြီ ၅ ရက်တွင် ဖွင့်လှစ်သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာဒါန ဓာတ်ပုံသင်တန်းတွင် ဓာတ်ပုံပညာရှင် မောင်မောင်ဝင်းကို(Sun Star)က သင်ကြားပေးသွားမည်ဖြစ်ပြီး သင်ကြားမည့် ဘာသာရပ်များအနေဖြင့် ဓာတ်ပုံပညာကို အခြေခံမှ ပညာရှင်အဆင့် ရိုက်ကူးနည်းများ၊ အောက်ဒိုးရိုက်ကူးခြင်း စသည်တို့ကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်လိုပါက ကိုအောင်ဇော်မြင့်(ယူနီတီ ဗီဒီယို၊ ဓာတ်ပုံ ရိုက်ကူးရေး)ထံ စာရင်းပေးသွင်းနိုင်ပြီး သင်တန်းကာလမှာ ဧပြီ ၅ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပညာရှင် မောင်မောင်ဝင်းကို(Sun Star)အနေဖြင့် ပညာဒါန ဓာတ်ပုံသင်တန်းများကို မြင်းခြံမြို့အပြင် ကျောက်ဆည်မြို့ ကျွန်းလှမြို့နှင့် ပြင်ဦးလွင်မြို့များတွင်လည်း ဆက်လက်ဖွင့်လှစ်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အသင်းကြီးအချို့အခက်တွေ့နိုင်တဲ့ ခြေစစ်ပွဲ



— ဝေမိုးဆက် —

ဒီတစ်ပတ်မှာတော့ ကလပ်အသင်းပွဲတွေကစားမှာမဟုတ်ဘဲ နိုင်ငံတကာပွဲတွေကိုသာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါနိုင်ငံတကာပွဲစဉ်တွေအနက်က စိတ်ဝင်စားဖို့ကောင်းမွန်နေတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေကို သုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်တွေအထဲမှာလည်း ပွဲကောင်းတွေပါဝင်နေတာကြောင့် အဆိုပါ ၂၀၁၈ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေအနက်က ပွဲကောင်းတွေကို ထုတ်နုတ်တင်ပြသွားမှာဖြစ်ပြီး အီတလီ၊ စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်တို့ နိုင်ပွဲယူဆောင်သွားနိုင်မှာလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။

## အီတလီ VS အယ်ဘေးနီးယား

| နောက်ဆုံးရလဒ် | အီတလီ | ၁ | ၀ | အယ်ဘေးနီးယား |
|---|---|---|---|---|

အီတလီဟာ အုပ်စုတွင်းမှာစပိန်လိုအသင်းကောင်းနဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ဖို့အတွက် ပွဲတိုင်းကို အမှားမခံစတမ်းအားစိုက်ကစားနေပါတယ်။ ဒီပွဲစဉ်မှာလည်း အီတလီအနေနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အယ်ဘေးနီးယားကတော့ ဒီပွဲအနိုင်ရရင် ခြေစစ်ပွဲအောင်မြင်ဖို့မျှော်လင့်နိုင်မှာဖြစ်ပေမယ့် ခြေစွမ်းအားနည်းလို့ အီတလီပဲအနိုင်ရမယ်။

## ဘူဂေးရီးယား VS ဟော်လန်

| နောက်ဆုံးရလဒ် | ဟော်လန် | ၁ | ၂ | ဘူဂေးရီးယား |
|---|---|---|---|---|

ပြင်သစ်နဲ့တစ်အုပ်စုတည်းကျနေကာ အုပ်စု ဒုတိယနေရာမှာရှိနေပေမယ့် ဆွီဒင်နဲ့လည်း အမှတ်တူနေတဲ့အတွက် ခြေစစ်ပွဲအောင်မြင်ဖို့ဆိုရင် ဒီပွဲမှာဟော်လန်တို့ မဖြစ်မနေအနိုင်ရဖို့လိုအပ်ပါတယ်။ ဒါကြောင့် အားစိုက်လာမှာဖြစ်ပြီး ဒီပေး၊ ရော်ဘင်တို့လည်းခြေစွမ်းပြနေပါတယ်။ ဘူလ်ဂေးရီးယားကတော့ အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲမှာတော့ ဟော်လန်ကသာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

## ဘယ်လ်ဂျီယံ VS ဂရိ

| နောက်ဆုံးရလဒ် | ဂရိ | ၁ | ၁ | ဘယ်လ်ဂျီယံ |
|---|---|---|---|---|

အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေတဲ့နှစ်သင်းဖြစ်လို့ ဒီပွဲကတိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရေးအတွက် အရေးပါလွန်းပါတယ်။ ဂရိဟာဒီခြေစစ်ပွဲအတွင်း ခြေစွမ်းပိုင်းတောက်လျှောက်တည်ငြိမ်နေသလိုအသင်းလိုက် ကစားပုံကလည်းကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့်လည်း ဘယ်လ်ဂျီယံကအိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာမှာဖြစ်ပြီး လူကာကူ၊ ဟာဇက်တို့လို ကစားသမားတွေနဲ့သာ ပွဲထွက်လာနိုင်ပါတယ်။ ဘယ်လ်ဂျီယံပဲ အနိုင်ရမယ်။

## အိုင်ယာလန် VS ဝေလ

| နောက်ဆုံးရလဒ် | ဝေလ | ၀ | ၀ | အိုင်ယာလန် |
|---|---|---|---|---|

အုပ်စုတတိယနေရာမှာရှိနေကာ ခြေစစ်ပွဲအောင်ဖို့ရုန်းကန်နေရတဲ့ ဝေလဟာဒီပွဲစဉ်မှာ အနိုင်ရပါမှ ခြေစစ်ပွဲအောင်မြင်ဖို့မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝေလဟာဘေးလ်အပါအဝင်လူစုံအသုံးပြုလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အိုင်ယာလန်ကလည်းခြေစွမ်းအကောင်းဆုံးရှိနေကာ အုပ်စုထိပ်ဆုံးမှာဆက်လက်ရပ်တည်နိုင်ဖို့ အားစိုက်လာမှာသေချာနေသလို အိမ်ကွင်းလည်းဖြစ်တယ်။ ဝေလတို့ သရေလောက်ပဲရမယ်။

## ခရိုအေးရှား VS ယူကရိန်း

| နောက်ဆုံးရလဒ် | ခရိုအေးရှား | ၂ | ၂ | ယူကရိန်း |
|---|---|---|---|---|

ဒီပွဲကလည်း အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေတဲ့နှစ်သင်းဆုံပွဲဖြစ်လို့ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်နိုင်ဖို့အရေးပါတဲ့ပွဲဖြစ်ပါတယ်။ ဒါကြောင့်လည်း နှစ်သင်းစလုံးအနိုင်ရဖို့အားစိုက်လာမှာဖြစ်ပြီး ခရိုအေးရှားကအိမ်ကွင်းဖြစ်လို့ မိုဒရစ်အပါအဝင်လူစုံသုံးပြီး အုပ်စုထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်အောင်အားစိုက်လာမှာ သေချာနေပါတယ်။ ယူကရိန်းခြေကလည်း ကောင်းမွန်ပေမယ့် ကစားသမားပိုပြည့်ဝတဲ့ ခရိုအေးရှားပဲအနိုင်ရမယ်။

## အဇာဘိုင်ဂျန် VS ဂျာမနီ

| နောက်ဆုံးရလဒ် | အဇာဘိုင်ဂျန် | ၁ | ၃ | ဂျာမနီ |
|---|---|---|---|---|

အဇာဘိုင်ဂျန်ဟာ လက်ရှိအချိန်မှာအုပ် စုဒုတိယနေရာက မြောက်အိုင်ယာလန်အမှတ်တူ အနေအထားဖြစ်နေလို့ ဒီပွဲအနိုင်ရခဲ့ရင်အုပ် စုဒုတိယနေရာကိုမျှော်လင့်နိုင်မှာဖြစ်လို့ အိမ်ကွင်းမှာ ခြေကုန်ထုတ်လာနိုင်ပါတယ်။ လက်ရှိ အဇာဘိုင်ဂျန်ရဲ့အသင်းလိုက်ခြေကလည်း မဆိုးပါဘူး။ ဒါပေမယ့် ကစားသမားစုဖွဲ့မှု တောင့်တင်းလွန်းတဲ့ ဂျာမနီကိုတော့ ပွဲချိန်ပြည့်ထိန်းနိုင်ဖို့ခက်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဂျာမနီကသာ နိုင်ပွဲရသွားမှာပါ။

## ပြင်သစ် VS လတ်ဆင်းဘတ်

| နောက်ဆုံးရလဒ် | လတ်ဆင်းဘတ် | ၀ | ၂ | ပြင်သစ် |
|---|---|---|---|---|

ပြင်သစ်က အုပ်စုထိပ်ဆုံးမှာဆက်လက် ရပ်တည်နိုင်ဖို့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ ပြင်သစ်မှာ ပေါ့ဂ်ဘာပါဝင်နိုင်ဖို့မသေချာပေမယ့် ဂရစ်ဇ်မန်း၊ ကန်တီ၊ ပါယက်တို့လို ကစားသမားတွေရှိနေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လတ်ဆင်းဘတ်ကတော့ အုပ်စုတွင်းမှာ အားအနည်းဆုံးအသင်းဖြစ်ပြီး စုဖွဲ့မှုအရရော အသင်းလိုက်အားမှာပါ ပြင်သစ်ကိုထိန်းဖို့မဖြစ်နိုင်ပါဘူး။ ပြင်သစ်ကသာအိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ရမယ်။

## စပိန် VS အစ္စရေး

| နောက်ဆုံးရလဒ် | အစ္စရေး | ၁ | ၁ | စပိန် |
|---|---|---|---|---|

စပိန်အနေနဲ့လည်း လက်ရှိအချိန်မှာအုပ်စု ထိပ်ဆုံးမှာ ရပ်တည်နေပေမယ့် အီတလီနဲ့အမှတ်တူ အနေအထားမှာရှိနေတာကြောင့် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ လုံးဝအမှားမခံတဲ့ အခြေအနေရောက်နေပါတယ်။ ဒါကြောင့်ဒီပွဲစဉ်မှာ စပိန်အနေနဲ့အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါပေမယ့် အစ္စရေးကလည်း ဒီပွဲအနိုင်ရခဲ့ရင် စပိန်ရဲ့အထက်မှာ ရပ်တည်နိုင်မှာဖြစ်လို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် စပိန်ကပ်ပြီးသာနိုင်မယ်။

### အုပ်စု (A)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပြင်သစ် | ၄ | ၃ | ၁ | ၀ | ၁၀ |
| ဟော်လန် | ၄ | ၂ | ၁ | ၁ | ၇ |
| ဆွီဒင် | ၄ | ၂ | ၁ | ၁ | ၇ |
| ဘူဂေးရီးယား | ၄ | ၂ | ၀ | ၂ | ၆ |
| ဘီလာရုစ် | ၄ | ၀ | ၂ | ၂ | ၂ |
| လတ်ဆင်းဘတ် | ၄ | ၀ | ၁ | ၃ | ၁ |

### အုပ်စု (B)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဆွစ်ဇာလန် | ၄ | ၄ | ၀ | ၀ | ၁၂ |
| ပေါ်တူဂီ | ၄ | ၃ | ၀ | ၁ | ၉ |
| ဟန်ဂေရီ | ၄ | ၂ | ၁ | ၁ | ၇ |
| ဖါရိုကျွန်းစု | ၄ | ၁ | ၁ | ၂ | ၄ |
| လတ်ဗီးယား | ၄ | ၁ | ၀ | ၃ | ၃ |
| အန်ဒိုရာ | ၄ | ၀ | ၀ | ၄ | ၀ |

### အုပ်စု (C)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဂျာမနီ | ၄ | ၄ | ၀ | ၀ | ၁၂ |
| မြောက်အိုင်ယာလန် | ၄ | ၂ | ၁ | ၁ | ၇ |
| အဇာဘိုင်ဂျန် | ၄ | ၂ | ၁ | ၁ | ၇ |
| ချက် | ၄ | ၁ | ၂ | ၁ | ၅ |
| နော်ဝေ | ၄ | ၁ | ၀ | ၃ | ၃ |
| ဆမ်မာရီနို | ၄ | ၀ | ၀ | ၄ | ၀ |

### အုပ်စု (D)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| အိုင်ယာလန် | ၄ | ၃ | ၁ | ၀ | ၁၀ |
| ဆားဘီးယား | ၄ | ၂ | ၂ | ၀ | ၈ |
| ဝေလ | ၄ | ၁ | ၃ | ၀ | ၆ |
| ဩစတြီးယား | ၄ | ၁ | ၁ | ၂ | ၄ |
| ဂျော်ဂျီယာ | ၄ | ၀ | ၂ | ၂ | ၂ |
| မော်ဒိုဗာ | ၄ | ၀ | ၁ | ၃ | ၁ |

## အင်္ဂလန် VS လစ်သူရေးနီးယား

| နောက်ဆုံးရလဒ် | လစ်သူရေးနီးယား | ၀ | ၃ | အင်္ဂလန် |
|---|---|---|---|---|

ရှုန်နေး၊ ဟယ်ရီကိန်းတို့ပါဝင်နိုင်ခြင်းမရှိတာကြောင့် အင်္ဂလန်ရဲ့တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အင်္ဂလန်ဟာ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာမှာဖြစ်သလို အလီ၊ ဒီဖိုးတို့လို ကစားသမားတွေလည်းပါဝင်လာမှာ ဖြစ်ပါတယ်။ လစ်သူရေးနီးယားကတော့ ဒီပွဲအနိုင်ရရင်အုပ်စု ဒုတိယနေရာကို မျှော်လင့်နိုင်မှာဖြစ်လို့ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ခြေစွမ်းအားနည်းမှုတွေရှိနေလို့ အင်္ဂလန်ပဲအနိုင်ရမယ်။

### အုပ်စု (E)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပိုလန် | ၄ | ၃ | ၁ | ၀ | ၁၀ |
| မွန်တီနီဂရိုး | ၄ | ၂ | ၁ | ၁ | ၇ |
| ဒိန်းမတ် | ၄ | ၂ | ၀ | ၂ | ၆ |
| ရိုမေးနီးယား | ၄ | ၁ | ၂ | ၁ | ၅ |
| အာမေးနီးယား | ၄ | ၁ | ၀ | ၃ | ၃ |
| ကာဇက်စတန် | ၄ | ၀ | ၂ | ၂ | ၂ |

### အုပ်စု (F)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| အင်္ဂလန် | ၄ | ၃ | ၁ | ၀ | ၁၀ |
| စလိုဗေးနီးယား | ၄ | ၂ | ၂ | ၀ | ၈ |
| စလိုဗက်ကီးယား | ၄ | ၂ | ၀ | ၂ | ၆ |
| လစ်သူရေးနီးယား | ၄ | ၁ | ၂ | ၁ | ၅ |
| စကော့တလန် | ၄ | ၁ | ၁ | ၂ | ၄ |
| မော်လ်တာ | ၄ | ၀ | ၀ | ၄ | ၀ |

### အုပ်စု (G)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| စပိန် | ၄ | ၃ | ၁ | ၀ | ၁၀ |
| အီတလီ | ၄ | ၃ | ၁ | ၀ | ၁၀ |
| အစ္စရေး | ၄ | ၃ | ၀ | ၁ | ၉ |
| အယ်ဘေးနီးယား | ၄ | ၂ | ၀ | ၂ | ၆ |
| မက်ဆီဒိုးနီးယား | ၄ | ၀ | ၀ | ၄ | ၀ |
| လီချင်စတိန်း | ၄ | ၀ | ၀ | ၄ | ၀ |

### အုပ်စု (H)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဘယ်ဂျီယံ | ၄ | ၄ | ၀ | ၀ | ၁၂ |
| ဂရိ | ၄ | ၃ | ၁ | ၀ | ၁၀ |
| ဘော့စနီးယား | ၄ | ၂ | ၁ | ၁ | ၇ |
| ဆိုက်ပရပ်စ် | ၄ | ၁ | ၀ | ၃ | ၃ |
| အက်စ်တိုးနီးယား | ၄ | ၁ | ၀ | ၃ | ၃ |
| ဂျီဘရော်တာ | ၄ | ၀ | ၀ | ၄ | ၀ |

## ပေါ်တူဂီ VS ဟန်ဂေရီ

| နောက်ဆုံးရလဒ် | ဟန်ဂေရီ | ၃ | ၃ | ပေါ်တူဂီ |
|---|---|---|---|---|

လက်ရှိအချိန်မှာ အုပ်စုဒုတိယဖြစ်နေပြီး ဆွစ်ဇာလန်ထက် သုံးမှတ်နည်းနေတဲ့ပေါ်တူဂီဟာ ခြေစစ်ပွဲအောင်မြင်နိုင်ဖို့ဆိုရင် ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ပေါ်တူဂီအနေနဲ့ ရော်နယ်ဒိုအပါအဝင်လူစုံ အသုံးပြုလာနိုင်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် ဟန်ဂေရီကလည်းဒီပွဲအနိုင်ရရင် ပေါ်တူဂီကိုကျော်ဖြတ်နိုင်မှာဖြစ်လို့ ခြေကုန်ထုတ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ပေါ်တူဂီကပ်ပြီးသာနိုင်မယ်။

### ကမ္ဘာ့ဖလားတောင်အမေရိကဇုန်ခြေစစ်ပွဲ

အင်္ဂါနေ့ (၂၈-၃-၁၇)

| အချိန် | အသင်း | | | အသင်း |
|---|---|---|---|---|
| နံနက် ၂း၃၀ | ဘိုလီးဗီးယား | ☐ | ☐ | အာဂျင်တီးနား |
| နံနက် ၃း၃၀ | အီကွေဒေါ | ☐ | ☐ | ကိုလံဘီယာ |
| နံနက် ၄း၃၀ | ချီလီ | ☐ | ☐ | ဗင်နီဇွဲလား |
| နံနက် ၇း၁၅ | ဘရာဇီး | ☐ | ☐ | ပါရာဂွေး |
| နံနက် ၈း၄၅ | ပီရူး | ☐ | ☐ | ဥရုဂွေး |

### ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ

အင်္ဂါနေ့ (၂၈-၃-၁၇)

| အချိန် | အသင်း | | | အသင်း |
|---|---|---|---|---|
| ညနေ ၃း၃၀ | ဩစတြေးလျ | ☐ | ☐ | ယူအေအီး |
| ညနေ ၅း၀၅ | ဂျပန် | ☐ | ☐ | ထိုင်း |
| ညနေ ၅း၃၀ | တောင်ကိုရီးယား | ☐ | ☐ | ဆီးရီးယား |
| ည ၆း၃၀ | အီရန် | ☐ | ☐ | တရုတ် |
| ည ၇း၃၀ | ဥဇဘက် | ☐ | ☐ | ကာတာ |
| နံနက် ၀၀း၀၀ | ဆော်ဒီအာရေဗျ | ☐ | ☐ | အီရတ် |

### အုပ်စု (I)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ခရိုအေးရှား | ၄ | ၃ | ၁ | ၀ | ၁၀ |
| ယူကရိန်း | ၄ | ၂ | ၂ | ၀ | ၈ |
| အိုက်စလန် | ၄ | ၂ | ၁ | ၁ | ၇ |
| တူရကီ | ၄ | ၁ | ၂ | ၁ | ၅ |
| ဖင်လန် | ၄ | ၀ | ၁ | ၃ | ၁ |
| ကိုဆိုဗို | ၄ | ၀ | ၁ | ၃ | ၁ |



# တိုက်စစ်မှူးအီဘရာဟီမိုဗစ်ရဲ့ကွက်လပ်အတွက် သရဲနီတပ်သားသစ်ဖြစ်လာနိုင်သူများ

အောင်က

ဆွီဒင်တိုက်စစ်မှူးအီဘရာဟီ မိုဗစ်ရဲ့ ပရီမီယာလိဂ်ပထမဦးဆုံးရာသီက အဖွင့်လှခဲ့တယ်။ မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲစုံမှာပွဲ ၄၀ အထိကစားပြီး ၂၆ ဂိုးအထိသွင်းယူပေးထားသူ ဖြစ်ပါတယ်။ သူ့အသက် သူ့အရွယ်နဲ့ကြည့်ရင်တော့ ဒါဟာ အရမ်းကို ခြေစွမ်းကောင်းလွန်းနေသေးတယ်လို့ ပြောရမယ်။ ဒါပေမယ့် အီဘရာဟီမိုဗစ်ဟာအသက်က ၃၅ နှစ်ရှိပြီဖြစ်ပြီး လက်ရှိစာချုပ်သက်တမ်းကလည်း နွေရာသီမှာကုန်ဆုံးမှာ ဖြစ်တယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကတော့ အသင်းမှာ နောက်တစ်ရာသီရှိ နေကောင်းရှိနေနိုင်သလို အမေရိက၊ အီတလီသို့မဟုတ် တရုတ်ကိုလည်း ပြောင်းနိုင်တယ်။ ဒါကြောင့် မန်ယူအသင်းဟာ အနာဂတ်အတွက်တော့ အီဘရာဟီမိုဗစ်ကို တာရှည်စွာလက်တွဲနိုင်ဖို့ဆိုတာဟာ မဖြစ်နိုင်တာကြောင့် သူ့ရဲ့နေရာမှာအစားထိုးရမယ့် တိုက်စစ်မှူးကတော့ မဖြစ်မနေလိုအပ်နေပါတယ်။ ဒါကြောင့်မန်ယူအသင်းအနေနဲ့ အနာဂတ်မှာ အီဘရာဟီမိုဗစ်ရဲ့နေရာမှာ အစားထိုးဖို့ရှိနိုင်တဲ့ တိုက်စစ်မှူးတွေကို ဖော်ပြလိုက်ပါတယ်။

## ဘီလော့တီ (တိုရီနို)

ဒီနှစ်ရာသီမှာ မန်ယူအသင်းနဲ့အတူ ခြေစွမ်းပြနေတဲ့တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့နေရာမှာ အစားထိုးဖို့ ဆိုရင်တော့ တိုရီနိုတိုက်စစ်မှူးဘီလော့တီကမဖြစ်မနေ စဉ်းစားရမယ့်ကစားသမားတစ်ဦး ဖြစ်ပါတယ်။ အသက် ၂၃ နှစ် အရွယ်သာရှိနေသေးတဲ့ တိုက်စစ်မှူး ဘီလော့တီဟာ လွန်ခဲ့တဲ့ ၂ နှစ်ကျော်က ပါလာမိုအသင်းကနေ တိုရီနိုအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ သူဟာတိုရီနိုအသင်းကို ရောက်ရှိခဲ့စဉ်ကနေ လက်ရှိအချိန်အထိအကောင်းဆုံးခြေစွမ်းပြ ကစားထားနိုင်သူဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာလည်းသူဟာ သူ့တာဝန်ကို အကောင်းဆုံးကျေပွန်စွာ ဂိုးတွေသွင်းယူပေးနေခဲ့သူဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ သူဟာ အသင်းနဲ့အတူ စီးရီးအေ ၂၅ ပွဲပါဝင်ကစားထားပြီး ၂၂ ဂိုးသွင်းယူပေးထားသူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ ၂၀၁၈ရုရှား ကမ္ဘာ့ဖလားမှာတော့ အီတလီအသင်းရဲ့အဓိကအားထားရမယ့် တိုက်စစ်မှူးအဖြစ်လည်း တွေ့မြင်ရဖို့ရှိနေပါတယ်။

## ဘင်ဇီမာ (ရီးရဲမက်ဒရစ်)

ဒီနှစ်ရာသီမှာတော့ တိုက်စစ်မှူး ဘင်ဇီမာရဲ့ခြေစွမ်းဟာ သိသိသာသာ ကျဆင်းနေတာကတော့ သတိပြုစရာ ကောင်းလှပါတယ်။ သူဟာ ဒီနှစ်ရာသီမှာ စပိန်လီဂါ ၂၁ ပွဲမှာ ၇ ဂိုးသာသွင်းယူနိုင်ပါသေးတယ်။ ဒါဟာပြီးခဲ့တဲ့ ရာသီက ၂၇ ပွဲမှာ ၂၄ ဂိုးသွင်းယူခဲ့တဲ့ စံချိန်နဲ့ယှဉ်ရင်တော့ အများကြီးလိုအပ်နေသေးတယ်လို့ ပြောရမှာပါ။ ဘင်ဇီမာရဲ့ ခြေစွမ်းကျဆင်းလာတာနဲ့အတူ ဘောလုံးဆွဲပြေးနိုင်မှု၊ အရေးကြီးတဲ့ ဘောလုံးပေးပို့မှု၊ ဂိုးပေါက်ကန်သွင်းမှုတွေမှာလည်း ပိုမိုအားနည်းလာတာကို တော့တွေ့ရပါတယ်။ အသက် ၂၉ နှစ်ရှိပြီဖြစ်တဲ့ ဘင်ဇီမာဟာ ရီးရဲမက်ဒရစ်အသင်းမှာ ကစားနေခဲ့တာဟာ ရှစ်နှစ်ကြာခဲ့ပြီလည်းဖြစ်ပါတယ်။ သူ့ရဲ့ကျဆင်းလာတဲ့ ခြေစွမ်းတွေအရပြောရမယ်ဆိုရင်တော့ အကောင်းဆုံးအချိန်တွေ ကုန်ဆုံးခဲ့ပြီလို့တောင် ဆိုရမလိုဖြစ်နေပါပြီ။ ဒါပေမယ့် မန်ယူအသင်းကတော့ သူ့ကို တိုက်စစ်မှူးမိုဗစ်ရဲ့နေရာမှာ အစားထိုးဖို့ကိုတော့ လျာထားပါတယ်။ လက်ရှိသူ့ရဲ့အခြေအနေတွေ အရ ပြောရမယ်ဆိုရင်လည်း ရီးရဲမက်ဒရစ်အသင်းကတော့ နွေရာသီမှာ ရောင်းထုတ်နိုင်ဖို့လည်းရှိတယ်လို့ ဆိုရမှာပါ။

## ဂါဘီယာဒီနီ (ဆောက်သမ်တန်)

ဆောက်သမ်တန်အသင်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်က ဂါဘီယာဒီနီကို ပေါင် ၁၄ သန်းနဲ့ခေါ်ယူတော့ နာပိုလီအသင်းဟာ ဝမ်းသာအားရနဲ့ ထုတ်ရောင်းခဲ့ပါတယ်။ စွယ်စုံရကစားသမားဂါဘီယာဒီနီဟာ နာပိုလီအသင်းမှာလည်း အံဝင်မှုမရှိတာကြောင့် သူ့ကို ရောင်းထုတ်ရခြင်းဟာ အသင်းအတွက်တော့ မလိုအပ်တဲ့ကစားသမားတစ်ဦးကို ရှင်းထုတ်လိုက်တဲ့သဘောလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဂါဘီယာ ဒီနီဟာ ဆောက်သမ်တန်အသင်းကို ရောက်ရှိစဉ်မှာပဲ သူ့ရဲ့ခြေစွမ်းကို အကောင်းဆုံး ထုတ်ပြနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပေါင် ၁၄ သန်းဆိုတဲ့ ပြောင်းရွှေ့ကြေးဟာ ဆောက်သမ်တန်အသင်း အတွက်တော့ အချောင်ရလိုက်သလိုတောင် ဖြစ်သွားခဲ့ပါတယ်။ သူဟာ ဆောက်သမ်တန်အသင်းနဲ့ ပထမဦးဆုံးပါဝင်ကစားခဲ့တဲ့ပွဲမှာပဲ ပွဲဦးထွက်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အခုအချိန်မှာ သူဟာ ဆောက်သမ်တန်အသင်းနဲ့အတူ ပြိုင်ပွဲစုံ လေးပွဲကစားပြီး ခြောက်ဂိုးသွင်းယူထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိခြေစွမ်းတွေအတိုင်းသာ ဆက်သွားမယ်ဆိုရင်တော့ သူဟာဥရောပရဲ့ အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးအဖြစ် ရှိလာနိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ နွေရာသီမှာတော့ မန်ယူအသင်းကနေ ခေါ်ယူဖို့ မျက်စိကျလာနိုင်တဲ့ ကစားသမားအဖြစ်ရှိနေတာလည်းဖြစ်ပါတယ်။

## ရက်ရှ်ဖို့ဒ် (မန်ယူ)

ပြီးခဲ့တဲ့ရာသီက ကောင်းမွန်တဲ့ ခြေစွမ်းတွေနဲ့အတူ ပွဲထွက်လာခဲ့ရတဲ့ ရက်ရှ်ဖို့ဒ်ဟာ ဒီနှစ်ရာသီမှာတော့ မကြာခဏအရန်ခုံမှာ ထိုင်နေရတဲ့အခါတွေ ရှိနေပါတယ်။ ဒီရာသီမှာတော့ သူဟာအသင်းအတွက် သုံးဂိုးသာသွင်းယူပေးနိုင်ပေမယ့် မကြာခင်မှာတော့ မန်ယူအသင်းရဲ့ဦးစားပေးတိုက်စစ်မှူးအဖြစ် တွေ့မြင်ရဖို့လည်း ရှိနေပါတယ်။ လျင်မြန်ပြီး အင်တိုက်အားတိုက်ကစားနိုင်စွမ်းရှိတဲ့ အသက် ၁၉ နှစ်အရွယ် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ဘောလုံးဆွဲပြေးရာမှာလည်း ကောင်းမွန်တဲ့သူတစ်ဦးလို့ ပြောရမှာပါ။ သူဟာ တိုက်စစ်ကနေ ခံစစ်ပိုင်းအထိ မမောတမ်း ကစားနိုင်စွမ်းရှိသူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လာမယ့်ရာသီမှာတော့ မန်ယူအသင်းရဲ့ဂိုးသွင်းယူဖို့တာဝန်တွေဟာ သူ့ပခုံးပေါ်ကိုတော့ ရောက်လာဖို့ရှိပါတယ်။ မော်ရင်ညိုအနေနဲ့ အသင်းရဲ့ အနာဂတ်နဲ့အတူ ငွေကြေးသုံးစရာ မလိုတဲ့ တိုက်စစ်မှူးအဖြစ် ကြည့်မယ်ဆိုရင်တော့ ရက်ရှ်ဖို့ဒ်ဟာအသင့်တော်ဆုံးလို့ပြောရမှာ ဖြစ်ပါတယ်။

## ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲ

### သောကြာနေ့ (၂၄-၃-၁၇)

| | | | |
|---|---|---|---|
| ည ၁၁း၃၀ | ဂျော်ဂျီယာ | - | ဆားဘီးယား |
| ည ၁၁း၃၀ | တူရကီ | - | ဖင်လန် |
| နံနက် ၂း၁၅ | ဩစတြီးယား | - | မော်ဒိုဗာ |
| နံနက် ၂း၁၅ | အိုင်ယာလန် | - | ဝေလ |
| နံနက် ၂း၁၅ | အီတလီ | - | အယ်ဘေးနီးယား |
| နံနက် ၂း၁၅ | လက်ချင်စတိန်း | - | မက်ဆီဒိုးနီးယား |
| နံနက် ၂း၁၅ | စပိန် | - | အစ္စရေး |
| နံနက် ၂း၁၅ | ခရိုအေးရှား | - | ယူကရိန်း |
| နံနက် ၂း၁၅ | ကိုဆိုဗို | - | အိုက်စလန် |

### စနေနေ့ (၂၅-၃-၁၇)

| | | | |
|---|---|---|---|
| ည ၁၁း၃၀ | ဆွီဒင် | - | ဘီလာရုစ် |
| ည ၁၁း၃၀ | အန်ဒိုရာ | - | ဖာရိုကျွန်းစု |
| ည ၁၁း၃၀ | ဆွစ်ဇာလန် | - | လတ်ဗီးယား |
| ည ၁၁း၃၀ | ဆိုက်ပရက်စ် | - | အက်စတိုးနီးယား |
| ည ၁၁း၃၀ | ဘော့စနီးယား | - | ဂျီဘရော်တာ |
| နံနက် ၂း၁၅ | ဘူဂေးရီးယား | - | ဟော်လန် |
| နံနက် ၂း၁၅ | လတ်ဆင်းဘတ် | - | ပြင်သစ် |
| နံနက် ၂း၁၅ | ပေါ်တူဂီ | - | ဟန်ဂေရီ |
| နံနက် ၂း၁၅ | ဘယ်ဂျီယံ | - | ဂရိ |

### တနင်္ဂနွေနေ့ (၂၆-၃-၁၇)

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | အဇာဘိုင်ဂျန် | - | ဂျာမနီ |
| ည ၁၀း၃၀ | ဆန်မာရီနို | - | ချက် |
| ည ၁၀း၃၀ | အာမေးနီးယား | - | ကာဇက်စတန် |
| ည ၁၀း၃၀ | အင်္ဂလန် | - | လစ်သူယေးနီးယား |
| နံနက် ၁း၁၅ | မ/အိုင်ယာလန် | - | နော်ဝေ |
| နံနက် ၁း၁၅ | မွန်တီနီဂရိုး | - | ပိုလန် |
| နံနက် ၁း၁၅ | ရိုမေးနီးယား | - | ဒိန်းမတ် |
| နံနက် ၁း၁၅ | မော်လ်တာ | - | ဆလိုဗက်ကီးယား |
| နံနက် ၁း၁၅ | စကော့တလန် | - | ဆလိုဗေးနီးယား |

## မန်နေဂျာအဖြစ် ဖာဂူဆန်အား တစ်ကျော့ပြန် မြင်တွေ့ရမည်




မန်ယူအသင်း ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်၏ မန်ယူ ကစားသမားဘဝ ၁၁ နှစ်မြောက် အထိမ်းအမှတ်ဂုဏ်ပြုပွဲအဖြစ် Mancheste United 2008 XI အသင်းနှင့် Michael Carrick All-Stars အသင်းတို့ ပွဲစဉ်တွင် Mancheste United 2008 XI အသင်း၏ မန်နေဂျာအဖြစ် မန်ယူဂန္ထဝင်မန်နေဂျာ ဆာအဲလက်စ်ဖာဂူဆန်က တာဝန်ယူသွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဂုဏ်ပြုဘောလုံးပွဲအား ၂၀၁၇ ခုနှစ် ဇွန်လ ၄ ရက်တွင် မန်ယူအသင်း၏ အိမ်ကွင်းဖြစ်သော အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မန်ယူအသင်းတွင် မန်ယူကစားသမားဟောင်းများဖြစ်သည့် ဂိုးသမား ဗန်ဒါဆား၊ ဂယ်ရီနေဗီးလ်၊ ရီယိုဖာဒီနန်၊ ပေါလ်စခိုးလ်၊ ရိုင်ယန်ဂစ်တို့ ပါဝင်ကစားမည်ဖြစ်ပြီး All-Stars အသင်းတွင် စတီဗင်ဂျရတ်၊ ဖရန့်လမ်းပတ်၊ မိုက်ကယ်အိုဝင်စသည့် ကစားသမားများ ပါဝင်ကစားသွားမည်ဖြစ်သည်။ သို့သော်လည်း ၂၀၀၉ ခုနှစ်တွင် မန်ယူမှ ရီးရဲမက်ဒရစ်သို့ ထွက်ခွာသွားခဲ့သည့် ပေါ်တူဂီကစားသမား ခရစ္စတီယာ နိုရော်နယ်ဒိုမှာမူ အဆိုပါပွဲတွင် ပါဝင်ကစားခြင်းပြုမပြု အတိအကျ သိရှိရခြင်းမရှိသေးပေ။

မန်နေဂျာဟောင်း ဖာဂူဆန်သည် ၁၉၈၆ ခုနှစ်မှ အနားယူသည့် ၂၀၁၃ ခုနှစ်အထိ မန်ယူအသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့ကာ မန်ယူအား ဆုဖလားပေါင်း ၃၈ လုံး ရယူပေးနိုင်ခဲ့သူ ဖြစ်သည်။ ဖာဂူဆန်သည် မန်နေဂျာ ဘဝမှ အနားယူခဲ့သော်လည်း မန်ယူအသင်း၏ သံတမန်တစ်ဦးအဖြစ် ဆက်လက်တာဝန်ယူနေဆဲဖြစ်ပြီး မန်ယူအသင်းကစားသည့်ပွဲများကိုလည်း ပုံမှန်လာရောက်အားပေးနေသူဖြစ်သည်။ Michael Carrick All-Stars အသင်း၏ မန်နေဂျာအဖြစ် စပါးမန်နေဂျာဟောင်း ဟာရီရက်နက်က တာဝန်ယူမည်ဖြစ်သည်။ အဆိုပါပွဲမှ ရရှိလာမည့် ငွေကြေးများကို ကာရစ်၏ တောင်းဆိုမှုကြောင့် အသစ်တည်ထောင်ထားသည့် Michael Carrick Foundation မှ ရွေးချယ်သော ရန်ပုံငွေအဖွဲ့များသို့ ခွဲဝေလှူဒါန်းသွားမည်ဖြစ်သည်။

## ပရီမီယာလိဂ်တွင် ကစားဖြစ်နိုင်ကြောင်း နေမာ ပြောဆို



ဘာစီလိုနာနှင့် ဘရာဇီးတိုက်စစ်မှူး နေမာက တစ်ချိန်ချိန်တွင် အင်္ဂလန်ပရီမီယာလိဂ်သို့ သွားရောက်ကစားရန်ဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ တိုက်စစ်မှူး နေမာသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းတွင် ဘာစီလိုနာအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်ပြီး အဆိုပါစာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

မန်ယူအသင်းသည် တိုက်စစ်မှူး နေမာအား ခေါ်ယူရန် ဆက်သွယ်မှုများပြုလုပ်ခဲ့ဖူးပြီး နေမာအား ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀ ဖြင့် ကမ်းလှမ်းမှု ပြုလုပ်ရန် အဆင်သင့်ရှိနေကြောင်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက သတင်းများ ထွက်ပေါ်ခဲ့သည်။

တိုက်စစ်မှူး နေမာက "ပရီမီယာလိဂ်ပြိုင်ပွဲက ကျွန်တော့်ကို အံ့အားတသင့်ဖြစ်စေတဲ့ လိဂ်ပြိုင်ပွဲတစ်ခု ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာကစားတဲ့ ကစားဟန်နဲ့ အသင်းတွေကို နှစ်သက်မှုရှိတယ်။ တစ်နေ့နေ့မှာ ကျွန်တော်ဟာ ပရီမီယာလိဂ်မှာ လာကစားဖြစ်နိုင်တယ်။ ဒါကို ဘယ်သူကြိုသိနိုင်မလဲ။ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်၊ လီဗာပူးတို့ကို ကျွန်တော် လေးစားပါတယ်။ ဒီအသင်းတွေက အမြဲတမ်းတိုက်ပွဲဝင်နေတဲ့ အသင်းတွေပါ။ ပရီမီယာလိဂ်ပြိုင်ပွဲမှာ မော်ရင်ညို၊ ဂွာဒီယိုလာတို့လို ထိပ်တန်းအဆင့် မန်နေဂျာတွေလည်း ရှိနေတယ်။ ဒီမန်နေဂျာတွေက ကစားသမားတိုင်း လက်တွဲချင်တဲ့ မန်နေဂျာတွေဖြစ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်တွေမှာ ဘယ်အသင်းအနိုင်ရမလဲ၊ ဘယ် အသင်းက ချန်ပီယံဖြစ်နိုင်မလဲဆိုတာကို ဘယ်သူမှ ကြိုမပြောနိုင်ဘူး"ဟု ပြောဆိုခဲ့သည်။

## အာဆင်နယ်မန်နေဂျာအဖြစ် ဆက်ရှိနေမည်ဟု အာစင်ဝင်းဂါးက မိမိအား ပြောဆိုခဲ့သည်ဟု တိုနီပူးလစ် ဖွင့်ဟ



မတ်လ ၁၈ ရက်တွင် ဝက်စ်ဘရွန်းက အာဆင်နယ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲအပြီးတွင် အာဆင်နယ်အသင်း မန်နေဂျာ အာစင်ဝင်းဂါးက သူသည်အာဆင်နယ်အသင်း မန်နေဂျာအဖြစ် ဆက်ရှိနေမည်ဟု မိမိအား ပြောဆိုခဲ့ကြောင်း ဝက်စ်ဘရွန်းအသင်း မန်နေဂျာ တိုနီပူးလစ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

လက်ရှိအချိန်တွင် ဖိအားများနှင့် ရင်ဆိုင်နေရသည့် မန်နေဂျာ အာစင်ဝင်းဂါးသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း သူ၏ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ရခြင်းမရှိသေးပေ။

မန်နေဂျာ တိုနီပူးလစ်သည် ဝက်စ်ဘရွန်းနှင့် အာဆင်နယ်အသင်းတို့ပွဲ မကစားမီက မန်နေဂျာ အာဆင်ဝင်းဂါးသည် အာဆင်နယ်အသင်းမန်နေဂျာအဖြစ် နောက်ထပ် ခြောက်နှစ်ခန့် ဆက်လက်တာဝန်ယူရန် ဆန္ဒရှိနေလိမ့်မည် ဟု ထင်မြင်မိကြောင်း ပြောဆိုခဲ့သည်။

မန်နေဂျာ တိုနီပူးလစ်က "လာမယ့် နွေရာသီမှာ မန်နေဂျာ အာစင်ဝင်းဂါးအနေနဲ့ အာဆင်နယ်က ထွက်ခွာသွားခဲ့မယ်ဆိုရင် ကျွန်တော်အံ့အားသင့်မိပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အာစင်ဝင်းဂါးက သူဟာ အာဆင်နယ်မန်နေဂျာအဖြစ် ဆက်ရှိနေမယ်လို့ ကျွန်တော့်ကို ပြောခဲ့တာကြောင့်ပါ။ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းကို တာဝန်ယူခဲ့ဖူးတဲ့ မန်နေဂျာတွေအနက် အကောင်းဆုံး မန်နေဂျာဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။ အခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်မှာ အာဆင်နယ်အသင်းက ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ စတုတ္ထနေရာမှာ ရပ်တည်ပြီး အက်ဖ်အေဖလား ချန်ပီယံဆု ရရှိခဲ့မယ်ဆိုရင် အာဆင်နယ်အတွက် ဆိုးရွားတဲ့ရာသီလို့ ပြောလို့မရဘူး"ဟု ပြောဆိုခဲ့သည်။

ထက်အောင်

# ကျေးလက်နေပြည်သူများကို များစွာအထောက်အကူပြုမည့် ကရင်ချောင်း(ကြံချပ်-ခနောင်)တံတား

**တွံတေး မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တိုင်းနှစ်တိုင်းအစပ်ရှိ တွံတေးမြို့နယ် ကျွန်းဘက်-ကရင်ချောင်းကျေးရွာအုပ်စု ကရင်ချောင်း ချောင်းကိုဖြတ်၍ ကျေးလက်နေပြည်သူများကို များစွာအထောက်အကူပြုမည့် ကရင်ချောင်း (ကြံချပ်-ခနောင်) တံတားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တွံတေးမြို့နယ်၏ (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်ခွင့်ပြု ရန်ပုံငွေကျပ် ၆၆၈ သန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် တွံတေးမြို့နယ် မယ်ပြေ-ကရင်ချောင်းကျွန်းနှင့် မအူပင်မြို့နယ် ခနောင်ကျေးရွာတို့ကို ဆက်သွယ်ပေးထားသော သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။ မယ်ပြေ-ကရင်ချောင်းကျွန်းတွင် ကျေးရွာပေါင်း ၂၁ ရွာ၊ အိမ်ခြေ ၃၀၆၁ လုံး၊ လူဦးရေ ၁၆၁၁၈ ဦး နေထိုင်ကြပြီး၊ အဓိကအသက်မွေးလုပ်ငန်းများဖြစ်သော ရေလုပ်ငန်း၊ ငါးမွေးမြူရေး၊ ခြံလုပ်ငန်းနှင့် လယ်ယာ / ကိုင်းကျွန်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြသည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက မအူပင်-ရန်ကုန်သို့ ခရီးတိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး မအူပင်မှတစ်ဆင့် မော်တော်ယာဉ် များဖြင့် ကျေးရွာအရောက် သွားလာနိုင်တော့မည်ဖြစ်သည်။

ကရင်ချောင်း(ကြံချပ်-ခနောင်)တံတား၏ အရှည်မှာပေ ၃၆၀၊ အကျယ် ၁၆ ပေ ရေလမ်းကင်းလွတ်အမြင့် ၁၆ ပေရှိပြီး တံတားအောက်ထည်ဘိုးပိုင်၊ သံပေါင်ရက်မ ကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

**မျိုးလှိုင်(တွံတေး)**





# ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာလေးရွာ တစ်ပြိုင်တည်းလျှပ်စစ်မီးလင်းတော့မည်

**ရမည်းသင်း မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ပင်ကြီးကျေးရွာ၊ အင်းကုန်းကျေးရွာ၊ အလယ်ကုန်းကျေးရွာ၊ အင်ပင်ရိုးကျေးရွာ လေးရွာတစ်ပြိုင်တည်း လျှပ်စစ်မီးလင်းတော့မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေး ခွင့်ပြုရန်ပုံငွေဖြင့် နှစ်မိုင်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်ပေးခြင်း ကျေးရွာများအတွင်း ကိုယ့်အားကိုယ်ကိုး ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာများ အသစ်တပ်ဆင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို မတ် ၂၂ ရက်က မြို့နယ် စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ လုပ်ငန်းများပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီအဖွဲ့များနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

နေအိမ်များအတွင်း အိမ်တွင်းလျှပ်စစ်ဝိုင်ယာများကို တာဝန်ရှိ လျှပ်စစ်ကျွမ်းကျင်လုပ်သားများက တပ်ဆင်နေကြပြီဖြစ်ရာ မကြာမီရက်ပိုင်းအတွင်း ကျေးရွာလေးရွာ တစ်ပြိုင်တည်း လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ခံရရန် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ ချပြရှင်းလင်း

**ပူတာအို မတ် ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း သစ်တောဦးစီးဌာနနှင့် WCS တို့ပူးပေါင်းမှုဖြင့် ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ခံရရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ဒေသခံပြည်သူများအား သိရှိနိုင်ရန်အတွက် ချပြရှင်းလင်းပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက်က ပူတာအိုမြို့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် ပညာပေးပြခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ပြည်နယ်အစိုးရအဖွဲ့ ခါကာဘိုရာဇီသဘာဝ အမွေအနှစ်ဒေသ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးHလအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် သစ်တောဦးစီးဌာနဦးစီးမှူး ခါကာဘိုရာဇီသဘာဝ အမွေအနှစ်ဒေသ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဦးအောင်မြက ခါကာဘိုရာဇီ သဘာဝ အမွေအနှစ်ဒေသ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် တွေ့ရှိချက်များကို ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များအား ပရိုဂျက်တာဖြင့် ချပြရှင်းလင်းကာ တက်ရောက်လာသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရဝမ်၊ လီဆူ၊ ဂျိမ်းဖော၊ ခန္တီး၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားလှယ်များက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့မြန်မာနိုင်ငံအစီအစဉ်မှ (Technical Coordinator ) ဒေါ်မြင့်မြင့်ဦးက ခါကာဘိုရာဇီတောင်ပိုင်းတိုးချဲ့ရေယာ (အဆိုပြု) သတ်မှတ်နိုင်ရေးနှင့် ခါကာဘိုရာဇီ ကမ္ဘာ့သဘာဝအမွေအနှစ်ဒေသ သတ်မှတ်နိုင်ရေး လုပ်ငန်းများဆိုင်ရာ ကွင်းဆင်းလေ့လာတွေ့ရှိမှုများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ခါကာဘိုရာဇီ ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ခံရရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များကို မေးမြန်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ခါကာဘိုရာဇီ ကမ္ဘာ့သဘာဝအမွေအနှစ်ဒေသ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသွားမည်ဖြစ်ပြီး ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်း ဦးဆောင်ကာ ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝ အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် သတ်မှတ်ခံရရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တက်ရောက်လာသူများက အုပ်စုလိုက်ဆွေးနွေးခြင်းဖြင့် လုပ်ငန်းစဉ်အတွက် လိုအပ်ချက်များကို အဖြေရှာဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ဖြူးမြို့နယ်၌ကျင်းပ

**ဖြူး မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာအရှင်အဂ္ဂဝရ ကြီးမှူးဖွင့်လှစ်သော ပဌမအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မတ် ၂၂ ရက် မွန်းလွဲ ၁နာရီက မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီး ပဓာနနာယကဆရာတော်က ဩဝါဒကထာမိန့်ကြားတော်မူသည်။

သင်တန်းသို့ အခြေခံပညာမူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူ ခုနစ်ရာကျော်တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၂၂ ရက်မှ ၃၁ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ် သံဃာတော်ခုနစ်ပါးနှင့် ဆရာ-ဆရာမ ခြောက်ဦးတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# လှည်းတန်းမီးရထား ခုံးထိပ်လက်ရန်းအကာအကွယ် အမြန်ဆုံးဆောင်ရွက်ပေးစေလို

**ရန်ကုန် မတ် ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်းတံတား) နှင့် မြန်မာ့မီးရထား (မမ)တို့အနေဖြင့် မည်သည့်ဌာနနှင့် သက်ဆိုင်သည်ကို မသိရသော်လည်း လက်ရှိအချိန်တွင် လှည်းတန်းခုံးတံတားပေါ် နံနက်ခင်းလမ်းလျှောက် ကျန်းမာရေးလုပ်သူများ၊ နေ့စဉ်အသုံးပြုနေသော ခရီးသွားများ၊ ကုမ္ပဏီဝန်ထမ်းများစွာတို့သည် အလုပ်ဆင်း၊ အလုပ်ပြန် ညမိုးချုပ်သူများအတွက် အလွန်အန္တရာယ်ကြီးမားမှုနှင့် ရင်ဆိုင်နေရသည်ကိုတွေ့ရသည်။ ခုံးထိပ်နှစ်ဖက်စလုံး ခြောက်ပေခန့် အကာအရံ ကင်းမဲ့နေရာ (ဖော်ပြပါ ဓာတ်ပုံ) မတော်တဆ ပြုတ်ကျခဲ့လျှင် ရထားလမ်းပေါ်ကျမည်မှာ ဧကန်မလွဲဖြစ်သည့်အပြင် ရထားလာချိန်နှင့် တွေ့ကြုံပါက ရထားကြိတ် သေပွဲဝင်ရမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုသို့ အန္တရာယ်ကြီးမားနေသော လှည်းတန်းခုံးထိပ်နှစ်ဖက်စလုံး အကာအကွယ်ကင်းမဲ့နေမှုကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် အများပြည်သူ အန္တရာယ်ကင်းဝေးစေရေးအတွက် လက်ရန်း အကာအရံများကို ခုံးထိပ်နှစ်ဖက်တွင် အမြန်ဆုံး တပ်ဆင်ပေးရန်လိုလားနေကြသည်။

**ခင်မောင်သော်(ကမာရွတ်)**






Another Prestigious Project
MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com


Asahi
ASAHI LOI HEIN
ခွန်အားပြည့်ဖြိုး
HONEY GOLD
B6
B3
B12
Asahi
ရွှေပျားအားဖြည့်အချိုရည်
HONEY GOLD
ハニーゴールド
Get Vitamins
ENERGY DRINK
100% Natural
JAPAN Quality

**REPUBLIC OF THE UNION OF MYANMAR**
**Ministry of Electricity and Energy**
**Myanma Oil and Gas Enterprise (MOGE)**
**Nay Pyi Taw**

**Request for Proposal for Joint Venture in Onshore Seismic Acquisition Services with Myanma Oil and Gas Enterprise**

Date: March 24, 2017

MOGE is a state-owned enterprise which is responsible for the upstream oil and gas sector under the Ministry of Electricity and Energy ("**MOEE**") of the Republic of the Union of Myanmar. MOGE intends to establish a joint venture with an internationally proven service company in onshore seismic acquisition services. The main goals are to strengthen MOGE's technological know-how, upgrade its workforce, gain access to financing, adopt international best practices and widen market access.

MOGE had initially launched a public invitation for interested parties to submit a Letter of Expression of Interest ("**LEOI**") for a Joint Venture in Onshore Seismic Acquisition Services with MOGE in June 2014. MOGE is now launching this Request for Proposal ("**RfP**") in the form of an open tender to interested parties, including but not limited to LEOI respondents from the LEOI exercise conducted in June 2014, to submit a response to this Request for Proposal (the "**Application**"). In this context, MOGE intends to select a suitable internationally proven seismic acquisition services company as the "**Joint Venture Partner**" through a step-by-step process: Phase 1: Request for Proposal; Phase 2: Evaluation Process; and Phase 3: Negotiations and Signing.

Interested parties are required to submit an Application **no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 24, 2017** to the following address: **MOGE Tender Committee for Joint Venture Establishment in Petroleum Services (Seismic),** Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar.

The RfP, which includes guidelines for submission, can be purchased by any interested party starting March 24, 2017 (excluding Saturdays, Sundays and Public Holidays) at Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar for a non-refundable cash payment of five hundred United States Dollars (USD 500). The purchaser will be provided with a payment acknowledgement when payment is made. Only Applications from Applicants that had purchased the RfP document officially from MOGE will be evaluated.

Interested parties who have purchased the RfP are welcome to submit questions regarding the RfP and comments on the draft Joint Venture Agreement attached in its annex, no later than 12 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 4, 2017, to which MOGE will duly respond to all questions submitted and issue a revised draft Joint Venture Agreement.

Myanma Oil and Gas Enterprise
Ministry of Electricity and Energy

---

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့**

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပဲခူးမြို့၊ မဇင်းဆည်မှ ဥသျှာမြို့သစ်၊ ပြည်တွင်းပြည်ပစက်မှုဇုန် များနှင့်ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တို့အတွက် မြို့ရေပေးရေးစီမံကိန်း ဆောင်ရွက်လိုပါ၍ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် လုပ်ငန်းရှင်များအား တည်ဆောက်မည့် အဆိုပြုပုံစံများနှင့်အတူ တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသည့် ပြည်တွင်းကုမ္ပဏီများ(သို့)ပြည်တွင်းပြည်ပဖက်စပ်လုပ်ကိုင်လိုသော ကုမ္ပဏီများမှ သတ်မှတ်လျှောက်လွှာပုံစံနှင့်အတူ Company Profile၊ လုပ်ငန်းတစ်ခုလုံး ဦးစီး၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ယခင်လုပ်ကိုင်ခဲ့ဖူးသော လုပ်ငန်းအတွေ့အကြုံများ၊ ကုမ္ပဏီ၏ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အထားများ၊ အသေးစိတ်ရေးဆွဲထားသည့် စီမံကိန်းဆိုင်ရာပုံစံ၊ ခန့်မှန်းခြေစာရင်းများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့ရုံးသို့ ၂၀၁၇ ခုနှစ်၊ မေလ(၃၁)ရက်နေ့ ညနေ(၄း၀၀)နာရီ နောက်ဆုံးထားပြီး ပေးပို့နိုင်ပါသည်။

၃။ စိတ်ပါဝင်စားသူများအနေဖြင့် မဇင်းဆည်မှ ဥသျှာမြို့သစ် ပြည်တွင်း ပြည်ပ စက်မှုဇုန်နှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြို့ရေပေးရေးဆိုင်ရာ အချက်အလက်များကို ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ အင်ဂျင်နီယာဌာနခွဲတွင် မှတ်ပုံတင်စာရင်း ရေးသွင်းပြီး လျှောက်လွှာနှင့် အချက်အလက် များကို(၃၁. ၃. ၂၀၁၇) ရက်နေ့မှစတင်၍ ရယူနိုင်ပါသည်။

(စုံစမ်းရန် - ၀၅၂-၂၂၂၂၉၀၃၊ ၀၉-၂၂၀၁၅၉၈)

---

**ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ရေလမ်းနယ်မြေအတွင်းရှိ အောက်ဖော်ပြပါဆိပ်ကမ်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဆိပ်ကမ်းဆိုက်ကပ်ခွန်များ ကောက်ခံရေးဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ပုသိမ်ခရိုင်**

ကန်ကြီးထောင့်မြို့နယ် (ကန်ကြီးထောင့်ဆိပ်ကမ်း၊ ဒါးကဆိပ်ကမ်း၊ မြင်းကဆိပ်ဆိပ်ကမ်း၊ ကန်ရွာဆိပ်ကမ်း၊ ရှမ်းရွာဆိပ်ကမ်း)၊ ကျောင်းကုန်းမြို့နယ် (ကျောင်းကုန်းဆိပ်ကမ်း)၊ ကျုံပျော်မြို့နယ်(ကျုံပျော်ဆိပ်ကမ်း)၊ ရေကြည်မြို့နယ် (ငါးသိုင်းချောင်းဆိပ်ကမ်း၊ အသုတ်ဆိပ်ကမ်း)၊ သာပေါင်းမြို့နယ် (သာပေါင်းဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၄-၂၀၁၇ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၄-၂၀၁၇ ရက် ၁၃း၀၀ နာရီ
**နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂) ဧရာဝတီတိုင်းဒေသကြီးရုံး၊ ကင်မလင်းကျွန်း၊ မဥ္ဇူလမ်း၊ ပုသိမ်မြို့

**မြောင်းမြခရိုင်**

မြောင်းမြမြို့နယ် (မြောင်းမြဆိပ်ကမ်း၊ စကားမြားဆိပ်ကမ်း၊ ပြင်ရွာဆိပ်ကမ်း)၊ အိမ်မဲမြို့နယ် (အိမ်မဲဆိပ်ကမ်း)၊ ဝါးခယ်မမြို့နယ် (ဝါးခယ်မဆိပ်ကမ်း၊ ကျုံမငေးဆိပ်ကမ်း၊ ရွှေလောင်းဆိပ်ကမ်း၊ ကျွန်းကုန်းဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၅-၄-၂၀၁၇ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၅-၄-၂၀၁၇ ရက် ၁၃း၀၀ နာရီ
**နေရာ** - မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့

**လပွတ္တာခရိုင်**

လပွတ္တာမြို့နယ်(လပွတ္တာဆိပ်ကမ်း၊ ဘီတွတ်ဆိပ်ကမ်း၊ ကန်ဘက်ဆိပ်ကမ်း၊ ကြာကန်ဆိပ်ကမ်း၊ ပင်လယ်လေးဆိပ်ကမ်း၊ လပွတ္တာ (၃ မိုင်)မြို့သစ်ဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၆-၄-၂၀၁၇ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၆-၄-၂၀၁၇ ရက် ၁၃း၀၀ နာရီ
**နေရာ** - လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လပွတ္တာမြို့

**ဖျာပုံခရိုင်**

ဖျာပုံမြို့နယ်(ဖျာပုံဆိပ်ကမ်း)၊ ဘိုကလေးမြို့နယ်(ဘိုကလေးဆိပ်ကမ်း)၊ ဒေးဒရဲမြို့နယ်(ဒေးဒရဲဆိပ်ကမ်း၊ ညောင်တပင်ဆိပ်ကမ်း၊ ကျုံဒါးဆိပ်ကမ်း၊ ယောဟဏီဆိပ်ကမ်း၊ မာတလီဆိပ်ကမ်း)၊ ကျိုက်လတ်မြို့နယ် (ကျိုက်လတ်ဆိပ်ကမ်း)၊ မော်လမြိုင်ကျွန်းမြို့နယ် (မော်လမြိုင်ကျွန်းဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၄-၂၀၁၇ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၄-၂၀၁၇ ရက် ၁၃း၀၀ နာရီ
**နေရာ** - ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့

**မအူပင်ခရိုင်**

မအူပင်မြို့နယ်(မအူပင်ဆိပ်ကမ်း၊ ရွှေတောင်မော်ဆိပ်ကမ်း၊ ရေလဲဆိပ်ကမ်း၊ ကျွဲဒုံးဆိပ်ကမ်း၊ အင်းမဆိပ်ကမ်း၊ အိုင်ဝိုင်းဆိပ်ကမ်း၊ ဝါးတောဆိပ်ကမ်း၊ ကျုံစုတ်ဆိပ်ကမ်း)၊ ပန်းတနော်မြို့နယ် (ပန်းတနော်ဆိပ်ကမ်း၊ ပသွယ်ဆိပ်ကမ်း၊ အင်းမဆိပ်ကမ်း)၊ ညောင်တုန်းမြို့နယ်(ညောင်တုန်းဆိပ်ကမ်း)၊ ဓနုဖြူမြို့နယ်(ဓနုဖြူဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၅-၄-၂၀၁၇ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၅-၄-၂၀၁၇ ရက် ၁၃း၀၀ နာရီ
**နေရာ** - မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့

**ဟင်္သာတခရိုင်**

ဟင်္သာတမြို့နယ်(ဟင်္သာတဆိပ်ကမ်း၊ နတ်မော်ချောင်းဆိပ်ကမ်း)၊ ဇလွန်မြို့နယ်(ဇလွန်ဆိပ်ကမ်း)၊ မြန်အောင်မြို့နယ် (မြန်အောင်ဆိပ်ကမ်း၊ ကနောင်ဆိပ်ကမ်း)၊ ကြံခင်းမြို့နယ်(ကြံခင်းဆိပ်ကမ်း)၊ လေးမျက်နှာမြို့နယ် (ရွှေကြက်ကျဆိပ်ကမ်း၊ ထူပါရုံဆိပ်ကမ်း)၊ အင်္ဂပူမြို့နယ်(ဇီးပင်ကွင်းဆိပ်ကမ်း၊ ညောင်ကျိုးဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၄-၂၀၁၇ ရက် ၁၁း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၄-၂၀၁၇ ရက် ၁၃း၀၀ နာရီ
**နေရာ** - ဟင်္သာတခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့

၂။ တင်ဒါပုံစံများကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ရုံးတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို-
ရုံးဖုန်း-၀၄၂-၂၉၁၅၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများနှင့်လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-

(က) ကွန်ကရစ်တိုင်များ ဝယ်ယူရန်
(ခ) ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများအား Lot အလိုက်ဝယ်ယူရန်
(ဂ) JICA ODA Loan ပိုငွေမှ Additional Work အဖြစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(ဃ) JICA ODA Loan ပိုငွေမှ Additional Work အဖြစ် ဆောင်ရွက်မည့် ဒီဇယ်ဓာတ်အားပေးစက်များအတွက် စက်အရန်ပစ္စည်းများအား ဒေသအရောက် Lot အလိုက် ဝယ်ယူရန်

**တင်ဒါဖွင့်မည့်ရက်** - ၂၄-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅ Fax-၀၆၇-၈၁၀၄၂၄၆**

---

**CLAIMS DAY NOTICE**
**M.V MORNING MENAD VOY: NO(116)**

Consignees of cargo carried by M.V MORNING MENAD VOY:NO(116) are here by notified that the vessel will arrive on about 28-3-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**MYANMAR MARINE ENGINEERS' ASSOCIATION**
(၁၉၈၅ – ခုနှစ်တွင် စတင်တည်ထောင်သည်။)
**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း**
**(၃၁) နှစ်ပြည့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ညစာစားပွဲ ဖိတ်ကြားလွှာ**

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (၃၁)နှစ်ပြည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ညစာစားပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**

နေ့စွဲ - ၂၇. ၀၃. ၂၀၁၇ (တနင်္လာနေ့)
နေရာ - မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းရုံး၊ အမှတ် (၂၆/၂၇)၊ လယ်ယာ (၃)လမ်း၊ ၁၀-မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
အချိန် - (၀၉း၀၀) နာရီ **(သီးခြားဖိတ်စာမပို့ပါ)**

**နှစ်ပတ်လည်ညစာစားပွဲ**

နေ့စွဲ - ၀၇. ၀၄. ၂၀၁၇ (သောကြာနေ့)
နေရာ - Dolphin Restaurant မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
အချိန် - ညနေ (၆း၀၀) နာရီ (ညစာသုံးဆောင်နေစဉ် ကံစမ်းမဲဖောက်ပေးမည့် အစီအစဉ်ရှိပါသည်။)

ညစာ စားပွဲလက်မှတ်ကို MMEA-TC စာကြည့်တိုက်တွင် ဝယ်ယူအားပေးနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

# ကွန်ဒိုတိုက်ခန်းသစ်ရောင်းမည်

ထန်းတစ်ပင်ကျောင်းလမ်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ရန်ကုန်မြို့၊ အခန်းအမှတ်-2D၊ ဒု-အထပ်/၁၂၅၀ စတုရန်းပေခန့်/BCC ရပြီးဖြစ်ပါသည်။
အိပ်ခန်း-(၂)ခန်း/Living Room-(၁)ခန်း/မီးဖိုခန်း-(၁)ခန်း
Decorations အားလုံးပြီးစီး/အဲယားကွန်း-(၃)လုံး/ပရိဘောဂအပြည့်အစုံ/လူနေရန်အသင့်

**ကျပ်သိန်း ၁၉၀၀ (ညှိနှိုင်းနိုင်ပါသည်)**
**ဖုန်း-၀၉-၂၂၀၀၃၆၂၊ ၀၉-၇၈၈၇၆၂၁၄၄၊ ၀၉-၇၈၈၇၆၂၁၅၀**

---

# ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာလမ်းသစ်(ဒုတိယ) အဆင့်အိမ်ရာရှိ တိုက်အမှတ် ၉၊ အခန်းအမှတ် ၂၀၄ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ဝင်းလှိုင် ၁၂/မဂတ(နိုင်)၀၃၂၉၀၆ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မိုးဇင် ၇/ပမန(နိုင်)၀၀၁၂၂၈ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၃၉)၊ မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးတင်ရွှေ (ဘ) ဦးကျော် ၉/ပမန(နိုင်)၁၁၄၁၁၈(ကိုယ်စား) ဦးမျိုးသိန်း ၇/ပခန(နိုင်)၂၀၇၆၄၈ မှ ဝန်ခံကတိပြုချက်၊ မြေချစလစ်မှုရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**REPUBLIC OF THE UNION OF MYANMAR**
**Ministry of Electricity and Energy**
**Myanma Oil and Gas Enterprise (MOGE)**
**Nay Pyi Taw**

## Request for Proposal for Joint Venture in Onshore Drilling Services with Myanma Oil and Gas Enterprise

Date: March 24, 2017

MOGE is a state-owned enterprise which is responsible for the upstream oil and gas sector under the Ministry of Electricity and Energy ("**MOEE**") of the Republic of the Union of Myanmar. MOGE intends to establish a joint venture with an internationally proven service company in onshore drilling services. The main goals are to strengthen MOGE's technological know-how, upgrade its workforce, gain access to financing, adopt international best practices and widen market access.

MOGE had initially launched a public invitation for interested parties to submit a Letter of Expression of Interest ("**LEOI**") for a Joint Venture in Onshore Drilling Services with MOGE in June 2014. MOGE is now launching this Request for Proposal ("**RfP**") in the form of an open tender to interested parties, including but not limited to LEOI respondents from the LEOI exercise conducted in June 2014, to submit a response to this Request for Proposal (the "**Application**"). In this context, MOGE intends to select a suitable internationally proven drilling services company as the "**Joint Venture Partner**" through a step-by-step process: Phase 1: Request for Proposal; Phase 2: Evaluation Process; and Phase 3: Negotiations and Signing.

Interested parties are required to submit an Application **no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 24, 2017** to the following address: **MOGE Tender Committee for Joint Venture Establishment in Petroleum Services (Drilling),** Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar.

The RfP, which includes guidelines for submission, can be purchased by any interested party starting March 24, 2017 (excluding Saturdays, Sundays and Public Holidays) at Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar for a non-refundable cash payment of five hundred United States Dollars (USD 500). The purchaser will be provided with a payment acknowledgement when payment is made. Only Applications from Applicants that had purchased the RfP document officially from MOGE will be evaluated.

Interested parties who have purchased the RfP are welcome to submit questions regarding the RfP and comments on the draft Joint Venture Agreement attached in its annex, no later than 12 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 4, 2017, to which MOGE will duly respond to all questions submitted and issue a revised draft Joint Venture Agreement.

Myanma Oil and Gas Enterprise
Ministry of Electricity and Energy

## စစ်တက္ကသိုလ် အပတ်စဉ်(၂၀)ကျောင်းဆင်းအရာရှိများ၏ ပဥ္စမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

စစ်တက္ကသိုလ် အပတ်စဉ်(၂၀)၏ ပဥ္စမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲအခမ်းအနားအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေလိပ်ပြာဟိုတယ်တွင် ၁-၄-၂၀၁၇ ရက် ဝ၇း၀၀ နာရီမှ ဝ၈း၀၀ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ယခင်နှစ် ဖိတ်ကြားစာရင်းပါအတိုင်း တက်ရောက်ပေးနိုင်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားထပ်မံမပေးပို့တော့ပါ။)

ကျောင်းဆင်းဖက်သူငယ်ချင်းများအားလုံးမှ ဆရာ/ဆရာမကြီးများအား ကြည်လင်သောသဒ္ဓါစိတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဂါရဝပြု ကောင်းမှုကုသိုလ်ရယူကြပါရန်နှင့် ဇနီးမယားသီများမှလည်း အတူတကွလိုက်ပါ ပူးပေါင်းပါဝင်ကုသိုလ်ယူနိုင်ရေး အသိပေးဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဦးကျော်စိုး ဝ၉-၇၈၅၁၂၅၃၆၅၊ ဦးငွေဝင်း ဝ၉-၅၀၁၈၁၄၇၊ ဦးကျော်ဝင်းဦး ဝ၉-၅၉၅၀၅၂၅၉၀၊ ဦးအောင်ထွန်း ဝ၉-၅၀၄၁၆၅၉၊ ဦးဇော်ဟိန်း ဝ၉-၈၃၀၁၉၆၉၊ ဦးဇော်လွင် ဝ၉-၅၀၆၀၀၂၊ ဦးဝင်းနိုင် ဝ၉-၅၉၄၉၂၀၂၂၅၉

**ဦးစီးကော်မတီ**
**စစ်တက္ကသိုလ်အပတ်စဉ် (၂၀)**

## AGTI Society Vocational Training Centre
## သင်တန်းသားများခေါ်ယူခြင်း

၁။ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society) နှင့် ဂျပန်နိုင်ငံမှ Kinden Corp; Sumitomo Corp; တို့နှင့်ပူးပေါင်း၍ အောက်ပါသင်တန်းများကို အမှတ်စဉ် (၅)အဖြစ် ၂၀၁၇ ခုနှစ်အတွင်းတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်-

Sakura- Insein Technical Course

(က) **Commercial Electrical Wiring Course** (၃၀) ဦး

(ခ) **Electrical Power Distribution Line Course** (၁၀) ဦး

သင်တန်းကာလ (၇)လဖြစ်ပါသည်။

၂။ ဤသင်တန်းသည် ဂျပန်နိုင်ငံ၏ လျှပ်စစ်လုပ်ငန်း၌ နာမည်ကြီးကျော်ကြားသည့် Kinden Corp; ၏ လျှပ်စစ်သင်တန်းကျောင်းနှင့် တွဲဖက်ဖွင့်လှစ်ပြီး ဂျပန်ဆရာများကြီးကြပ်၍ သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် ဂျပန်နိုင်ငံ၏ လျှပ်စစ်စံချိန်စံညွှန်းများနှင့်အညီ သင်ကြားပေးမည်ဖြစ်သည်။

၃။ ဤသင်တန်းအား စိတ်ပါဝင်စားသော အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူ၊ မြန်မာနိုင်ငံသားအမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအဆင့်သင်ကြားဖူးသူဖြစ်ရမည်။

(ဂ) ၂၀၁၇ခုနှစ် မေ ၁ရက်တွင် အသက် (၁၇)နှစ်ပြည့်ပြီး၊ အသက် (၂၃)နှစ်ထက်မကြီးသူ။

(ဃ) သင်တန်းကြေးပေးသွင်းတက်ရောက်ရမည်။

လျှောက်လွှာများကို GTI ကျောင်းသားဟောင်းများအသင်း(ရုံး)၊ အခန်း (၃၀၃) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး ၃၀-၄-၂၀၁၇ ရက်မတိုင်မီ အသင်းရုံးသို့ ပြန်လည်ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ချုပ်ရေးရုံးခန်း-**

ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၁-၆၄၃၆၆၃၊ ဝ၉-၅၀၅၆၇၁၇၊ ဝ၉-၉၇၅၇၀၉၃၂၀၊ ဝ၉-၇၉၅၅၅၅၃၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ခ/၆၃၃၇ ၏ အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(တိုင်းရုံး)၊ မကွေး**

**ပျောက်ဆုံး ကြောင်း**

ကျွန်တော်မောင်ကျော်ဆန်းဝင်း ၉/ကပတ(နိုင်)၂၁၀၇၅၆၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-ဝ၉-၉၆၇၀၆၀၅၆၇**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ရန်ကုန်မြစ်ဝပင်လယ်ပြင်တွင် ရေကြောင်းပြစခန်းစင် (PILOT FIXED STATION) တည်ဆောက်ရေးလုပ်ငန်းအတွက် အကြိုတိုင်းတာစမ်းစစ်မှုများဆောင်ရွက်ရန် တိုင်းတာရေးစင် (SURVEY PLATFORM) တစ်ခုကို အောက်ပါအတိုင်းတည်ဆောက်ရန် ဆောင်ရွက်ပါမည် -

| | | |
|---|---|---|
| (က) | တိုင်းတာရေးစင်တည်နေရာ | - Lat 16˚ 13' 07.33" |
| | | - Long 096˚ 16' 57.54" |
| | | (လက်ခုပ်ကုန်းကမ်းခြေမှ အရှေ့တောင်ဘက်ရေမိုင် ၆.၅ မိုင်ခန့်အကွာ) |
| (ခ) | စင်အရွယ်အစား | - အလျား၄မီတာxအနံ၄မီတာxရေပေါ်အမြင့်၈မီတာ |
| (ဂ) | နေ့အချိန်ပြအမှတ်အသား | - အလံအနီရောင်လွှင့်ထားမည်။ |
| (ဃ) | ညအချိန်ပြအမှတ်အသား | - Flashing 1 Sec (Red) |
| (င) | စင်အမျိုးအစားနှင့်အရောင် | - သံကိုယ်ထည်စင်၊ အဝါရောင် |

၂။ တိုင်းတာရေးစင်တည်ဆောက်မှုကို ၂၃.၃.၂၀၁၇ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၃၁.၃.၂၀၁၇ ရက်နေ့တွင် တည်ဆောက်ပြီးစီးပါမည်။ ၎င်းစင်ကိုခန့်မှန်း ၃၀.၄.၂၀၁၈ ရက်နေ့အထိထားရှိပါမည်။


၃။ တိုင်းတာရေးစင်တည်ဆောက်မှုကို အောက်ဖော်ပြပါရေယာဉ်များဖြင့် သတ်မှတ်တည်နေရာတွင် လုပ်ငန်းဆောင်ရွက်ပါမည် -

| | ရေယာဉ်အမည် | အမျိုးအစား | ဆက်သွယ်နိုင်သည့်လေလှိုင်း |
|---|---|---|---|
| (က) | Day Wa Yar Zar | ကမ်းထိုးရေယာဉ် | VHF - CH - 16 |
| (ခ) | Sang Hang Zhuang 2 | စက်မဲ့ကုန်တွဲရေယာဉ် | VHF - CH - 16 |
| (ဂ) | Eainda 6 | တွန်းရေယာဉ် | VHF - CH - 16 |

၃။ ဖော်ပြပါရေယာဉ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် အခြေပြုပြီးလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ထင်ရှားသည့်နေရာ၌ အလံအနီလွှင့်ထူပြသထားမည်ဖြစ်ပြီး ညအချိန်တွင် ပတ်လည်မီး Flashing 1 Sec (Red) ပြသထားပါမည်။

၅။ အထက်ပါရေယာဉ်များလုပ်ငန်းဆောင်ရွက်နေစဉ် နေရာရွှေ့ပြောင်း၍မရသဖြင့် ဖြတ်သန်းသွားမည့်ရေယာဉ်များသည် တိုင်းတာရေးစင်နေရာနှင့် အနည်းဆုံး ၀.၅ ရေမိုင်အကွာမှရှောင်တိမ်းသွားလာကြရန်နှင့် တည်ဆောက်ပြီးစီးပါကလည်း ၎င်းအကွာအဝေးအတိုင်းတိုင်းတာရေးစင်အား ရှောင်တိမ်းသွားလာကြရန် ရေကြောင်းသတိပေးချက်ထုတ်ပြန် အပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်




**Survey Platform**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြင်းခြံခရိုင်တရားရုံး**
**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၇**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်နှင်းဝေ | **နှင့်** | ၁။ ဒေါ်ခင်မမ |
| ၂။ ဦးပေါခင်(ခ)ဦးသက်လွင် | | ၂။ ဦးဝင်းမော် |
| | | ၃။ ဦးဝင်းနိုင် |
| | | ၄။ ဒေါ်နှင်းစိုးကြည် |
| | | ၅။ ဒေါ်သက်သက်ခိုင် |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

ဒေါ်သက်သက်ခိုင်၊ အမှတ် (၆၀)၊ (၁၄)လမ်း×၆၂လမ်း၊ မဟာနဒီလမ်း၊ အောင်မြေသာစံမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၇တွင် ကျန်ရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်နှင်းဝေ ပါ (၂)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၂၄ ရက် မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် မတ် ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီထူး)**
**ခရိုင်တရားသူကြီး**
**မြင်းခြံခရိုင်တရားရုံး**

**ဖခင် အမည်မှန်**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အထက(၁)၊ န၀မတန်(A)မှ ပညာသင်ကြားနေသော မောင်တေဇလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးယဉ်ကြူ ၁၂/ဒဂမ(နိုင်)၀၀၂၆၂၅ ဖြစ်ပါကြောင်း။ **ဦးယဉ်ကြူ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၃-ခုနှစ် စက်တင်ဘာလ(၅)ရက်၊ ကြာသပတေးနေ့ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၃) အလယ်ကော်လံအောက်ဆုံးတွင် "အများသိစေရန်" ကြေညာချက်၏ အမှတ်စဉ် (၆)ကို အဖိုး (ဦးS.ဆယက်မိုဟီဒင်း) ၏ အမည်ပေါက်နှစ်(၉၀) မြေဌားဂရန်မူရင်း (ORIGINAL)(၁စောင်) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးအေးရွှေ (၁၂/ကတတ(နိုင်)၀၁၉၃၀၀)
ဖုန်း ဝ၉-၄၂၀၁၉၃၀၀၀


GRAND
SALES EVENT
OPENING
25-3-2017 (Saturday)
SALE
50% OFF
ကမ္ဘာ့အဆင့်
3D- CAD/CAM ၊ နည်းပညာကိုသုံး၍
Invisible and Micro Setting တို့ဖြင့် ပြုလုပ်ထားသည့်
စိန်နှင့် ကျောက်မျက် ရတနာများကို မြန်မာ့ရတနာလောကတွင်
ပထမဦးဆုံး အစမှ အဆုံးတိုင် ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထုတ်လုပ်ပြီး
ဂုဏ်ယူဝင့်ကြွားစွာဖြင့် စတင်မိတ်ဆက်လိုက်ပါပြီ။
@ JUNCTION CITY YANGON
(ဗိုလ်ချုပ်ဈေးသစ်)
No.201, Level(1), Junction City Yangon, Bogyoke Market Opposite, Yangon, Myanmar.
Ph: 09451888836/09451888837/09451888839


Forever Gems
by ရွှေနန်းတော်
(2016 ASEAN BUSINESS INNOVATION AWARD)
၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ
သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
(၁) Nissan brand new ကား (၂) စီး
(၂) ၅ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၅) ၈ပဲ သား ရွှေဆွဲကြိုး (၁၀) ကုံး
The Most EXCITING Opening Sales
Up to SALE 50% OFF
25-3-2017 (စနေနေ့) စတင်ဖွင့်လှစ်ပါပြီ
@ JUNCTION CITY YANGON
(မိုလ်ချုပ်ဈေးသစ်)
ချက်ခြင်းပေါက် ချက်ခြင်းယူ ဗလာမပါကံစမ်းမဲ
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
(၁) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၂) ၈ ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၄ ပဲသား ရွှေဆွဲကြိုး (၃၀) ကုံး
(၄) ၃ ပဲသား၊ ၂ ပဲသား၊ ၁ ပဲသား၊ ရွှေလက်စွပ် (၃၀၀)ကွင်း စုစုပေါင်း
ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
ကမ္ဘာ့အဆင့် 3D- CAD/CAM၊ Invisible and Micro Setting
စိန်နှင့် ကျောက်မျက် ရတနာများ
GIA/HRD Certificate စိန်ပွင့်ကြီးများ
ပွဲတက်ရွှေထည်လက်ဝတ်ရတနာများ
အများဆုံးဝယ်ယူသူ (၁၀) ဦးအတွက် ထပ်ဆင့်အထူးလက်ဆောင်မွန်
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
ရွှေ (၃) ကျပ်သား (၁) ဆု
ရွှေ (၂) ကျပ်သား (၁) ဆု
ရွှေ (၁) ကျပ်သား (၅) ဆု
ရွှေ (၅) မူးသား (၅) ဆု
25-3-2017 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
နေတိုး၊ ပြေတီဦး၊ ဟိန်းဝေယံ၊ ကောင်းပြည့်၊ ကျော်ထက်အောင်၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ ဝတ်မှုံရွှေရည်၊ ဖွေးဖွေး၊ အေးမြတ်သူ၊ ယွန်းယွန်း၊ Miss မြတ်ပုဏ္ဏာမိနိုင်၊ ဟန်သီ၊ Bella ၊ ယမင်းမေဦး၊ နန်းစန္ဒာလှထွန်း၊ မြတ်သီရိမွန်
25-3-2017 - 28-3-2017 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်း၊ လက်မှတ်ရေးထိုးခြင်း
ပထမဦးဆုံးဝယ်ယူသူ(၁၅၀)ကို (1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်။
(ကံစမ်းရန်မလို)
MPU/Visa/Master/Debit Cards Silver/ Gold/ Platinum card အကျိုးခံစားခွင့်များ
ခင်ကာပူနိုင်ငံမှ Manderville Conservatory (Electric String Instruments)
Hit it Productions (DJ Console LED Barrels ) တို့၏ဖျော်ဖြေမှု
နိုင်ငံကျော်တေးသံရှင်များ – ဖြိုးပြည့်စုံ၊ စောလားထော်ဝါ၊ ထွန်းနောင်ဆင့်၊ M ဇော်ရိန်၊ ဖွဲ့ပြည့်၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ အိမ့်ချစ်၊ နင်ဇီမေ
















**တစ်ဦးတည်း ဖြစ်ပါ ကြောင်း**

ဦးထိန်နေ၏သမီး ပင်လုံတက္ကသိုလ်၊ ဒုတိယနှစ်(ပထဝီဝင်)မှ နန်းနွံဆိုင် ၁၃/လခတ(နိုင်)၀၃၉၁၄၀ နှင့် နန်းလောင်ခေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းနွံဆိုင်(ခ)နန်းလောင်ခေး**

**ပျောက်ဆုံး ကြောင်း**

ကျွန်မ အန်ကတာ ၁၃/ဖခန(နိုင်)၀၄၆၁၈၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/7732 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏ မိခင် ဒေါ်တင်ရွှေသည် ၁၉-၃-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ(အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ၊ ဝဏ္ဏကျော်ထင်)**
**ဒေါက်တာခင်ရွှေနှင့် ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်းမြင့် (ဖျာပုံ)
### အသက်(၈၈)နှစ်

ဦးစိုးနိုင်အောင်(အတိုင်ပင်ခံအင်ဂျင်နီယာ၊ ကမ္ဘောဇဘဏ်)-ဒေါ်သင်းသင်းခိုင်တို့၏မိခင် ဒေါ်အုန်းမြင့် အသက်(၈၈)နှစ်သည် ၁၈-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်**
**အလုပ်အမှုဆောင်အဖွဲ့**
**ဖျာပုံမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ရီ (ကျွန်းလှ)
### အသက်(၇၂)နှစ်

ဒေါ်ယုယုဝင်း လက်ထောက်ညွှန်ကြားရေးမှူး(ငွေစာရင်း)၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၏မိခင် ဒေါ်ညွန့်ရီ(ကျွန်းလှ)အသက်(၇၂)နှစ်သည် ၂၂-၃-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(ငွေစာရင်း)နှင့် ငွေစာရင်းဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန**

## ဦးနန်းဦးထွန်း
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ဖလမ်း၊ အမှတ် ၁၈၄နေ (ဦးစောစိန်ထွန်း)-ဒေါ်လှလှမြင့်တို့၏သား၊ ဦးအေးချို-ဒေါ်ခင်စောလှဦး၊ ဒုရဲမှူးလှထွန်းခိုင်-ဒေါ်ခင်မာဝင်း၊ ဦးဇော်ဝင်း-ဒေါ်ဥမ္မာထွန်း၊ ဦးယိပ်ဖခွန်အုံ-ဒေါ်စပါယ်ထွန်း၊ ဒေါ်သီဂီထွန်း၊ (ဦးလှထွန်းမောင်)တို့၏မောင်/ညီ၊ ဦးဇော်ဇော်ထွန်း၏အစ်ကို၊ တူ၊တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၃-၃-၂၀၁၇ရက် ညနေ ၄း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေသည် ၁၉-၃-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မဟာမုနိရုံသီအိမ်တော်ရာစေတီတော်ဂေါပကအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှသိန်း
### အသက်(၈၀)

Key Machinery Web Co.,Ltd မှ Manager/Engineer ဖြစ်သူ ဦးဝင်းမြင့်ဦး၏မိခင် ဒေါ်လှသိန်းသည် ၂၁-၃-၂၀၁၇ရက် ည ၈း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ကျော်-Managing Director နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွဲ့
### အသက်(၇၈)နှစ်

(ဗိုလ်မှူးရဲကျော်)၏မိခင်ဖြစ်သူ ဒေါ်ခင်နွဲ့ အသက်(၇၈)နှစ်သည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တဗ(၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရယ်ဂျီနာမြ
### အသက်(၇၀)

ဦးဇော်မျိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း)၏မိခင် လှိုင်ကော်မြို့နေ ဒေါ်ရယ်ဂျီနာမြ အသက်(၇၀)သည် ၂၃-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တဗ(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

## ဒေါ်ကျင်စိန်
### (ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ တံမြက်လှည်းအသင်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ ၂လမ်း၊ အမှတ် ၅၅၅နေ (ဦးအမိန်-ဒေါ်ကျင်)တို့၏သမီး၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ (ဦးတင်အောင်-ဒေါ်ကျင်မြိုင်)၊ ဦးဝါး-ဒေါ်စိန်၊ ဦးကျင်-ဒေါ်စန်း၊ ဦးကျော်လွင်-ဒေါ်စန်းစန်းအေးတို့၏အစ်မ၊ (ဦးခင်ညို)၏ချစ်လှစွာသောဇနီး၊ ဒေါ်ကျင်လှိုင်(အထက-၁၊ မရမ်းကုန်း)၊ ဦးဝင်းလှိုင်၊ ဦးအောင်ဇော်မျိုးထိုက်(High Power Engineering Co.,Ltd)-ဒေါ်ခင်လှဝေ[အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ၊ မြောင်းတကာ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန]၊ ဦးချစ်ဝင်း-ဒေါ်ရူပါသီ (ICGSE Chemistry)၊ ဦးချစ်သန်း-ဒေါ်ခင်သောင်း၊ ဦးချစ်မိုက်(RBS Glass Work)-ဒေါက်တာရီရီလွင် (ကထိက၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးချစ်ယုံ(KN Furniture & Decoration)-ဒေါ်အေးအေးမွန်၊ (ဒေါ်ကျင်ထွေး)တို့၏အဘွားသည် ၂၃-၃-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဦး
### ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
### အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
### အသက်(၆၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး အသက်(၆၂)နှစ်သည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့**

## ဦးအင်ဂျီဂမ်(ခ)ဆားကျိုးဖင့်
### မိုးကောင်းမြို့
### အသက်(၈၃)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ လ/၅၃ (အလယ်ရပ်)နှင့် ရန်ကုန်မြို့၊ ၃၅လမ်းအလယ်၊ အမှတ် ၁၄၆/၁၄၈နေ (ဒေါ်နန်းကော့)၏ခင်ပွန်း၊ ဦးနေမျိုး-ဒေါ်ခင်သန်းဦး၊ ဒေါ်နီနီအေး၊ ဦးစိုးနိုင်-ဒေါ်မြင့်မြင့်မူ၊ ဦးစိုးမင်း-ဒေါ်လှမိုင်တို့၏ဖခင်၊မယမင်းသီရိ၊မင်္ဂလာမြေ့အောင်၊ မောင်အောင်ကျော်မြတ်၊ မနူးနူးမိုင်၊ မခင်မြတ်သူ၊ AD ဆိုင်းအိန်တို့၏အဘိုးသည် ၂၀-၃-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း
### ဒါယကာကြီး
## ဦးသောင်းလွင် (ဟိုပင်)
### အင်/ယာ(ငြိမ်း)၊ ဆောက်လုပ်ရေး
### အသက်(၇၅)နှစ်

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ ဘုရားကြီးတန်းနေ(ဦးချစ်ထွေး-ဒေါ်ရွှေ)တို့၏သားသမက်၊ ဟိုပင်နန့်ရင်းနေ (ဦးဘိုးသိုင်း-ဒေါ်လှထူး)တို့၏သား၊ ဒေါ်လင်းသီတာလွင်(ကထိက၊ ဥပဒေပညာဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဒေါ်လင်းချိုမာလွင်(ရန်ကုန်)၊ ဒေါ်လင်းငယ်သစ်လွင်(ခေတ္တ-S'pore)၊ ကိုသဲထွေးလွင် (EL Shipping)တို့၏ဖခင်၊ ရန်ကုန်မြို့၊ စမ်းချောင်းလမ်း၊ အမှတ် ၆၉/၉နေ ဒေါ်တင်မြိုင်(ပညာရေး၊ငြိမ်း)၏ခင်ပွန်းသည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၇း၄၅တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဦး
### စာရင်းစစ်မှူး(ငြိမ်း)
### B.Sc (Maths)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊(ဓ) မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် S-447 နေ(ဦးကျော်စိန်-ဒေါ်ကြည်)တို့၏သား၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်ခင်ဝင်းတို့၏မောင်၊ ဦးသန်းဝင်း၊ ဒေါ်လှလှဦး၊ ဦးစိန်လင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ၃လမ်း၊ အခန်း B-5/6 နေ ဒေါ်အုန်းကြွယ်၏ခင်ပွန်း၊ ဦးစည်သူကိုကိုဦး၊ ဦးလွင်သူကိုကိုဦးတို့၏ဖခင်သည် ၂၃-၃-၂၀၁၇ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုနေဇင်လတ်
### (ရွှေဂုံတိုင်အုတ်လမ်း)
### အသက်(၄၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၂လမ်း၊ အမှတ် ၇၆၆၊ အခန်းအမှတ် (5A)နေ ဦးကျော်ထွန်း-ဒေါ်သင်းသင်းတို့၏ ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ် ၁၊ အခန်း ၅၁နေ (ဦးမြင့်သန်း) - ဒေါ်ခင်သန်းနွယ်တို့၏ သားသမက်၊ Singapore နေ Mr. Patrick Soh-မပပသူဇာခိုင်တို့၏မောင်၊ ကိုထွန်းဇော်လတ် - မမေမျိုးဇော်တို့၏ ညီ/မောင်၊ မအေးသက်မာ (ခေတ္တ-USA)၏ချစ်လှစွာသောခင်ပွန်း၊ကိုလွင်မောင်(တပ်မတော်-ရေ) - မစကားဝါကျော်ထွန်းတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးသည် ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏ မိခင် ဒေါ်တင်ရွှေသည် ၁၉-၃-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမိုင်းဝင် ကျိုက္ကစံစေတီတော်ဂေါပကအဖွဲ့**

## ဦးဟုတ်စိန် (မြိတ်)
### အသက်(၉၇)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ အမှတ်(၃၁)၊ B လမ်းနေ (ဦးစိန်ရ-ဒေါ်ကြည်)တို့၏သား၊ (ဦးပေယာ-ဒေါ်အင်ကြည်)တို့၏သားသမက်၊ (ဒေါ်ကျင်ရှု)၏ခင်ပွန်း၊ မထိုက်ထိုက်ယု၊ မခိုင်ဇင်ယု၊ မောင်ဗိုလ်ဗိုလ်ဟိန်း၊ စိုင်းညီညီညို-မချစ်ချစ်ခိုင်၊ မောင်စိုးသီဟနိုင်-မခင်သန္တာပိုင်၊ မောင်မျိုးသူဟိန်း-မဟေမာဇင်၊ မောင်ဉာဏ်လင်းအောင်၊ မောင်အာကာလင်း၊ မငြိမ်းကံ့ကော်တို့၏ဘိုးဘိုး၊ မဇပရယ်တန်ခူးမေ၊ မနိုဝင်ဘာရတု၊ မသံစဉ်သူတို့၏ဘိုးဘိုးကြီးသည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဟုတ်စိန် (မြိတ်)
### အသက်(၉၇)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ အမှတ်(၃၁)၊ B လမ်းနှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ၆၂(B)နေ(ဦးစိန်ရ-ဒေါ်ကြည်)တို့၏သား၊ (ဦးပေယာ-ဒေါ်အင်ကြည်)တို့၏သားသမက်၊(ဒေါ်ကျင်ရှု)၏ခင်ပွန်း၊(ဦးအောင်ကြိုင်-ဒေါ်စန်းရီ)၊ ရန်ကုန်မြို့နေ (ဦးထွန်းဦး)-ဒေါ်အင်ကြူတို့၏အစ်ကို၊ ဒေါ်အင်မူ၊ ဦးယုရှိန်-ဒေါ်အိအိသော်၊ ဦးရှိန်ဘီး-ဒေါ်သန်းသန်းစီ၊ ဦးအင်ဘီး-ဒေါ်တင်တင်လတ်၊ ဦးသန်းဌေး-ဒေါ်မြင့်ရီ၊ ဒေါ်ခင်စန်းယု၊ ဒေါ်သင်းထွေးဝေ၊ ဒေါ်အေးအေးသွယ်၊ ဦးကျော်ခိုင်၊ ဦးမျိုးမင်း-ဒေါ်လေးယုခိုင်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## အဖီးနော်ဖလောရင့်(ခ) Naw Florence
### (ပုသိမ်မြို့)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကျော်ဒွန်းဖဲ(၁)လမ်း၊ အမှတ် ၅နေ(စောဖိုးကျား-ဖီးနော်ရွှေ)တို့၏သမီး၊ (ဆရာစောလင်ကွန်း)၏ညီမ၊ (စောစံဖေ)၊(စောယိုရှူး)၊ နော်အေးမေ၏အစ်မ၊ စောရောဂျာ-နော်လုဒီး၊ နော်ဆာအယ်-Raw Dr စောမူးရာပေါလ်၊ (စောဖလေးထို)-နော်ဂရီးထာ၊ နော်ခဲလေ-စောဂျီသိန်းမောင်၊ စောဖရန်းလေ-နန့်မေဝါပိုးတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွား၊ (ဆရာစောတာမလာရင်)၏ချစ်လှစွာသောဇနီးသည် ၂၂-၃-၂၀၁၇ရက် ညနေ ၆း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၃-၂၀၁၇ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော် (သူဌေးကုန်း) ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### အထူးကျေးဇူးတင်ရှိခြင်း
## ပန်းချီဆရာကြီး ဦးရှိန်ထွန်း
### အသက်(၉၃)နှစ်

၁၁-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ပန်းချီဆရာကြီး ဦးရှိန်ထွန်း နာမကျန်းဖြစ်စဉ် အထူးကြပ်မတ်ကုသပေးပါသော ဗဟိုရဲစည်ဆေးရုံမှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ ဈာပနအခမ်းအနားကို လိုက်ပါပို့ဆောင်ပေးပါသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်ကြီးနှင့် အကြီးအကဲများ၊ ဆရာ၊ ဆရာမများ၊ တပည့်များ၊ ဆွေမျိုးများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ လူကိုယ်တိုင်လာရောက်၍ သတင်းမေး အားပေးစကားပြောကြားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် သတင်းမေးအားပေးစကားပြောကြားသူများ၊ ပြည်တွင်းပြည်ပမှ တပည့်များ၊ လွမ်းသူ့ပန်းခြင်းများပေးပို့သူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းငွေ (LL.B)
### ကျောင်းဆရာ(ငြိမ်း)၊ အလက(၃)ရန်ကင်း
### အသက်(၇၀)

လေးတောင်တိုက်နယ်၊ ဇရပ်ပြင်ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌဖြစ်သူ ဦးစန်းငွေသည် ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇရပ်ပြင်ကျောင်းသားဟောင်းများအသင်း(ရန်ကုန်)**

## ဒေါ်မို့မို့ (တောင်ငူ)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်းအထက်၊ အမှတ် ၁၆၈/၁၈၈၊ အခန်း ၆၃နေ ရဲမှူး(ငြိမ်း)ဦးမောင်မောင်သွင်၏ဇနီး၊ ဦးထက်မိုးသွင်၊ ဒေါ်အေးပွင့်အောင်၊ ဦးရဲမျိုးသွင်၊ ဦးဇော်မျိုးသွင်-ဒေါ်မေဇွန်အောင်တို့၏မိခင်၊ မောင်ဝီရမင်းခန့်၊ မောင်ကောင်းထက်အောင်တို့၏အဘွားသည် ၂၂-၃-၂၀၁၇ရက် နံနက် ၁၀း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့)၊ ညနေ ၅း၃၀ နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် (၅၉) နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အနိစ္စ

## ဒေါ်ဖြူဖြူဝင်း
### အသက်(၅၂)နှစ်

မန္တလေးမြို့နေ (ဦးကျော်ဌေး)-ဒေါ်နုနုတို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာ ၃လမ်း၊ အမှတ် ၈၅၇နေ ဦးထိပ်တင်မျိုး(EX:CE)၏ဇနီး၊ ဦးသန်းအေး-ဒေါ်မာလာတို့၏အစ်မ၊ မရွှေရည်သင်း၊ မအိမြတ်ပန်တို့၏အဒေါ်သည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၇ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပ

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေး

**နေပြည်တော် မတ် ၂၃**

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဝင်းအတွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား အမြင့်ဆုံးလိုအပ်ချက်မှာ ၃၁၀၀ မဂ္ဂါဝပ်ခန့် ရှိလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ထုတ်လုပ်နိုင်မှုမှာ ၂၈၅၆ မဂ္ဂါဝပ်ရှိသဖြင့် ၂၄၄ မဂ္ဂါဝပ် ဓာတ်အားလိုအပ်ချက် ဖြစ်ပေါ်နေပါကြောင်း၊ စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဆန်စက်များစွာ တည်ရှိရာဒေသများ၌ တည်ဆောက်နိုင်ပါက ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အလားတူစီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အကူအညီများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို စွန့်ပစ်ပစ္စည်းစပါးခွံမှ ထုတ်ယူသုံးစွဲခြင်းဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းမှ ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်

စာမျက်နှာ ၄ ကော်လံ ၁ ❄



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို လှည့်လည်ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

# ယခုနှစ်ရန်ကုန်သင်္ကြန်တွင် ပုဂ္ဂလိကပိုင်ရေိယာများ၌ စီးပွားဖြစ် ရေကစားမဏ္ဍပ်များ ခွင့်ပြုမည်



**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မတ် ၂၃**

ယခုနှစ် ၂၀၁၇ခုနှစ် ရိုးရာသင်္ကြန်ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ပုဂ္ဂလိကပိုင်ဧရိယာများ၌ စီးပွားဖြစ် ရေကစားမဏ္ဍပ်များကို ခွင့်ပြုသွားမည်ဖြစ်ပြီး ပြည်သူပိုင်ဧရိယာများတွင်မူ ရန်ကုန်မြို့ ပြည်လမ်းရှိ ယခင်ခွင့်ပြုနေရာများ၌သာ ဆောက်လုပ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက ပြောကြားသည်။

"ဒီနှစ်သင်္ကြန်မှာ ပုဂ္ဂလိကဧရိယာ သီးသန့်ကျင်းပမယ့် မဏ္ဍပ်တွေအတွက် စီးပွားဖြစ်မဏ္ဍပ်တွေကို တိုင်းဒေသကြီး

စာမျက်နှာ ၄ ကော်လံ ၁ ◆

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် မွန်ပြည်နယ် အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၅ ရက် သတင်းစာတွင် ပါရှိမည်**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၅ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(မြန်မာ့အလင်း)

## မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှု ဖော်ထုတ်တားဆီးနိုင်ခဲ့

စာမျက်နှာ - ၇



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မတ် ၂၄၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

## ရေရှည်တည်တံ့သည့် စိုက်ပျိုးစနစ်တစ်ခုဖြစ်ပေါ်လာစေရေး စီမံကိန်းများ၊ စီမံချက်များ ချမှတ်ရေးဆွဲဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဇူလိုင်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ - စိုက်ပျိုးရေး၊ ဆည်မြောင်း

**စီမံကိန်းများ၊ စီမံချက်များ ချမှတ်ရေးဆွဲပြီး တိုင်းပြည်အတွက် စားနပ်ရိက္ခာဖူလုံမှုနှင့် အနာဂတ်စိုက်ပျိုးရေးလောက တစ်ခေတ်ဆန်းလာစေရန်၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန်တို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-**

**မေး ။ ။ တစ်နှစ်တာကာလအတွင်းမှာ ဘယ်လိုမူဝါဒတွေ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ဝန်ကြီးဌာနဟာ အရင်အစိုးရလက်ထက်က ဝန်ကြီးဌာနသုံးခုကို ပေါင်းစပ်ထားတဲ့ ဝန်ကြီးဌာန တစ်ခုဖြစ်တယ်။ တစ်ဖက်က အားသာချက်အရကြည့်မယ်ဆိုရင် အင်အားကြီးတစ်ရပ် ဖြစ်သွားသလို ရှိတဲ့အင်အားကို တစ်စုတစ်စည်းတည်း ဟန်ချက်ညီညီနဲ့ ဆောင်ရွက်သွားနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

### ပြတ်ပြတ်ထင်ထင်

အစကနဲ့ ပထမဦးဆုံးတာဝန်ဖြစ်တဲ့ Knows the ways (မိမိသွားမယ့်လမ်းကို သိဖို့) ဆောင်ရွက်တဲ့ကိစ္စရပ်အဖြစ် ဝန်ကြီးဌာနရဲ့မူဝါဒအသစ် ပြန်လည်ရေးဆွဲခဲ့ပါတယ်။ မူဝါဒအသစ်မှာ ဝန်ကြီးဌာနရဲ့မျှော်မှန်းချက်၊ ဆောင်ရွက်မယ့်လုပ်ငန်းတာဝန်၊ ရောက်ရှိစေချင်တဲ့ပန်းတိုင်နဲ့ ထားရှိမယ့်ရည်မှန်းချက်တွေကို မူဝါဒ (၁၀) ရပ်နဲ့အတူ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့တစ်တွေရဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့်လမ်းကြောင်းကို ပြတ်ပြတ်ထင်ထင်မြင်နိုင်ဖို့ ဆောင်ရွက်ခဲ့တာပဲ ဖြစ်ပါတယ်။

**မေး။ ။ အခု ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်အခြေအနေကို သိပါရစေရှင့်။**

ဖြေ ။ ။ ၂၀၁၆ ခုနှစ် ဇွန်လ ၉ ရက်နေ့မှာ ဦးစီးဌာန၊ တက္ကသိုလ် ၁၄ ခုနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ တစ်နှစ်တာကာလအတွင်း ဦးစီးဌာနအသီးသီးရဲ့ ပင်မတာဝန်တွေအနက် ထင်ထင်ရှားရှားဆောင်ရွက်ခဲ့တဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုဆောင်ရွက်မှုတွေ၊ သုတေသနနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုပေးခဲ့မှုတွေကို တင်ပြပါမယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရေးဆွဲခြင်း၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးခြင်း ဆိုင်ရာကိစ္စရပ်နဲ့ ပတ်သက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ သတင်းစာတွေကတစ်ဆင့် ပြည်သူတွေကို အသိပေးဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်အတွင်းမှာ တောင်သူ ၅၃၉၄၁ ဦး၊ ဦးပိုင်ပေါင်း ၁၀၉၅၇၂ ခုအတွက် ဧရိယာ ၂၄၁၇၅၈ ဧကအတွက် ပုံစံ(၇)ကို ထပ်မံ ထုတ်ပေးနိုင်ခဲ့ပါတယ်။

### မြေကြီးမြေပုံမှန်ကန်ရေး

မြေကြီးမြေပုံမှန်ကန်ရေးအတွက် ပိုမိုတိကျတဲ့ ဒစ်ဂျစ်တယ်မြေပုံတွေကို ခေတ်မီမြေတိုင်းကိရိယာတွေ အသုံးပြုပြီး ဆောင်ရွက်ခဲ့တာမှာ ဒီနှစ်အတွင်း ၇၂၂၉ ကွင်းကို တိုင်းတာဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ ပုဒ်မ ၂၂ နဲ့ အညီ သတ်မှတ်ကာလ ဖော်ထုတ်လုပ်ကိုင်နိုင်ခြင်းမရှိတဲ့ မြေတွေကို နိုင်ငံတော်က ပြန်လည်စီမံခန့်ခွဲနိုင်ရေးအတွက် ၁၈-၁၁-၂၀၁၆ ရက်နေ့က ဗဟိုကော်မတီရဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) ဆုံးဖြတ်ချက်အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်မြေလပ်နဲ့ မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တွေက စိစစ်ပြီး ပြန်လည်တင်ပြဖို့ ညွှန်ကြားခဲ့ပါတယ်။ ဒီနေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခုရဲ့ ပြန်လည်တင်ပြချက်တွေအရ အသုံးပြုခြင်းမရှိတဲ့ ဧရိယာ ဧကပေါင်း ၈၄၁၇၁၁ ဧကရှိတာ တွေ့ရှိရပါတယ်။

**မေး ။ ။ ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်ပြီးစီးခဲ့တဲ့ လုပ်ငန်းစဉ်တွေ၊ ထပ်မံတိုးချဲ့ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကိုလည်း သိချင်ပါတယ်ရှင့်။**

### ပင်မရေပို့လွှဲ

ဖြေ ။ ။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေသောက်လုပ်ငန်း ၄၁၉၆ ခု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနဲ့ တုံ့ပြန်ရင်ဆိုင်နိုင်ဖို့လုပ်ငန်း ၁၁၂၆ ခု စီမံဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထင်ရှားတဲ့လုပ်ငန်းတွေအနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မုန်းချောင်း၊ မန်းချောင်းနဲ့

အချပ်ပို (ခ) သို့











ကြီးအုံကြီးဝရေလှောင်တမံ ရေပိုလွှဲပြုပြင်ပြီးပုံ

**အချပ်ပို(က)မှ**

ကြီးအုံကြီးဝ ရေလှောင်တမံတွေမှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရတဲ့ ပင်မရေပိုလွှဲတွေကို ပြန်လည်ပြုပြင်ပေးနိုင်ခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ မြောက်နဝင်းဆည်၊ တောင်နဝင်းဆည်၊ ဝဲကြီးဆည်နဲ့ တောင်ညိုဆည်ရေသောက်စနစ်တွေကို ဂျပန်နိုင်ငံ ODAချေးငွေနဲ့ ဆောင်ရွက်ပေးခဲ့ပြီး အခု ဆည်ရေသောက်ဧရိယာ ဧက ၉၇၁၆၀ ကို စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်(၂)နဲ့ မြစ်ပေါက်မြစ်ရေတင်စီမံကိန်းတွေနဲ့ တပ်ရွာမြစ်ရေတင်စီမံကိန်းလုပ်ငန်းတွေကိုလည်း ဒီဇယ်ဆီကနေ လျှပ်စစ်မြစ်ရေတင်အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးက ထီးတော်မိုးမြစ်ရေတင်၊ မကွေးတိုင်းဒေသကြီးက နုန်းပို့နဲ့ ဆိပ်ဖြူအောက်ဆိပ် မြစ်ရေတင်၊ မွန်ပြည်နယ်က ဓမ္မသမြစ်ရေတင် စီမံကိန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုမှာ စိုက်ပျိုးရေအတွက် စက်ရေတွင်း ၁၀၆၉ တွင်း နဲ့ သောက်သုံးရေစက်ရေတွင်း ၁၃၉ တွင်းကိုလည်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**အစက်ချရေပေးစနစ်**

ထူးထူးခြားခြားအနေနဲ့ ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာမှာ ၈ လက်မစက်ရေတွင်းကနေပြီး အစက်ချရေပေးစနစ် (Drip Irrigation System) အသုံးပြုပြီး စိုက်ပျိုးရေပေးဝေခြင်းကို ရှေ့ပြေးစံပြအနေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ဆိုင်ကလုန်း ကိုမန်ကြောင့် ရေဘေးကြုံတွေ့ခဲ့တဲ့ ကလေးမြို့နယ် ရာဇဂြိုဟ်ဆည်က ရေပေးဝေဖို့နဲ့ လျှပ်စစ်ဓာတ်အားထုတ်တဲ့ ရေထွက်ပေါက်နုန်းအနယ်တွေ ကျရောက်ပြီး ပိတ်ဆို့ခဲ့မှုကို ၂၄ နာရီ မရပ်မနားဆောင်ရွက်ခဲ့တဲ့အတွက် ဒီနေ့ဆိုရင် ပြန်ပွင့်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မကြာခင်အချိန်အတွင်းမှာပဲ ပုံမှန်လည်ပတ်နိုင်တော့မှာ ဖြစ်ပါတယ်။

မြန်မာ့စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို ရေးဆွဲအကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ သီးနှံအမျိုးအစား ၃၀ အတွက် GAP စနစ်တွေကို ဆောင်ရွက်ပေးခဲ့ပြီး တောင်သူလယ်သမားတွေအတွက် ပညာပေးပြန့်ပွားစေဖို့ လေ့ကျင့်ပေးခြင်းနဲ့ တောင်သူတွေ လာရောက်လေ့လာနိုင်ဖို့အတွက် ပညာပေးအစီအစဉ်အဖြစ် စံပြစိုက်ခင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သရက်သီးအတွက် GAP Certificate ထုတ်ပေးနိုင်ခဲ့ပြီး အခြားသီးနှံ ၁၄ မျိုး အတွက်လည်း ထုတ်ပေးနိုင်ဖို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**စိုက်ပျိုးရေးသိပ္ပံ(လုံပီး)**

နောက်တစ်ခုက မျိုးစေ့ထုတ်လုပ်သူများအသင်း ဖွဲ့စည်းခြင်းပဲ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့နယ် ၂၀၆ မြို့နယ်က တောင်သူ ၃၁၈ ဦးတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ မျိုးစေ့ထုတ်ဧကပေါင်း ၁၀၅၆၁ ဧက ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီနှစ်အတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ စိုက်ပျိုးရေးသိပ္ပံ(လုံပီး)ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၇၆ ဦးကို လက်ခံသင်ကြားလျက်ရှိပါတယ်။

စိုက်ပျိုးရေးပညာရပ်တွေ ပြည်သူတွေကြားမှာ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့၊ အသိပညာပေးဖို့နဲ့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ပိုမိုထိရောက်စေဖို့အတွက် Call Center ကိုလည်း ၁-၃-၂၀၁၇ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီ Center ကနေပြီး အမေးအဖြေကဏ္ဍသာမက အသိပညာပေးတဲ့ လုပ်ငန်းကိုလည်း ပူးတွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ကုန်စည်ဒိုင်သို့ရောက်လာသော သားငါးများကို စားသုံးသူများထံ ဖြန့်ဖြူးရန် ချိန်တွယ်နေစဉ်

**ကျေးရွာသစ် လှုပ်ရှားမှု**

မြန်မာဆယ်မားအူလ်ဒုန် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ

**အချပ်ပို(ဂ)သို့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



**အချပ်ပို(ခ)မှ**

အတိုင်း KOICA ရဲ့အထောက်အပံ့ရရှိငွေ အမေရိကန်ဒေါ်လာ ၂၂ သန်းနဲ့ ငါးနှစ်တာကာလ လုပ်ငန်းစဉ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုမှာရှိတဲ့ ကျေးရွာ ၁၀၀ မှာ ရှေ့ပြေးစံပြကျေးရွာတွေ အဖြစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး ။ ။ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ လတ်တလော ဆောင်ရွက်မှုတွေနဲ့ ဆောင်ရွက်ပြီးစီးခဲ့တဲ့ လုပ်ငန်းစဉ်တွေကိုလည်း သိလိုပါတယ်။**

ဖြေ ။ ။ အထူးစီမံဆောင်ရွက်ခဲ့တာကတော့ စက်မှုလယ်ယာ စနစ်ကူးပြောင်းရေး အစီအစဉ်ပဲ ဖြစ်ပါတယ်။ ဘဏ်ချေးငွေစနစ်ကို အသုံးပြုပြီး အရင်းအနှီးအများအပြား စိုက်ထုတ်ဖို့မလိုဘဲ စက်တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းကို ပေးသွင်းရုံနဲ့ ခေတ်မီလယ်ယာသုံး စက်ကိရိယာတွေကို တောင်သူစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခဲ့ပြီး ကျန် ၉၀ ရာခိုင်နှုန်းကိုတော့ ခြောက်လတစ်ကြိမ် စက်တန်ဖိုးရဲ့ ၁၅ ရာခိုင်နှုန်းကို ပေးဆပ်ခြင်းနဲ့ သုံးနှစ်တာကာလအတွင်း ခုနစ်ရစ်ခွဲပြီး အကျေပေးချေတဲ့စနစ်ပဲ ဖြစ်ပါတယ်။

**ဆန်းသစ်တီထွင်**

စိုက်ပျိုးနည်းစနစ်ကို အထောက်အကူပြုနိုင်ဖို့အတွက် ကြားပေါင်းလိုက် စက်တွေကိုလည်း မြန်မာ့လယ်ယာမြေသဘာဝနဲ့ ကိုက်ညီအောင် ထုတ်လုပ်တပ်ဆင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် SRI စနစ်နဲ့ ကိုက်ညီတဲ့ ကောက်စိုက်စက်၊ အာလူးဖော်စက်နဲ့ ကန်သင်းဖော်ကိရိယာတို့ကိုလည်း ဆန်းသစ်တီထွင်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ စက်မှုလယ်ယာဌာနအနေနဲ့ ကြိုးစားဆောင်ရွက်ခဲ့တဲ့ Innovation တွေပဲဖြစ်ပါတယ်။



လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်လာသည့် ထွန်စက်များအား တွေ့ရစဉ်



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာတွင် စက်ရေတွင်းနက် တူးဖော်စဉ်

**မေး ။ ။ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျန်ဦးစီးဌာနခွဲတွေရဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေနဲ့ ဆက်လက်လုပ်ဆောင်မယ့် လုပ်ငန်းစဉ်တွေကို အကျဉ်းပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဝက်နားရွက်ပြာရောဂါ၊ ခွာနာလျှာနာရောဂါ၊ ခွေးရူးရောဂါ၊ ကြက်ငှက် တုပ်ကွေးရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေနဲ့ သုတေသနလုပ်ငန်း ၁၅ ခုကို ဆောင်ရွက်လျက်ရှိပါတယ်။ ဖွံ့ဖြိုးမှုလုပ်ငန်းအနေနဲ့ကတော့ နိုက်ဒရိုဂျင်အရည်ထုတ်စက်ရုံ တည်ဆောက်ခြင်း၊ မျိုးရည်ခဲချောင်း ထုတ်လုပ်ရေးဓာတ်ခွဲခန်းနဲ့ မျိုးမြှင့်သားစပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ Good Animal Husbandry Practices-GAHP (ကောင်းမွန်တဲ့ မွေးမြူနည်းကျင့်စဉ်) ကိုတော့ အပြည်ပြည်ဆိုင်ရာနဲ့ အာဆီယံနိုင်ငံတွေရဲ့ ကျင့်စဉ်အပေါ်မှာ မူတည်ပြီးရေးဆွဲနိုင်ခဲ့ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ကတော့ ဒီနှစ်အတွင်းမှာ ငါးသားပေါက်ထုတ်လုပ်နိုင်မှု ကောင်ရေ သန်း ၅၇၀ အထိ ထုတ်လုပ်နိုင်ခဲ့တဲ့အတွက် ယမန်နှစ်ကထက် သန်း ၄၀ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါတယ်။

**နမူနာကောက်ယူ**

ပြည်ပတင်ပို့တဲ့ ရေထွက်ပစ္စည်းတွေနဲ့ ပြည်ပမှ တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေအတွက် စားသုံးသူတွေ ဘေးအန္တရာယ်ကင်းစင်ဖို့အတွက် ဓာတ်ခွဲခန်းတွေအနေနဲ့ နမူနာကောက်ယူစစ်ဆေးခြင်းနဲ့ပတ်သက်ပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO / IEC 17025:2005 ကို တတိယအကြိမ်မြောက် ရယူနိုင်ခဲ့ပါတယ်။ နိုင်ငံ ၁၃ နိုင်ငံ တင်ပို့တဲ့ ပင်လယ်ရေထွက်ပစ္စည်းတွေအတွက် Catch Certificate ၆၁၇ ခု၊ Health Certificate ၃၈၂၁ စောင်ကိုလည်း ထုတ်ပေးနိုင်ခဲ့ပါတယ်။

ရေချို၊ ရေငန်သယံဇာတ ထိန်းသိမ်းမှုကိုတော့ SEA-FDEC, FFI နဲ့ FAO တို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရောဝတီလင်းပိုင်မှတ်တမ်းတင်ခြင်းနဲ့ သမီးလုကျွန်းအတွက် ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်းဆိုင်ရာ အသိအမှတ်ပြု Site Network Certificate ကို ရယူနိုင်ခဲ့ပါတယ်။

တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်ခြင်းနဲ့ အခြားရေရရှိရေး လုပ်ငန်းပေါင်း ၂၁၂၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်မီးလင်းရေး လုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးမှုအခြေအနေကတော့ ဒီနှစ်အတွင်း ကျေးရွာပေါင်း ၂၇၀၇ ရွာရှိ အိမ်ခြေ ၁၄၁၄၆၅ လုံး အတွက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**အကျိုးပြု**

မြစ်မ်းရောင်ကျေးရွာစီမံကိန်းကိုတော့ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာ ၂၁၀၇ ရွာထိ တိုးချဲ့ဆောင်ရွက်ခဲ့ပြီး လက်ရှိကျေးရွာ ၈၇၅၆ ရွာကို အကျိုးပြုလျက်ရှိပါတယ်။ ထောက်ပံ့ခွင့်ပြုငွေကျပ် သန်း ၂၁၅၃၄၀၊ အတိုးရရှိငွေကျပ် ၃၃၉၁၉ သန်းကျော်နဲ့ အကျိုးပြုလူဦးရေ ၅၈၂၁၀၉၉ ဦး ဖြစ်ပါတယ်။

**အချပ်ပို(ဃ)သို့**

အခုဘဏ္ဍာရေးနှစ်အတွင်း ထွန်ယက်ရေးလုပ်ငန်း ဧက ၈၈၅၀၀၀ ၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဧက ၄၂၀၀၀ ၊ ကောက်စိုက်စက် အသုံးပြုလုပ်ငန်းဧက ၇၀၀၀ ကို စက်အငှားစနစ်နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တောင်သူတွေအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုလုပ်ငန်း ၃၉ ခု ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ မျိုးသစ်ထုတ်လုပ်နိုင်မှုအခြေအနေနဲ့ လက်ရှိထပ်ပြီး စမ်းသပ်နေတဲ့မျိုးသစ်တွေ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ သုတေသနရလဒ်အဖြစ် စပါးသီးနှံသစ်တစ်မျိုး (ရေမြုပ်ခံ ၃ နှင့် ရက် ၉၀)၊ ဂျုံသီးနှံသစ်တစ်မျိုး (ရေဆင်းဂျုံ-၁၁) နဲ့ မတ်ပဲသီးနှံသစ်တစ်မျိုး (ရေဆင်း မတ်ပဲ-၇) တို့ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ အသစ်ထုတ်လုပ်ထားတဲ့ မျိုးသစ်တွေကိုလည်း မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီကို တင်ပြထားပြီးလည်းဖြစ်ပါတယ်။ ရွှေဘိုပေါ်ဆန်း ဒေသန္တရမူပိုင်ခွင့် (Geographical Identication) ရရှိရေးအတွက် ဆွေးနွေးပွဲ သုံးကြိမ် ကျင်းပနိုင်ခဲ့ပြီး မူပိုင်ခွင့်ကာကွယ်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး သုတေသနလုပ်ငန်းတွေကို စပါး၊ ပြောင်းနဲ့ အခြားနှံစားသီးနှံ၊ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံတို့အတွက်လည်း စီမံကိန်း ၁၉ ခုမှာ လုပ်ဆောင်လျက်ရှိပါတယ်။



အရာတော် (၂) မြစ်ရေတင်စီမံကိန်းမှ ရေပေးနေစဉ်



အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်

**အချပ်ပို(ဂ)မှ**

စက်မှုလယ်ယာကူးပြောင်းရေးနဲ့ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းကို လယ်ယာမြေကေ စုစုပေါင်း ၅၃၄၅ ကေကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဝန်ဆောင်မှု သမဝါယမ အသင်း ၂၀၊ ဝန်ဆောင်မှုလုပ်ငန်းခွဲ ၂၉ ခုကနေပြီး ရိတ်သိမ်းခြွေလှေ့စက် ၂၁ စီး၊ ထွန်စက်ကြီး ၁၀၇ စီးတို့နဲ့ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် ToT သင်တန်းတွေကို GHP(Good Hygiene Practice), GMP ( Good Manufacturing Practice) နည်းစဉ်တွေအတိုင်း သင်ကြားပေးခဲ့ပါတယ်။ အခုတိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှာ သင်တန်းတွေ ပို့ချဆောင်ရွက်လျက်ရှိပြီး သင်တန်းသား ၂၁၃ ဦးခန့် တက်ရောက်လျက်ရှိပါတယ်။

အသေးစား စက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းလုပ်ငန်းအနေနဲ့ ၁၈၁၆ ခု ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ခာတ်ခွဲစမ်းသပ်ပေးခြင်းလုပ်ငန်း ၁၅၈၆ ကြိမ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

လယ်တစ်ဧကကို အရင် ငွေကျပ် တစ်သိန်းကနေပြီး အခုနှစ်မှာ ငွေကျပ် တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ ဘဏ်လုပ်ငန်းတွေ ပိုမိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ကို ဧပြီလ ၁ ရက်နေ့ကစပြီး ပြောင်းရွှေ့ဖို့ ဆောင်ရွက်ခဲ့ပြီး လက်ရှိအခြေအနေမှာတော့ ယာတစ်ဧကအတွက်ပါ ပိုမိုတိုးမြှင့်ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

**အတည်ပြုရန်သာကျန်**

**မေး။ ။ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောပြပေးပါ။**

ဖြေ ။ ။ လက်ရှိအခြေအနေမှာ မူဝါဒရေးဆွဲခဲ့ပြီး အဲဒီမူဝါဒနဲ့ အညီ ဦးစားပေး ဆောင်ရွက်မယ့်အစီအစဉ်တွေ၊ ကာလတို၊ ကာလလတ်၊ ကာလရှည်မဟာဗျူဟာတွေ ချမှတ်ဆောင်ရွက်နိုင်ဖို့အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(FAO)၊ အသက်မွေးဝမ်းကျောင်းနဲ့ စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့(LIFT) တို့ရဲ့နည်းပညာအကူအညီနဲ့ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို (၇) ကြိမ်မြောက် မူကြမ်းအထိပြုစုပြီး အတည်ပြုဖို့အဆင့်သာ ကျန်ပါတော့တယ်။

စားသောက်ကုန် တန်ဖိုးကွင်းဆက်လမ်းပြမြေပုံ “Food Value Chain Road Map(2016-2020)’’ကို ဂျပန်နိုင်ငံအစိုးရနဲ့ ပူးပေါင်းပြီး ရေးဆွဲနိုင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ Knows the ways အဆင့်တော့ ပြီးခဲ့ပြီဖြစ်ပါတယ်။ နောက်နှစ်တွေမှာ goes the ways နဲ့ shows the ways အဆင့်တွေကိုသွားရပါဦးမယ်။ မိမိသိတဲ့နည်းလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းဖို့နဲ့ အားလုံးပါဝင်ပြီး အတူတကွ ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စရပ်တွေ ဆောင်ရွက်ဖို့ ကျန်ပါတယ်။

ဒီနေရာမှာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေတွေ ပြင်ဆင်ရေးဆွဲနေပါတယ်။ လွှတ်တော်က ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ အကြံပြုချက်တွေအပါအဝင်ပါ။ ဒီဥပဒေကြမ်းကို အစိုးရအဖွဲ့ကနေတစ်ဆင့် လွှတ်တော်ကိုတင်ပြပြီး အတည်ပြုချက် ရယူရပါမယ်။ လက်ရှိဒီမိုကရေစီစနစ်အရ မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်တဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးတို့ဟာ အပြန်အလှန်ထိန်းကျောင်းပြီး မျှော်မှန်းထားတဲ့ ဒီမိုကရေစီနိုင်ငံသစ်ကို ရောက်ရှိအောင် လျှောက်လှမ်းရပါတော့မယ်။

လူအများကတော့ အပြောင်းအလဲကို မျှော်လင့်နေကြပါပြီ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဥပဒေနဲ့ပတ်သက်လို့ တင်ပြလိုပါတယ်။ ဥပဒေတစ်ခုကို ရေးဆွဲတဲ့အခါမှာ အချိန်ယူပြီး ထောင့်စေ့အောင်ရေးဆွဲရပါတယ်။ အများအကျိုးကို မျှော်ကိုးပြီး ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံကစဉ်းစားပြီး ရေးဆွဲရပါတယ်။ ရေးဆွဲပြီးပြီဆိုရင်လည်း တည်ဆဲဥပဒေတွေကို နိုင်ငံသူနိုင်ငံသားတွေဘက်က လိုက်နာဖို့ တာဝန်ရှိပါတယ်။

ဒီမိုကရေစီအစိုးရလက်ထက်မှာတော့ ခေတ်ကာလနဲ့ မကိုက်ညီတာတွေကို ပြင်ဆင်ဖို့ ဥပဒေပြုရေးအာဏာကို ကိုင်စွဲထားတဲ့ ပြည်သူကိုယ်စားပြု လွှတ်တော်ဆိုတာလည်း ရှိနေပြီဖြစ်ပါတယ်။ ပြည်သူတွေဘက်ကလည်း ဥပဒေတွေ ထွက်ရှိပြီးတဲ့ အချိန်ကာလမှာ ဥပဒေအတိုင်း အတိအကျ လိုက်နာဆောင်ရွက်ကြဖို့လိုပါတယ်။ ပြည်သူတွေကို အသိပညာပေးဖို့လည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပါမယ်။

သိရဲ့သားနဲ့ ကျူးလွန်တဲ့ အမှားမျိုးကို ဥပဒေအရ အရေးယူဆောင်ရွက်တာကို လက်သင့်ခံနိုင်ပေမယ့် မသိလို့ကျူးလွန်တဲ့ အမှားမျိုးမဖြစ်ရေးကိုတော့ ကျွန်တော်တို့ တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ မျှော်မှန်းတဲ့ ပန်းတိုင်ကို ရောက်ရှိဖို့ ကျွန်တော်တို့ဝန်ကြီးဌာနတစ်ခုလုံးသာမက သက်ဆိုင်သူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်လို့ ဖြည့်စွက်ပြောကြားလိုပါတယ်။

**စက်မှုလယ်ယာကူးပြောင်းရေးနဲ့ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းကို လယ်ယာမြေကေ စုစုပေါင်း ၅၃၄၅ ကေကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဝန်ဆောင်မှုသမဝါယမအသင်း ၂၀၊ ဝန်ဆောင်မှု လုပ်ငန်းခွဲ ၂၉ ခု ကနေပြီး ရိတ်သိမ်းခြွေလှေ့စက် ၂၁ စီးနဲ့ ထွန်စက်ကြီး ၁၀၇ စီးတို့နဲ့ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့**



ခေတ်မီစက်ကိရိယာကို အသုံးပြု၍ ရွှေဝါရောင်စပါးနှံများအား ရိတ်သိမ်းနေစဉ်

# ပဲခူးမြစ်ဝှမ်းဒေသနှင့်စစ်တောင်းမြစ်ဝှမ်းဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ

မောင်မောင်မြတ်သူ





ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဝင်းသိန်း



ပဲခူးတိုင်းဒေသကြီးအတွင်း တည်ဆောက်နေသည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် နိုင်ငံတော်စီမံကိန်းတစ်ခု ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွက်သာမက တစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည့် စီမံကိန်းကြီးဖြစ်သည်။

လက်ရှိလေယာဉ်ကွင်းပတ်လမ်းထိုးခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အပြီးသတ်စာချုပ်ချုပ်ဆိုခြင်းနှင့် လေဆိပ်အဆောက်အအုံများကို စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက “ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းတိုးပွားနိုင်ဖို့ ခရိုင်မြို့ကြီးဖြစ်တဲ့ ပဲခူးနဲ့ပြည်ခရိုင်တို့အတွင်းရှိ စက်မှုဇုန်တွေမှာ ပြည်တွင်းနဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ လည်ပတ်နိုင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းပြီး စနစ်တကျစီမံခန့်ခွဲလျက်ရှိပါတယ်။ အဲဒီလေဆိပ်ကြီးပြီးစီးသွားရင် ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီးတွင် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဘက်ညီမျှတစွာ တိုးတက်လာစေရေး၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်ရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

လူမှုစီးပွားရေး
နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး
အတွက် နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒ
များနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာကဏ္ဍ၊
သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ ဘက်ညီမျှတစွာ တိုးတက်လာစေရေး၊
လျှပ်စစ်ဓာတ်အားနှင့်လမ်းများ စသည့်အခြေခံစီးပွားရေး အဆောက်အအုံများ
လျင်မြန်စွာတိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်ရေးနှင့် စီးပွားရေးတိုးတက်မှု
ကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို
ပံ့ပိုးကူညီဆောင်ရွက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်
စေရေး၊သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရေးတို့
အတွက် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး
အစိုးရအဖွဲ့မှ သိရှိရသည်။

တိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်၊ UNDP၊ UKAID တို့နှင့် ပူးပေါင်းပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်ပေါင်းကူး နိုင်သည့်စနစ်များ ဘဏ္ဍာငွေသုံးစွဲနိုင်မှု စနစ်များကို နိုင်ငံတကာ စံချိန်မီ ဖြစ်စေရေး စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**ပိုလျှံငွေကျပ် ၃၃၁၃၉ သန်း**

လုပ်ကွက်ငယ်တောင်သူများအား နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးရေးစနစ် ဘဏ္ဍာငွေနှင့် စျေးကွက်ခိုင်မာရေး ကိစ္စများ ဆက်သွယ်ဆောင်ရွက်နေပြီ ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးအနေဖြင့် အသုံးစရိတ်များကို စနစ်တကျစိစစ်ဆောင်ရွက်နိုင်ခဲ့သောကြောင့် ပိုလျှံငွေကျပ် ၃၃၁၃၉ သန်းကို လုပ်ငန်း ၉၀ အတွက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့သည်။

“လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲဖို့အတွက် လူထုဗဟိုပြုလေ့လာရေးဌာနတွေ တစ်မြို့နယ် တစ်ခုစီနဲ့ စုစုပေါင်း ၂၈ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တောင်သူလယ်သမားတွေ မျိုးလိုအပ်ချက်ကို ဖြေရှင်းပေးနိုင်မယ့် မျိုးစေ့ထုတ် စိုက်ကွက်တွေကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကနေတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ စက်မှုလယ်ယာဦးစီးဌာနကနေ အဆင့်မြင့် လယ်ယာကေကွက် ဧက ၃၅၀ ကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေး ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အတွက် ထိရောက်မှု မရှိတဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ၃၈ ခုကိုလည်း ဖျက်သိမ်းနိုင်ခဲ့ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောသည်။

**လိုက်နာကျင့်သုံး**

အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသော ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား စွမ်းဆောင်ရည်မြှင့်သင်တန်းများကို မြို့နယ်အသီးသီးတွင် ပို့ချနိုင်ခဲ့သည်။ ဒီမိုကရေစီနှင့် ပတ်သက်သော အလေ့အကျင့်များနှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးခရီးစဉ်များတွင်လည်းကောင်း၊ ဌာနဆိုင်ရာ အစည်းအဝေးများတွင် လည်းကောင်း လိုက်နာကျင့်သုံးရင်း ဆွေးနွေးပြောကြားနိုင်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့က ဝေါမြို့နယ် သရဲသမိန်ကျေးရွာတွင် ဖြစ်ပေါ်ခဲ့သော ဘာသာရေးပဋိပက္ခအား တိုင်းဒေသကြီးအစိုးရအဖွဲ့က စနစ်တကျ ဖြေရှင်းပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အရည်ပျော် အခဲစိတ်ကြွရူးသွပ်ဆေး၊ ဘိန်းမည်းများ စသည့်မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံစုစုပေါင်း ၁၇၃ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ဥပဒေပြုရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၏ စည်ပင်သာယာရေးဥပဒေကို လွှတ်တော်ဥပဒေအမှတ် (၄) ဖြင့် ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး နည်းဥပဒေထုတ်ပြန်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေမူကြမ်းကို တိုင်းဒေသကြီးလွှတ်တော်တွင် စိစစ်ဆောင်ရွက်လျက်ရှိသည်။

**စံချိန်စံညွှန်းပြည့်မီ အိမ်ရာ**

ဝန်ထမ်းများအတွက် စံချိန်စံညွှန်းပြည့်မီသော အိမ်ရာများကို တည်ဆောက်ပေးနေသည်။ ပြည်သူလူထုအတွက်လည်း အိမ်ရာစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

“ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေ စနစ်တကျရှိစေဖို့အတွက် ပဲခူးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကြီးကြပ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ဖို့ နိုင်ငံတကာပညာရှင်တွေနဲ့ ညှိနှိုင်းရေးဆွဲလျက်ရှိပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ လမ်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အမာခံလမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း၊ ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း၊ ၁၂ ပေ အကျယ် ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နိုင်ခဲ့ပြီး၊ သံကူ ကွန်ကရစ်တံတား ၄၉ စင်း၊ ပိုက်ရေပြွန်တံတား ၅၄ စင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် တိုက်ခန်း ၂၄၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခင်နှစ် ရေကြီးမှုကြောင့် ကျိုးပေါက်ခဲ့သော တာတမံနှစ်ခုကို မိုးမကျမီ ငွေကျပ် ၅၄၅ သန်းကျော်အကုန်အကျခံကာ အချိန်မီ ပြုပြင်ပေးနိုင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားခဲ့သည့် လယ်ယာမြေများအတွက် ငွေကျပ်သန်း ၁၀၁၆ သန်းကျော်နှင့် အရန်မျိုး စပါး တင်း ၁၆၀၀၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲပေါင်း ၁၂၀၇ မှု မှ ခရိုင်/ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးအဖွဲ့များသို့ အမှုတွဲပေါင်း ၈၈၀ မှု ကို စိစစ်တင်ပြရာ စိစစ်ပြီးသော အမှုတွဲပေါင်း ၁၁၇ မှုတွင် ဆုံးဖြတ်ပြီး အမှုတွဲပေါင်း ၇၁ မှုနှင့် ဆုံးဖြတ်ရန်ကျန်သော အမှုတွဲပေါင်း ၄၆ မှု ရှိသည်။

**ကူးပြောင်းဆောင်ရွက်**

စိုက်ပျိုးရေးကဏ္ဍတွင် ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်ရန် Conventional Agriculture မှ **အချပ်ပို (စ) သို့**



ကဝမြို့နယ် ပိုင်ကျုံရေတံခါးအတွင်းရှိ နုန်းများ ဆယ်ယူပြီးစီးမှုကို တွေ့ရစဉ်

အချပ်ပို(င)မှ

Commercial Agriculture ဆီသို့ ကူးပြောင်းဆောင်ရွက်နိုင်ရန် နည်းဥပဒေပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တောင်သူများအတွက် တရားမဝင်ပိုးသတ်ဆေး၊ မြေဆီမြေသြဇာများ ဖမ်းဆီးတားမြစ်ခြင်း၊ တောင်သူများ အကျိုးအမြတ်ပေါ်လာရေးရည်မျှော်၍ ကိုယ်ပိုင်စိုက်ခင်းများအား မျိုးစေ့အဖြစ် သန့်စင်ပေးနိုင်ရေးအတွက် နည်းပညာအထောက်အကူပြုပစ္စည်းများဖြင့် တောင်သူများကို အသိပညာပေးလုပ်ငန်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် တိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ထရန်စဖော်မာများ၊ ကေဘယ်ကြိုးများနှင့် အခြားဆက်စပ်ပစ္စည်းများအား တင်ဒါခေါ် ဝယ်ယူလုပ်ဆောင်ခဲ့ရာ အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိခဲ့ပြီး ပိုလျှံငွေအား တိုင်းဒေသကြီးအတွင်းရှိ လိုအပ်ချက်ရှိသော ဒေသများအတွက် ဓာတ်အားလိုင်း အဆင့်မြှင့်တင်ခြင်း၊ အသစ်သွယ်တန်း တပ်ဆင်ခြင်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

**တင်ဒါပိုလျှံငွေကျပ် ၂ ဒသမ ၉ ဘီလီယံ**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က “လျှပ်စစ်ကဏ္ဍအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါပိုလျှံငွေကျပ် ၂ ဒသမ ၉ ဘီလီယံကို ဒေသအတွင်းမှာ လိုအပ်တဲ့ ဓာတ်အားလိုင်းအဆင့်မြှင့်တင်ဖို့၊ အသင့်သွယ်တန်းတပ်ဆင်ဖို့နဲ့ ကျေးရွာမီးလင်းနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ပြောသည်။

သယံဇာတ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ် တန် ၆၀၀၀ နီးပါး ဖမ်းဆီးရရှိခဲ့ရပြီး ၎င်းသစ်များကို ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော စာသင်ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ ဌာနဆိုင်ရာအဆောက်အအုံနှင့် ပြည်သူများ သုံးစွဲရန်အတွက် စနစ်တကျစီမံ ခန့်ခွဲပေးနိုင်ခဲ့သည်။

**ဆင်စခန်းများ**

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပဲခူးရိုးမအတွင်း ၁၀ နှစ်တာ သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားနိုင်ခဲ့ပြီး ပြည်သူများအပန်းဖြေလေ့လာနိုင်ရန် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အနီးတွင် ဝဂ်ဘောဆင်စခန်း၊ တောင်ငူမြို့အနီးရှိ ဖိုးကျားဆင်စခန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင် (၁၀၅)တွင် မှော်ရောကြီးဆင်စခန်းနှင့် မြိုင်ဟေဝန်ဆင်စခန်းများအား ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အချပ်ပို(ဆ)သို့



သနပ်ပင်မြို့နယ် လောင်မီးချောင်းဝကျေးရွာတွင် ရေဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်

**တိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်၊ UNDP၊ UKAIDတို့နှင့် ပူးပေါင်းပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်ပေါင်းကူးနိုင်သည့် စနစ်များ ဘဏ္ဍာငွေသုံးစွဲနိုင်မှုစနစ်များကို နိုင်ငံတကာစံချိန်မီဖြစ်စေရေး စတင်ဆောင်ရွက်နေပြီဖြစ်**



ရေတာရှည်မြို့နယ်တွင် နွားမေထုန်မဲ့သားစပ်သင်တန်း လက်တွေ့ပြသနေစဉ်




သင်တန်းသားများအား လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှု လက်တွေ့ပြသနေစဉ်



ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်

အချပ်ပို(စ)မှ

"နိုင်ငံတော်က သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ်ရပ်ဆိုင်းထားတဲ့အတွက် သစ်ထုတ်လုပ်ငန်းမှ ဆင်တွေကို ဆင်စခန်းလေးခုဖွင့်လှစ်ကာ ပြည်သူတွေအပန်းဖြေနိုင်ဖို့ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ တောဆင်ရိုင်းတွေ ဖမ်းဆီးသတ်ဖြတ်ခြင်းမှ ကာကွယ်ရေးအစီအစဉ်အရ ဆင်မှုဆိုးအဖွဲ့နှစ်ဖွဲ့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၂၈ မြို့နယ်မှ ကျေးရွာ ၂၈ ရွာကို မြေငှားဂရန် ၁၈၀၄ ခု ထုတ်ပေးနိုင်ခဲ့သည်။ လူအများသောက်သုံးနေသော ကန်တော်ကြီးရေကန်အား စနစ်တကျစီမံခန့်ခွဲနိုင်ရန် ကန်တော်ကြီးကန်နှင့် အနီးတစ်ဝိုက် ရေဝေရေလဲဒေသအား အစိုးရ၏ စီမံခန့်ခွဲမှုအောက် ရောက်ရှိစေရန် စီမံဆောင်ရွက်နိုင်ခဲ့သည်။

**သဘာဝအခြေခံခရီးသွား**

မိုးယွန်းကြီးသဘာဝထိန်းသိမ်းရေး ရေတိမ်ဒေသကို အခြေခံ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးမြစ်ဝှမ်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းနိုင်ရေးအတွက် ယာဉ်မောင်းသင်တန်းကျောင်း ငါးကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ခရိုင်မြို့နယ်များအတွင်းရှိ ပြည်သူလူထုနှင့် အခြေခံပညာ ကျောင်းသူ၊ ကျောင်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း အကြိမ်ပေါင်း ၄၃၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အစားအသောက်နှင့် ဆေးဝါးကြီးကြပ်စိစစ်ရေးဌာနမှ ပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်အလုပ်လုပ်နိုင်ရေးအတွက် အစားအစာ ဆေးဝါးများကို ခရိုင်၊ မြို့နယ်များအလိုက် ဈေးများ အခြေခံပညာကျောင်းများသို့ ၃၂ ကြိမ် ကွင်းဆင်းစစ်ဆေးခြင်း၊ အစားအသောက်များနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သိန်း ၃၀၀နှင့်အောက် လေလံလမ်း၊ တံတားဂိတ်ကိုးဂိတ်ကို လမ်းတံတားအသုံးပြုခကောက်ခံခွင့်ရုပ်သိမ်းခြင်းများကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။

အချပ်ပို(ဇ)သို့



အင်းမအင်းရေလွှဲဆည်ရေတံခါး ခြောက်ပေါက်ရေတံခါးထိပ် ရေစားကမ်းပြိုမှုအတွက် ကျောက်ကြီးနံရံကာထားမှုကို တွေ့ရစဉ်




စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာမြေများကို ထွန်ယက်နေစဉ်

**လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းများတွင် တိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ထရန်စဖော်မာများ၊ ကေဘယ်ကြိုးများနှင့် အခြားဆက်စပ်ပစ္စည်းများအား တင်ဒါခေါ်ဝယ်ယူလုပ်ဆောင်ခဲ့ရာ အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိခဲ့ပြီး ပိုလျှံငွေအား တိုင်းဒေသကြီးအတွင်းရှိ လိုအပ်ချက်ရှိသော ဒေသများအတွက် ဓာတ်အားလိုင်း အဆင့်မြှင့်တင်ခြင်း၊ အသစ် သွယ်တန်းတပ်ဆင်ခြင်းများတွင် အသုံးပြုသွားမည်ဖြစ်**



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးကျင်းပစဉ်



ဝေါမြို့နယ် ရှမ်းကိုင်းရေထိန်းတံခါးကို တွေ့ရစဉ်

အချပ်ပို(ဆ)မှ


“ပညာရေးကဏ္ဍအနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အတွင်းမှာ အထက်တန်းကျောင်း (ခွဲ) ၁၉ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) လေးကျောင်း၊ မူလတန်းလွန်ကျောင်း ၄၄ ကျောင်း၊ မူလတန်းကျောင်း ၃၀၊ မူလတန်းကျောင်းခွဲ ၃၅ ကျောင်း စုစုပေါင်း ၁၇၂ ကျောင်း အဆင့်တိုးမြှင့်ခွင့်ရခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုသရေး၊ ကျန်းမာရေးဌာနများအနေနဲ့ စံကိုက်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းများ၊ ဌာနများ၊ ဌာနခွဲများ ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

### ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေး

ငြိမ်းချမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ရာ ၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားအဖွဲ့အစည်းများအလိုက် တူညီသည့် ခံယူချက်၊ ယုံကြည်ချက်များဖြင့် လက်တွဲဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံသို့ တင်ပြနိုင်ရန် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က “ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံအကြို ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကနေ ၂၈ ရက်နေ့အထိ တောင်ငူမြို့ပညာရေးကောလိပ်မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်”ဟု ပြောသည်။

“ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်းမှာ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေးနဲ့ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးတာ၊ လူမှုစီးပွားဘဝဖြေလျှော့ပေးတာတွေကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲ၊ အားနည်းချက်တွေကို သင်ခန်းစာယူပြီး လာမယ့်နှစ်တွေမှာ ပြည်သူ့အတွက် ပိုမိုအကျိုးပြုနိုင်ဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



ဒေသခံပြည်သူများအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနေသော ဓာတ်အားခွဲရုံ

**တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူ့အတွက် ပထမတစ်နှစ်တာကာလအတွင်းမှာ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေးနဲ့ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးတာ၊ လူမှုစီးပွားဘဝဖြေလျှော့ပေးတာတွေကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲ၊ အားနည်းချက်တွေကို သင်ခန်းစာယူပြီး လာမယ့်နှစ်တွေမှာ ပြည်သူ့အတွက် ပိုမိုအကျိုးပြုနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်**